# မြဝတီ နေ့စဉ်

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှမြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၁၆)

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်၊ ကြာသပတေးနေ့


## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မိမိထက်အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲ အရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်း ဟူသော အကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

**ဓမ္မပဒ**

## ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံဘက်စုံ တိုးတက်ဖို့ ပြည်သူ့ကိုယ်စားလှယ် ရွေးကြစို့။**

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်းပွဲအခမ်းအနားကျင်းပ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် နိုဝင်ဘာ ၁၉**

ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ကျင်းပရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး အောင်နိုင်ရေးအလံကို အပ်နှင်းသည်။

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ **စာမျက်နှာ ၁၆ ကော်လံ ၁** ☆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ထံ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်နိုင်ရေးအလံအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အပ်နှင်းစဉ်။


အမှတ်(၃) သံမဏိစက်ရုံ (ရွာမ)

အထပ်မြင့် အဆောက်အဦများ တည်ဆောက်ဖို့ နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့် HRB-500 အမျိုးအစား Deformed Bar များကို စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း- ၀၉ ၆၉၃၃၄၈၃၀၀၊ ၀၉ ၉၆၉၈၀၂၂၄၇




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်)

# လမ်းမှန်သို့ရောက်လာသူများကို ကြိုဆိုပါသည်

လူ့ဘဝတွင်မှန်ကန်သောအတွေးအမြင်အလုပ်အကိုင်သည်လွန်စွာအရေးကြီးလှသည်။ မှန်ကန်သောအတွေးအမြင်အလုပ်အကိုင်ဆိုသည်မှာ မိမိလုပ်ဆောင်နေသည့်အလုပ်သည်မိမိကိုကောင်းကျိုးပြု၊ အခြားသူများကိုလည်း ကောင်းကျိုးပြုသည့်လုပ်ငန်းဖြစ်သည်။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးရောင်းဝယ်နေကြသူများ၊ အွန်လိုင်းမှတစ်ဆင့်လောင်းကစားမှုများ၊ လိမ်လည်မှုပြုနေသူများ၊ နယ်မြေဒေသအချို့တွင် မမှန်ကန်သော အကြောင်းအချက်ကိုကိုင်စွဲ၍ လက်နက်စွဲကိုင်အကြမ်းဖက်နေသူတို့သည်မှားယွင်းသောလုပ်ရပ်များကို လုပ်ဆောင်နေကြသူများဖြစ်သည်။ ၎င်းတို့၏ဆွဲဆောင်စည်းရုံးသိမ်းသွင်းမှုတွင် လိုက်ပါလုပ်ဆောင်နေကြသည့်လူငယ်များမှာ အတွေးအခေါ်လွဲမှားခြင်း၊ လုပ်ရပ်မှားယွင်းခြင်းပြုနေသူများကဲ့သို့ လမ်းမှားရောက်သွားကြသူများဖြစ်၍ ယခုအခါမိမိအမှားကိုသိမြင်ကာ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြပြီဖြစ်သည်။

နိုင်ငံတော်အစိုးရသည် PDF အပါအဝင်အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့်အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်နှင့်တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် AA အဖွဲ့ဝင်အမျိုးသားကိုးဦးနှင့် PDF အမည်ခံအဖွဲ့ဝင်အမျိုးသားခြောက်ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ နိုဝင်ဘာလ ၁၇ ရက်တွင် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည်။

ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသူများသည် ၎င်းတို့၏မိသားစုဝင်များ၊ ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်းဖြစ်ပြီး အကြမ်းဖက်အဖွဲ့များ၏အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့်နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အဦများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့်အကြမ်းဖက်လုပ်ရပ်များကိုလက်မခံနိုင်တော့၍ ဥပဒေဘောင်အတွင်းဝင်ရောက်လာခြင်းဖြစ်သည်။ ထို့ပြင် ၎င်းအဖွဲ့များအတွင်းမှာပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကိုခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းဝင်လာခြင်းဖြစ်သည်။

နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုခြင်း၊ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းများကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်လာကြခြင်းဖြစ်သည်။ ၎င်းတို့နှင့်အတူ မောင်းပြန်ရိုင်ဖယ် ၂ လက်၊ လက်ပစ်ဗုံး ၁ လုံးတို့ပါရှိလာသည်။ လက်နက် ၂ လက်အတွက် ဆုကြေးငွေကျပ်သိန်း ၁၀၀၊ လက်ပစ်ဗုံး ၁ လုံးအတွက် ဆုကြေးငွေကျပ် ၃ သိန်းနှင့် အလင်းဝင်ရောက်လာသူ ၁၅ ဦးအား တစ်ဦးလျှင် ဆုကြေးငွေကျပ် ၃ သိန်းစီပေးအပ်ခဲ့သည်။ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပေးခဲ့သည်။ အလင်းဝင်ရောက်လာသူများ၏မိသားစုဝင်များကိုယ်စား ဖခင်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွင်နေထိုင်ကြသည့်လူငယ်များ၏ဘဝမှာအဖြစ်ဆိုးလှသည်။ အိမ်နှင့်အဆက်အသွယ်မရှိ အနေအစားဆင်းရဲစွာရှင်သန်ကြရသည်။ PDF လူငယ်များကို ရှေ့တန်းကျကျတိုက်ပွဲဝင်ခိုင်းသည်။ ခိုင်းသည့်အတိုင်းမလုပ်လျှင်ညှဉ်းပန်းနှိပ်စက်ဖမ်းချုပ်ထားသည်။ ဒဏ်ရာရသည့်အခါ ဆေးကုသပေးခြင်းမရှိပေ။ ထို့ကြောင့် AA အဖွဲ့ဝင်ကိုးဦးနှင့် PDF အဖွဲ့ဝင်ခြောက်ဦးတို့ အကြမ်းဖက်အဖွဲ့မှထွက်ပြေးကာ အလင်းဝင်လာကြခြင်းဖြစ်သည်။

တပ်မတော်နှင့်ဆက်သွယ်မိကြသည့်အခါ ၎င်းတို့အားအထူးပင်ကောင်းမွန်စွာပြုမူဆက်ဆံစောင့်ရှောက်ထားကြသည်။ သူတို့အနေဖြင့် ဥပဒေဘောင်အတွင်းရောက်လာသည့်အခါ နွေးထွေးစွာကြိုဆိုကြပြီး အစစအရာရာအဆင်ပြေအောင်ဆောင်ရွက်ပေးကြသည်ဟူသော ရင်တွင်းစကားသံကိုလည်း ဥပဒေဘောင်အတွင်းဝင်ရောက်လာသူတစ်ဦးက ဝမ်းသာအားရပြောပြသည်ကိုကြားသိရသည်။ တပ်မတော်နှင့်ပတ်သက်၍ သူတို့၏အထင်နှင့်အမြင်မှာလွဲနေသည်ကိုသိရှိသွားကြသည်။ ၎င်းတို့နေရပ်ဒေသများကိုပြန်ပို့ပေးမည့်အပြင် မိဘများလည်းတွေ့ရသည်။ နှစ်နှင့်ချီပြီးမမြင်ရ၊ မတွေ့ရခဲ့ သည်မှာ တပ်မတော်ကြောင့် အဆက်အသွယ်ပြန်လည်ရရှိပြီဖြစ်သည်။ ထို့ကြောင့် **“တပ်မတော်ကြီးကိုလည်းကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အမှားကို ကျွန်တော်တို့သိပြီးအလင်းဝင်ချိန်မှာ မိဘတွေနဲ့တွေ့ရတာကို ဝမ်းသာပါတယ်။ ဒီလိုဆက်သွယ်ပေးတဲ့ တပ်မတော်ကိုရော၊ တာဝန်ရှိသူအားလုံးကိုရော ကျွန်တော်တို့က အထူးပဲကျေးဇူးတင်ကြောင်းပြောလိုပါတယ်”**ဟုဝမ်းသာအားရပြောပြကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်/မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်မတော်စခန်းများနှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများပေးအပ်သွားမည်ဖြစ်ကြောင်း လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများပေးအပ်သွားမည်ဖြစ်ကြောင်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

၃၈

ရက်

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

# သာသနာလင်္ကာရအကျော်စာမေးပွဲကြီးနှင့် စာအောင်ဆုနှင်းသဘင်ပွဲကျင်းပမည်

ပဲခူး နိုဝင်ဘာ ၁၉

ပဲခူးမြို့ပရိယတ္တိသဒ္ဓမ္မရက္ခိတ(ပဲခူးသာမဏေကျော်အသင်းကြီး)မှကြီးမှူးပြီး (၃၉)ကြိမ်မြောက် “သာသနာလင်္ကာရအကျော်စာမေးပွဲကြီး”နှင့် “စာအောင်ဆုနှင်းသဘင်ပွဲ”ကို ပဲခူးမြို့၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(၃၉)ကြိမ်မြောက် “သာသနာလင်္ကာရ အကျော်စာမေးပွဲကြီး”ကို ဒီဇင်ဘာလ ၄ ရက်မှ ၆ ရက်အထိ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီးနှင့် ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ ရွှေကျောင်းတော် ကျောက်ပန်းတောင်းဓမ္မာရုံနှင့် သာသနဓမ္မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်တို့၌ ကျင်းပမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ရှင်သာမဏေများနှင့် သီလရှင်ဆရာလေးများ စုစုပေါင်း ၂၈၅၇ ပါးတို့က ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့်တို့၌ စာမျက်နှာနှစ်ထောင်ငါးရာကျော်ရှိ ဝိနယပိဋကခုဒ္ဒကနိကာယဝိနည်းငါးကျမ်း (ပိဋကတစ်ပုံ)၊ စာမျက်နှာတစ်ထောင့်ခုနစ်ရာကျော်ရှိ သုတ္တန္တပိဋကအင်္ဂုတ္တရနိကာယ အင်္ဂုတ္တိုရ်ဆယ့်တစ်ကျမ်း (နိကာယ်တစ်ရပ်)၊ စာမျက်နှာတစ်ထောင်ကျော်ရှိသုတ္တန္တပိဋက ခုဒ္ဒကနိကာယဓမ္မပဒပါဠိ၊ အဋ္ဌကထာ၊ သဒ္ဒါရုစ်စောင်၊ သင်္ဂဟာကိုးပိုင်း ပါဠိအနက်သဘောအဓိပ္ပာယ်များကို ဝင်ရောက်ဖြေဆိုကြမည်ဖြစ်သည်။

စာမေးပွဲဖြေဆိုကြရာတွင် ဗုဒ္ဓအသံဓမ္မဗိမာန်အပေါ်ထပ်နှင့်အောက်ထပ်တို့၌ ပထမအဆင့်သာမဏေများဖြေဆိုကြရမည်ဖြစ်ပြီး ဒုတိယအဆင့်နှင့်တတိယအဆင့်စာဖြေကြမည့်သံဃာများသည် သာသနမဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက်၌လည်းကောင်း၊ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်ဖြေဆိုကြမည့် သီလရှင်များသည် ရွှေကျောင်းတော်ကျောက်ပန်းတောင်းဓမ္မာရုံ၌လည်းကောင်း နေရာအသီးသီးခွဲ၍ ဖြေဆိုကြရမည်ဖြစ်သည်။

ဖြေဆိုအောင်မြင်ကြသည့် သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင်များ၏စာအောင်ဆုနှင်းသဘင်ပွဲကိုဒီဇင်ဘာလ ၈ ရက်တွင်ကျင်းပမည်ဖြစ်ပြီး တတိယအဆင့်တွင် ထူးချွန်စွာဖြေဆိုအောင်မြင်တော်မူကြသည့် ထူးချွန်သာမဏေများအား မွေးထုတ်ပေးခဲ့သော မိခင်ဖခင်များအတွက် “ထူးချွန်သားသမီးတို့၏ မိခင်ဖခင်ဆု”အဖြစ် ပထမဆုရွှေတစ်ကျပ်သား၊ ဒုတိယဆုရွှေသုံးမတ်သား၊ တတိယဆုရွှေငါးမူးသား ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ (၄၀၁)

## MWD Education, Knowledge & Sports Channel

၂၀-၁၁-၂၀၂၅(ကြာသပတေးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၅ | Grade - 8 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၂။ | ၁၅:၃၀ - ၁၆:၀၀ | Grade - 8 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၃။ | ၁၆:၀၀ - ၁၇:၄၅ | Grade - 8 | သမိုင်း၊ သိပ္ပံ |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) တို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ်တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများ စိစစ်အတည်ပြုရွေးချယ်

နေပြည်တော် နိုဝင်ဘာ ၁၉

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာလ ၁၇ ရက်မှ ၁၉ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်တို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ်တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများ စိစစ်ရွေးချယ်ခြင်းသို့တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာလ ၁၇ ရက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်းအမှတ်စဉ် (၁၃) တွင် တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း၊ နိုဝင်ဘာလ ၁၈ ရက်မှ ၁၉ ရက်အထိပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာ ပထမနှစ်တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း စိစစ်အတည်ပြုရွေးချယ်သည်။



ဒုတိယဝန်ကြီးသည် ကျောင်းသား၊ ကျောင်းသူများ ရွေးချယ်ရေးဆောင်ရွက်သည့် နေ့ရက်များတွင် တက္ကသိုလ်နှင့် ဒီဂရီကောလိပ်တို့နှင့်သဘင်ခန်းမအသီးသီးတွင်ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ပထမနှစ်တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားကာ ကျောင်းသား၊ ကျောင်းသူများထားရှိမည့် အိပ်ဆောင်များ၊ စားရိပ်သာများ၊ စာသင်ဆောင်များနှင့် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေး၍ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ နေ့လယ်စာသုံးဆောင်သည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် သင်တန်းသားရွေးချယ်ရေးဗဟိုကော်မတီက စိစစ်ရွေးချယ်ပေးခဲ့သည့် B.Ed ပညာရေးဘွဲ့ သင်တန်းအတွက် ၁၈၄ ဦး၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာသင်တန်းအတွက် ၃၃၀ ဦးတို့ကို B.Ed ပညာရေးဘွဲ့ ငါးနှစ်၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့လေးနှစ်၊ A.G.T.I ဒီပလိုမာ သုံးနှစ် သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ကျောင်းဆင်းပြီးချိန်တွင် ဘွဲ့၊ ဒီပလိုမာများ အပ်နှင်းပေးကာ B.Ed ဘွဲ့ရရှိသူများကို အထက်တန်းပြဆရာ၊ ဆရာမများအဖြစ်လည်းကောင်း၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာရရှိသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများတွင် အကြီးတန်းစာရေးနှင့် အဆင့်တူရာထူးနေရာများတွင်လည်းကောင်း နိုင်ငံ့ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်းသိရသည်။

**မြဝတီ**

# (၅၆) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးဘုတ်အဖွဲ့အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ပါဝင်တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၉

(၅၆)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးဘုတ်အဖွဲ့အစည်းအဝေးများကို နိုဝင်ဘာလ ၁၇ ရက်မှ ၁၉ ရက်အထိ ဗီယက်နမ်နိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ဗီယက်နမ်နိုင်ငံ နမ့်ဘင့်မြို့၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။



အစည်းအဝေးသို့ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးမှ အလုပ်အမှုဆောင် ဒါရိုက်တာ၊ ဒေသတွင်းခရီးသွားလုပ်ငန်းဆိုင်ရာ အစိုးရပုဂ္ဂလိက ကိုယ်စားလှယ်များနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာပညာရှင်များ ပါဝင်တက်ရောက်ပြီး မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော် ဦးဆောင်သော မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

နိုဝင်ဘာလ ၁၇ ရက်တွင်(၅၆)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းအဖွဲ့အစည်းအဝေးကို ဗီယက်နမ်နိုင်ငံအမျိုးသားခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ Ms. Nguyen Thi Hoa Mai က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အစည်းအဝေးတွင် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ် ၂၀၂၅ နှင့် ဆက်စပ်အစည်းအဝေးဆုံးဖြတ်ချက်များအရဆောင်ရွက်ပြီးစီးမှု၊ မဲခေါင်ဒေသတွင်း ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝက်ဘ်ဆိုက်နှင့် လူမှုရေးမီဒီယာများတွင်လွှင့်တင်နေမှု၊ Agoda၊ PATA၊ AirAsia Move စသည့် နိုင်တကာမိတ်ဖက်အဖွဲ့အစည်းများနှင့် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်နေမှု၊ မဲခေါင်ခရီးသွားလုပ်ငန်းမဟာဗျူဟာ ၂၀၃၀ အရ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ မဲခေါင်ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးမဟာဗျူဟာရေးဆွဲရန် ဆောင်ရွက်နေမှုများ၊ အဖွဲ့ဝင်နိုင်ငံအလိုက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများကို အတည်ပြုဆွေးနွေးညှိနှိုင်းသည်။

နိုဝင်ဘာလ ၁၈ ရက်တွင် မဟာမဲခေါင်ဒေသခွဲအတွင်း ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတကာကွန်ဖရင့်ကို ကျင်းပရာ ဗီယက်နမ်နိုင်ငံ အမျိုးသားခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့မှ ခေါင်းဆောင်များ၊ ဗီယက်နမ်နိုင်ငံ နမ့်ဘင့်မြို့နယ် ခရီးသွားဌာနတာဝန်ခံတို့က အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ ကွန်ဖရင့်တွင် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းအလားအလာများ၊ မဟာမဲခေါင်ဒေသခွဲနိုင်ငံအလိုက် ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်မှုအတွေ့အကြုံကောင်းများ၊ မဟာမဲခေါင်ဒေသခွဲနိုင်ငံများအတွက် ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းများဆိုင်ရာမျှော်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များကို ချမှတ်ဆွေးနွေးကြသည်။

ယနေ့တွင် မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံး ဘုတ်အဖွဲ့အစည်းအဝေးကို ဆက်လက်ကျင်းပရာ ဗီယက်နမ်နိုင်ငံ အမျိုးသားခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ Ms. Nguyen Thi Hoa Mai က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းရုံးတည်ထောင်ရေးသဘောတူစာချုပ်အပေါ် အဖွဲ့ဝင်နိုင်ငံများက လက်မှတ်ရေးထိုးနေမှုများ၊ စာချုပ်အသက်ဝင်ရေးအတွက် ထိုင်းနိုင်ငံနှင့် အိမ်ရှင်နိုင်ငံစာချုပ်ချုပ်ဆိုရေး ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် အဆိုပါရုံးကို အစိုးရများနှင့်ဆိုင်သော နိုင်ငံတကာရုံးအဖြစ် တည်ထောင်ပြီးစီးရန် လျာထားမှုနှင့် ၂၀၂၆ ခုနှစ် မတ်လတွင် မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံး၏ အလုပ်အမှုဆောင်ဒါရိုက်တာအသစ် ခန့်အပ်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းကြသည်။

(၅၇)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေး၊ မဟာမဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးဘုတ်အဖွဲ့ အစည်းအဝေးနှင့်အတူ မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၆ ကို မြန်မာနိုင်ငံက အလှည့်ကျအိမ်ရှင်နှင့် ဥက္ကဋ္ဌအဖြစ် ၂၀၂၆ ခုနှစ် ဇွန်လအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီးနှင့်ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/ဇလ)

## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၁၉

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း၌ နိုဝင်ဘာလ ၂၂ ရက်တွင် လေဖိအားနည်းရပ်ဝန်း(Low PressureArea)တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

လေယာဉ်ပျံထွက်သောအခါ ကျွန်ုပ်သည် လက်ကိုင်ပဝါယမ်းပြလျက်ရှိသော ညီကို လှည့်ကြည့်ရင်း မော်စကိုမြို့၏ မီးပွင့်များလှသောအဖြစ်ကိုလည်း သတိပြုမိပါသည်။ နေအိမ်တိုက်ခန်းများနှင့် လမ်းများမှ မီးပွင့်များသည် မြေကြီးပေါ်တွင် နှမ်းများပက်ဖြူးထားသည့်နှယ် ပြွတ်သိပ်နေရာ လေယာဉ်ပျံသည် တစ်နာရီလျှင် ကီလိုမီတာ ၆၅၀ နှုန်း ပျံသန်းပါလျက်နှင့်ပင် မိနစ်ပေါင်းများစွာတိုင်အောင် မီးပွင့်များကို မကျော်လွန်နိုင်သေးကြောင်း သတိပြုမိပါသည်။ ကျွန်ုပ်သည် ဆိုဗီယက်ယူနီယံသို့ တစ်ခေါက်တည်း ရောက်ရသော်လည်း မော်စကိုသို့ သုံးကြိမ်တိုင်တိုင် ရောက်ခဲ့ရပါလျက် မော်စကိုမြို့ကြီး၏အကျယ်အဝန်းကို သိနိုင်စေခြင်းငှာ မြို့ကြီး၏အစွန်အဖျားမှ တစ်ပတ်ပတ်၍ မလည်ခဲ့မိခြင်းအတွက် ဝမ်းနည်းမိသည်။



## ခဲလေသမျှ

မော်စကိုသို့အသွားခရီး၌ လေယာဉ်ပျံသည် ဟိမဝန္တာတောင်တန်းကို ဖြတ်ကျော်ပျံသန်းလျက်ရှိစဉ် လေယာဉ်မယ်က ကျွန်ုပ်တို့၏လေယာဉ်ပျံသည် အမြင့်ပေါင်းမည်မျှ၊ အဟုန်ကီလိုမီတာပေါင်း မည်မျှနှုန်းဖြင့် ဧဝရက်တောင်ထွတ်ကို ဖြတ်ကျော်လျက်ရှိကြောင်း ကြေညာသည်ကို ကြားလိုက်ရသည်နှင့် ဆိုဗီယက်သံရုံးမှ မောင်ဘဝင်းက ဧဝရက်တောင်ထွတ် အထက်မှ မှန်ပြောင်းဖြင့်ကြည့်၍ ကောင်းလှသည်ဟုပြော၏။ သို့ရာတွင် ကျွန်ုပ်၌ မှန်ပြောင်းမရှိသောကြောင့် မကြည့်နိုင်ခဲ့ချေ။ မော်စကိုမှ ပြန်ခါနီးတွင် ကျွန်ုပ်သည် ဤအကြောင်းကို သတိရသည်နှင့် မှန်ပြောင်းလေးနှစ်ခုဝယ်လာခဲ့သည်။ တစ်ခုမှာ ကျွန်ုပ်အတွက်ဖြစ်၍ တစ်ခုမှာ ကျွန်ုပ်၏ညီက မွေးသည့်တူမလေးကြည်ကြည်အတွက်ဖြစ်၏။ အပြန်ခရီး၌ ကျွန်ုပ်သည် ဟိမဝန္တာတောင်တန်းရှိ ဧဝရက်တောင်ထွတ်ပေါ်သို့ရောက်၍ လေယာဉ်မယ်က အထက်ပါအတိုင်း ကြေညာခြင်းကို ကြားရသည်တွင် မှန်ပြောင်းကို သတိရ၏။ သို့ရာတွင် မှန်ပြောင်းလေးများမှာ အလွယ်တကူထုတ်၍သုံးရမည့် တိုလီမိုလီပစ္စည်းလေးများထည့်သည့် လက်ဆွဲအိတ်လေးထဲ၌ မထည့်ခဲ့မိဘဲ ခရီးဆောင်သေတ္တာကြီးထဲသို့ထည့်ပြီး လတ်ဂေ့ဂျ် လုပ်ခဲ့မိသောကြောင့် ထုတ်ယူရန်မဖြစ်နိုင်သဖြင့် တောင်ထွတ်ကို မှန်ပြောင်းဖြင့် မကြည့်ခဲ့ရဘဲ လက်လွတ်ခဲ့ရပါသည်။ ကျွန်ုပ်၏ဘဝတစ်သက်တာတွင် ဤအဖြစ်မျိုးကဲ့သို့ အဆုံးသတ်တွင်မှလွဲရပြီး အဖျားရှူးသွားခဲ့ရသည့် အဖြစ်မျိုးပေါင်းမှာ အလွန်များခဲ့ဖူးပါလေပြီ။

## ကိုယ့်တိုင်း ကိုယ့်ပြည် ကိုယ့်ဌာနီ

ည ၁၀ နာရီခွဲအချိန်၌ ရန်ကုန်လေဆိပ်သို့ ဆိုက်မည်ပြုရာတွင် ကျွန်ုပ်သည် ရန်ကုန်မြို့နှင့် လေဆိပ်ကို လှမ်းမျှော်ကြည့်လိုက်သောအခါ၌ မီးပွင့်များ အလွန်နည်းပါးခြင်းကို မြင်ရ၍ ရန်ကုန်မြို့ပင် ဟုတ်ပါလေ၏လော။ မြို့သိမ်မြို့ငယ်တစ်မြို့သို့ အကြောင်းတစ်ခုခုကြောင့် ခေတ္တခဏဆင်းသက်ခြင်းဖြစ်လေသလောဟု တွေးထင်မိသည်နှင့် အနီးရှိခရီးသည်တစ်ယောက်အား မေးမိပါသေးသည်။ ဤသို့ အထင်မှားမိခြင်းမှာ ကျွန်ုပ်သည် မျက်စိဖြင့်ကြည့်၍ မဆုံးနိုင်အောင် ပေါများလှသည့် မော်စကိုမီးပွင့်များကို လှမ်း၍ကြည့်ခဲ့ရပြီးနောက် မျက်စိထဲ၌ စွဲမြဲလျက်ရှိ၍ ရန်ကုန်မီးပွင့်များကို နည်းပါးလှသည်၊ မှေးမှိန်လှသည်ဟု အထင်သေးခြင်းကြောင့် ဖြစ်ဟန်ရှိပါသည်။ ဤတွင် ငါတို့ရန်ကုန်မြို့မှာလည်း သူတို့မော်စကိုကဲ့သို့ မီးပွင့်များဖောဖောသီသီထွန်းနိုင်ဖို့ ဘယ်မျှလောက်အချိန်ကြာပါလေဦးမည်နည်းဟူ၍ စိတ်ကူးဖြစ်ပေါ်မိပါသည်။ လေယာဉ်ပျံပေါ်မှ ဆင်းကြသောအခါ ကျွန်ုပ်မှာ အနွေးဝတ်အင်္ကျီကြီးကို ပွေ့ရမည်ကတစ်ဖက်၊ ပစ္စည်းများထည့်သည့် လက်ဆွဲအိတ်ကတစ်ဖက်၊ တုတ်ကောက်ကတစ်ဖက် ဖြစ်နေသည်နှင့် တခြားခရီးသည်များ သွားနှင့်ကုန်ကြ၍ ကွင်းကြီးထဲ၌ ကျွန်ုပ်တစ်ယောက်တည်း ဖိုသီဖတ်သီနှင့် လျှောက်လာရစဉ် လေယာဉ်ပျံရုံဆီသို့ မျှော်ကြည့်လိုက်၏။ ရုံရှေ့၌ လူအုပ်စုနှစ်စု ရပ်လျက်ရှိကြရာ ကျွန်ုပ် ရိုက်ကြားလိုက်သည့်ကြေးနန်းမှ ရောက်ပါလေစ။ မရောက်၍ မကြိုကြလျှင် ဤအချိန်တွင် မြို့ထဲသို့သွားဖို့ အခက်ပါပဲ စသည့်စိုးရိမ်ပူပန်မှုများဖြင့် တဖြည်းဖြည်းသာ လျှောက်လာရ၏။ နာရီပေါင်း ၂၀ ခန့်မျှ ထိုင်ခဲ့ရခြင်းကြောင့် ခြေထောက်များကလည်း ညောင်းညာသည်နှင့် မလှုပ်တလှုပ်သာလှမ်းနေရသည်။ ထိုခဏတွင် ရုံရှေ့၌ရပ်နေသော လူအုပ်တစ်အုပ်အနက်မှ မိန်းကလေးတစ်ယောက်ထွက်လာ၍ ကျွန်ုပ်ထံပြေးလာပြီး ပစ္စည်းများကို ဆွဲယူလေရာ ကျွန်ုပ်သည်မော်စကိုသို့ ရောက်စဉ်က 'ဒါလားကွ မော်စကို' ဟုဆိုကာ ဝမ်းသာခြင်းလည်းတစ်မျိုး၊ တူမလေးကြည်ကြည်ကိုဖက်ရင်း 'ကိုယ့်တိုင်းပြည်သို့ ရောက်လာချေပြီ' ဟု အောက်မေ့ကာ ဝမ်းသာခြင်းလည်းတစ်မျိုး ရှိပါတော့သည်။ ရုံထဲသို့ရောက်သောအခါ ရှုမဝကိုကျော်နှင့် လူထုတိုက်ပွဲမှ မောင်တင်မောင်တို့ လာရောက်ကြိုဆိုကြခြင်းအတွက်လည်း ဝမ်းသာလှပါသည်။

## တူမလေးကြည်ကြည်

ကျွန်ုပ်မှာ ညီတစ်ယောက်နှင့် နှမတစ်ယောက်သာရှိ၍ (နှမမှာ ကွယ်လွန်ရှာလေပြီ။) မွေးချင်းနည်းပါးသော်လည်း ဆွေမျိုးဉာတိနည်းပါးသူတစ်ယောက်မဟုတ်ပေ။ သားတစ်ယောက်၊ သမီးနှစ်ယောက်အနက် သမီးတစ်ယောက်သာကျန်၍ မြေး ၁၃ ယောက်၊ မြစ်ခုနစ်ယောက်ရှိပါသည်။ ၎င်းတို့အနက် ညီက မွေးသည့် တူမအရင်းများလည်း ကိုးယောက်ရှိပါသည်။ ၎င်းတို့အနက် ညီကမွေးသည့် တူမကလေးကြည်ကြည်သည် ကျွန်ုပ်အား ဂရုအစိုက်ဆုံး၊ အကြင်နာဆုံးဖြစ်ပေသည်။ ရန်ကုန်သို့ ကျွန်ုပ်ရောက်တိုင်း ကြည်ကြည်သည် ကျွန်ုပ်အား ဘကြီးတစ်ယောက်အနေဖြင့် ဂရုစိုက်ရုံသာမက ကျွန်ုပ်အကြောင်းကို ချီးကျူးပြောဆို၍ မဆုံးရှိသည်နှင့် သူ့ဖခင် (ကျွန်ုပ်၏ညီ) ကပင် မနာလိုချင်စဖွယ် ဖြစ်နေပါတော့သည်။ နှမအရင်းက မွေးထားသည့်တူများနှင့် တူမများသည် မန္တလေးမြို့တွင် ကျွန်ုပ်နှင့်အတူရှိကြသော်လည်း 'မေးထူးခေါ်ပြော' အဖြစ်မျိုးလောက်သာရှိကြ၍ နိုင်ငံခြားတိုင်းပြည်များသို့ ကျွန်ုပ်သွားရသည့် အခွင့်အရေးမျိုးရရှိခြင်းအတွက် ဝမ်းသာခြင်း၊ ဂုဏ်ယူခြင်း စသည့်အရိပ်နိမိတ်များပင် ဖော်ပြခြင်း မရှိကြချေ။ ထိုတူများနှင့် တူမများသည် ကျွန်ုပ်နှင့် တစ်ကြိမ်တစ်ခါမျှ အချင်းများခြင်းမရှိခဲ့ဖူးပါလျက် ဤအဖြစ်မျိုး၌ ရှိနေကြခြင်းမှာ ကျွန်ုပ်၏အပြစ်မဟုတ်၊ သူတို့၏ အပြစ်လည်း မဟုတ်တန်ရာ။ ကျွန်ုပ်၏ ကံဇာတာအလျောက်သာ ဖြစ်ဟန်တူသည်။ ကျွန်ုပ်၏ကံဇာတာမှာကား ဆွေမျိုးအရင်းအချာများ၏ ခင်မင်လေးစားမှုကို မခံထိုက်။ (ဝမ်းကွဲနှမများကမူ အလေးပြုကြပါပေသည်။) သူစိမ်းတစ်ရံဆံများ၏ ရိုသေကိုင်းရှိုင်းမှုကိုသာလျှင် (ဤနောက်ပိုင်း၌) ခံယူထိုက်သည့် ဇာတာရှင်တစ်ဦးဖြစ်ဟန်ရှိသည်။ ဤသို့ဖြစ်ရခြင်းအတွက် ကျွန်ုပ်သည် မည်သူ့အပေါ်မျှ မကျေနပ်ခြင်းမရှိ။ (ဆန်ပေးမှ ဆေးရသည်။) ကျွန်ုပ်အကြောင်းကို တင်ပြသည့် မှတ်တမ်းရေးသားခြင်းဖြစ်သည့်အတွက် ထည့်သွင်းဖော်ပြခြင်းမျှသာ ဖြစ်ပါသည်။

## မေတ္တာမှ ကမ္ဘာ့ငြိမ်းချမ်းရေးသို့

ကျွန်ုပ်သည် နဂိုစရိုက်အားဖြင့် မေတ္တာသမားတစ်ယောက်မဟုတ်။ ပညာသမားတစ်ယောက်ဖြစ်ပါလျက် ဆိုဗီယက်ယူနီယံတွင် အကြောင်းမညီညွတ်သောအဖြစ်အပျက်တစ်ခုကြောင့် (ဆိုဗီယက်တို့နှင့် မည်သို့မျှ မသက်ဆိုင်။) မေတ္တာတရားပွားများပါတော့မည်ဟု သန္နိဋ္ဌာန်ပြုခဲ့ကြောင်းနှင့် ကျွန်ုပ်၏အောင်မြင်ခဲ့ပုံ အခြင်းအရာများကိုလည်း ဖော်ပြခဲ့ဖူးပါပြီ။ ကျွန်ုပ်၏မေတ္တာမျက်လုံးအကြောင်းကို သတိပြု၍ ဖတ်ရှုဖူးသူများက ကျွန်ုပ် ပြန်ရောက်လာသောအခါ၌မူ ကျွန်ုပ်ကို မြင်ရသည်တွင် သူရေးထားသလောက် ထူးခြားခြင်းမရှိပါတကားဟု ပြောဖွယ်ရာဖြစ်နေသဖြင့် အနည်းငယ်ရှင်းလင်းလိုပါသည်။ ရုရှားပြည်၌ရှိစဉ် ကျွန်ုပ်သည် မိမိကိုယ်တိုင် အလွန်ကျေနပ်အားရသည်ဖြစ်၍ ကိုယ့်တိုင်းပြည်သို့ပြန်သောအခါတွင်လည်း ဤအတိုင်းပင် ဆက်လက်ကျင့်သုံးပါတော့မည်ဟု အောက်မေ့ဖူးပါသည်။ သို့ရာတွင် ထိုကဲ့သို့မဟုတ်ဘဲ စိတ်အားထက်သန်မှုလျော့ပါးပြီး တဖြည်းဖြည်း ဆုတ်ယုတ်ကုန်ခဲ့ခြင်းမှာ ကျွန်ုပ်၏ ညံ့ဖျင်းသော သဘာဝတစ်ခုအနေဖြင့် ဝန်ခံရပါတော့မည်။ သို့ဖြစ်၍ ဆိုဗီယက်ယူနီယံ၌ မေတ္တာတရားပွားများခဲ့ခြင်းမှာ ကျွန်ုပ်အဖို့ရာတွင် ဥပုသ်ရက်ရှည်စောင့်ခြင်းမျိုးကဲ့သို့ဖြစ်နေ၍ ယနေ့အဖို့အရာ၌ အကပ်အသက်မျှလောက်သာ ကြွင်းကျန်သည့် လက္ခဏာရှိပါသည်။

သို့ပင်ဖြစ်လင့်ကစား မိမိအတွက် ကိုယ်လွတ်ရုန်းကာ သတိပဋ္ဌာန်တရားဘက်သို့သာ အစဉ်တစိုက်စိတ်အားထက်သန်လာခဲ့ဖူးသည့် ကျွန်ုပ်သည် မေတ္တာတရားပွားခဲ့ဖူးသည့်အရှိန်ကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးဆိုင်ရာအကြံအစည်နှင့် စိတ်ကူးဉာဏ်များ ထုတ်သည့်ဘက်တွင် ဘယ်တုံးကနှင့်မျှ မတူအောင် အလေးပေးချင်သည့်ဆန္ဒမျိုး ထက်သန်လျက်ရှိခြင်းကို တွေ့ရပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# ယခုဘဏ္ဍာနှစ် ခုနစ်လတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန် ငါးမက်ထရစ်တန်တစ်သိန်းခြောက်သောင်းကျော်တင်ပို့နိုင်

ရန်ကုန် နိုဝင်ဘာ ၁၉

ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ခုနစ်လတာကာလအတွင်း ပြည်ပသို့ ရေထွက်ကုန် ငါးမက်ထရစ်တန် တစ်သိန်းခြောက်သောင်းကျော်တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

"ဒီဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ အောက်တိုဘာလ ၃၁ ရက်အထိ ခုနစ်လတာကာလအတွင်း ပြည်ပကို ငါးမက်ထရစ်တန် ၁၆၅၁၀၉ ဒသမ ၃၈၇ တန်တင်ပို့နိုင်ပြီး အမေရိကန်ဒေါ်လာ ၂၀၁ ဒသမ ၀၉၇ သန်းရရှိခဲ့ပါတယ်" ဟု ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ အောက်တိုဘာလ ၃၁ ရက်အထိ ခုနစ်လတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၈၅၇၅၆ ဒသမ ၉၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၃၁ ဒသမ ၈၄၆ သန်းရရှိကာ နယ်စပ်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၇၉၃၅၂ ဒသမ ၄၇၇ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၂၅၁ သန်းရရှိသည့်အတွက် ပြည်ပသို့ စုစုပေါင်း ငါးမက်ထရစ်တန် ၁၆၅၁၀၉ ဒသမ ၃၈၇ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၀၁ ဒသမ ၀၉၇ သန်းရရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ငါးအပါအဝင် တခြားရေထွက်ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ခုနစ်လတာကာလအတွင်း ရေထွက်ကုန်စုစုပေါင်း မက်ထရစ်တန် ၂၃၄၁၀၇ ဒသမ ၀၈၆ တန်တင်ပို့ထားကြောင်း သိရသည်။

ပြည်တွင်းမှ ငါး၊ ပုစွန်စသည့်ရေထွက်ကုန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးစခန်းများမှလည်း တိုက်ရိုက်တင်ပို့လျက်ရှိကြောင်း သိရသည်။

**စောယု**

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တတိယအစည်းအဝေး ဒုတိယနေ့ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၁၉

နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ တတိယအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒက ဆောင်ရွက်တော်မူသည်။

ထို့နောက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမနာဘိဝံသကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တပဏ္ဍိတကလည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီတွင် ရပ်နားသည်။

ယင်းနောက် ဒုတိယနေ့အစည်းအဝေး ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအပေါ် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်ကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုန္ဒာဝုဓကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တမကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုဘောဂကလည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ထို့နောက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒက အတည်ပြုချက်ရယူပြီး အစည်းအဝေးတက်ရောက်လာကြသည့် ဆရာတော်များအားလုံးက "ဇယန္တော ဗောဓိယာမူလေ" အစချီသောနှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီးနောက် သာဓုသုံးကြိမ်ခေါ်ဆိုလျက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တတိယအစည်းအဝေးကို အောင်မြင်စွာကျင်းပပြီးစီးသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဝေဠုဝန်(ရွှေကျင်)ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတဦးဆောင်သော တပည့်ဒါယကာ၊ ဒါယိကာမ ဓမ္မမိတ်ဆွေများက တေစတ္တာလီသတိမ(၄၃)ကြိမ်မြောက် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းတစ်နေ့တာ ဆက်ကပ်လှူဒါန်းကြကြောင်းသိရသည်။

မြဝတီ

# ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်း






ရန်ကုန် နိုဝင်ဘာ ၁၉

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်းအမှတ်စဉ်(၁၂) သင်တန်းဆင်းပွဲကို နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ကေတုမတီခန်းမ၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့်တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦးက နိုင်ငံတော်၏ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အတွေးသစ်၊ အမြင်သစ်များဖြင့် လိုက်ပါပြောင်းလဲဆောင်ရွက်ကြရန်၊ အလုပ်နှင့်ဘဝဟန်ချက်ညီအောင်ဖန်တီးနိုင်ပြီး အကြီးအမှူးကောင်းစိတ်ဓာတ်ဖြင့် မိသားစုအသွင်ဦးဆောင်လမ်းပြကြရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့်ကြီးကြပ်ကွပ်ကဲမှုအနည်းဆုံးဖြင့်စွမ်းဆောင်နိုင်သူများဖြစ်ရန်၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်နှင့်ဝန်ကြီးဌာန၊ အဖွဲ့အစည်းအလိုက် ချမှတ်ထားသောမူဝါဒ၊ လမ်းညွှန်ချက်များကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်ကြရန်၊ ပါတီနိုင်ငံရေးကင်းရှင်းပြီး နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာကာ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန်(၆)ချက်အား ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် ရှေးရှုဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

သင်တန်းမှရရှိသောအသိအမြင်များကို လုပ်ငန်းအတွေ့အကြုံများနှင့်ပေါင်းစပ်ပြီး လက်တွေ့အသုံးပြုကြရန် တိုက်တွန်းမှာကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်ပေးအပ်သည်။

သင်တန်းသို့ သင်တန်းသား ၁၇ ဦး၊ သင်တန်းသူခြောက်ဦး စုစုပေါင်း ၂၃ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ စက်တင်ဘာလ ၂၂ ရက်မှ နိုဝင်ဘာလ ၁၉ ရက်အထိဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်ဥက္ကဋ္ဌသည် အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းနှင့် အရာထမ်းအခြေခံသင်တန်းများတွင် တက်ရောက်လျက်ရှိသော သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြားပြီးတက္ကသိုလ်၏ အုပ်ချုပ်မှု၊ လေ့ကျင့်သင်ကြားရေး အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# မန္တလေးငလျင် ဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၁၉

မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံစာရေးဆရာအသင်းက ငွေကျပ်သိန်း ၁၅၀၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၂၀၀ စုစုပေါင်းငွေကျပ်သိန်း ၃၅၀ ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ယနေ့မွန်းလွဲပိုင်းတွင် လာရောက်လှူဒါန်းသည်။

အဆိုပါလှူဒါန်းငွေများကို ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ




| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၂°C | / | ၃၁°C |
| ရန်ကုန် | ၂၄°C | / | ၃၂°C |
| မန္တလေး | ၂၂°C | / | ၃၄°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ
အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၅/ ၂၀၂၅)ကျင်းပ



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၅/၂၀၂၅)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၅/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ်ဦးညိုစောတက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များက Video Conference စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၅)မှတ်တမ်းကို အတည်ပြုခြင်းဆောင်ရွက်သည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်

**❖ အိမ်နီးချင်းနယ်စပ်လမ်းကြောင်းများမှတစ်ဆင့် မိမိတို့နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာပြီး နယ်စပ်ဒေသများတွင် အခိုင်အမာအခြေချ၍ အွန်လိုင်းလိမ်လည်မှုများကျူးလွန်နေသည့် လောင်းကစားအဖွဲ့များကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားဆောင်ရွက်လျက်ရှိ . . .**

**❖ တရားမဝင်ကုန်သွယ်မှုသည် နိုင်ငံအတွက် ဘက်ပေါင်းစုံကဆိုးကျိုးများကိုသာသက်ရောက်စေသည့်အတွက် အလုံးစုံပပျောက်စေရေးအထိ ရည်မှန်းချက်ထားဆောင်ရွက်သွားရန်လိုအပ် . . .**

**❖ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အသေးစား၊ အလတ်စားနှင့်အကြီးစားစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုသည် အရေးပါသည့်လိုအပ်ချက်တစ်ခုလည်းဖြစ်၊ စက်မှုလုပ်ငန်းများမှ ပြည်တွင်းတွင်လိုအပ်သည့်ကုန်ပစ္စည်းများကိုထုတ်လုပ်နိုင်ခြင်းကြောင့် ပြည်ပသွင်းကုန်များ လျှော့ချလာနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများလျော့နည်းသက်သာလာမည်ဖြစ်သည့်အတွက် တိုင်းပြည်စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ် . . .**

ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များကို တည်ငြိမ်မှုရှိပြီး အောင်မြင်စွာဆောင်ရွက်နိုင်ရန် ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိ မိမိတို့နိုင်ငံအပေါ် အနောက်အင်အားကြီးနိုင်ငံအချို့နှင့်၎င်းတို့၏ သြဇာလွှမ်းမိုးခံနိုင်ငံများအနေဖြင့် စီးပွားရေးပိတ်ဆို့အရေးယူဆောင်ရွက်မှုများ၊ မီဒီယာအသုံးပြုထိုးနှက်တိုက်ခိုက်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်မှုများအပေါ် နိုင်ငံတော်အကြီးအကဲ၏ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆောင်ရွက်သည့် ထိပ်သီးအစည်းအဝေးများ၊ ကမ္ဘာ့အင်အားကြီးနိုင်ငံများသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်များအတွင်း နိုင်ငံတကာခေါင်းဆောင်အများအပြားနှင့် ထိတွေ့ဆက်ဆံခြင်း၊ တွေ့ဆုံဆွေးနွေးခြင်းတို့ဖြင့် မိမိတို့နိုင်ငံအပေါ် တစ်ဖက်သတ်စွပ်စွဲပြောဆိုချက်များနှင့် ပြည်တွင်းပြည်ပဆန့်ကျင်ဘက်အဖွဲ့အစည်းများရဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများနဲ့ အဖျက်အမှောင့်လုပ်ဆောင်ချက်များကို နိုင်ငံတကာမှ နားလည်သဘောပေါက်စေခဲ့ပြီး မိမိတို့နိုင်ငံအပေါ် နိုင်ငံတကာရဲ့ ယုံကြည်မှုကို မြှင့်တင်ပေးခြင်းနဲ့ အပြုသဘောဆောင်တဲ့ ထိတွေ့ဆက်ဆံမှုတွေကိုရရှိခဲ့ကြောင်း။

လက်ရှိကာလတွင် နယ်စပ်ဒေသများကို အခြေပြု၍ ဖြစ်ပေါ်လျက်ရှိသော နိုင်ငံဖြတ်ကျော်မှုခင်းများနဲ့ နယ်စပ်အခြေပြုလက်နက်ကိုင်အဖွဲ့အစည်းများက ကာစီနိုနဲ့ အွန်လိုင်းလောင်းကစားခြင်းများကို နိုင်ငံတကာရာဇဝတ်အဖွဲ့များနှင့်အတူ ကျူးလွန်ဆောင်ရွက်နေသည့်အတွက် နိုင်ငံတော်အစိုးရမှ ထိထိရောက်ရောက် ရှင်းလင်းဆောင်ရွက်နေကြောင်း၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစ၍ ၂၀၂၅ ခုနှစ် နိုဝင်ဘာလလယ်အထိ နှစ်နှစ်ကျော်ကာလအတွင်း မြန်မာသို့ အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် တရားမဝင်ရောက်လာခဲ့သည့် နိုင်ငံပေါင်း (၅၂) နိုင်ငံမှ နိုင်ငံခြားသား (၆၈၀၀၉) ဦးကို အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်ပြန်လည်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း၊ အိမ်နီးချင်း နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် မိမိတို့နိုင်ငံအတွင်း တရားမဝင်ဝင်ရောက်လာပြီး နယ်စပ်ဒေသများတွင် အခိုင်အမာအခြေချ၍ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်နေသည့်လောင်းကစားအဖွဲ့များကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှား ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏လက်ရှိဆောင်ရွက်နေမှုအခြေအနေများကို နိုင်ငံတကာမှ သတင်းအမှန်အတိုင်း သိရှိနိုင်စေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အဆိုပါ နယ်မြေရှိ တာဝန်ရှိသူများက ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း။

မိမိတို့နိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်နေပြီး လူမှုရေး၊ စီးပွားရေးနှင့် လုံခြုံရေးကဏ္ဍများအပေါ် များစွာဆိုးကျိုး သက်ရောက်စေလျက်ရှိကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအတွက်စီမံချက်များချထားပြီး တိုးတက်ဖမ်းဆီးနိုင်ရေးဆောင်ရွက်ခဲ့သည့်အတွက် ယခုအခါ တရားမဝင်ကုန်သွယ်မှုများ ယခင်ကထက်များစွာလျော့နည်းကျဆင်းလာသည်ကိုတွေ့ရှိရကြောင်း၊ လက်ရှိအခြေအနေအရ ရနောင်း၊ ကော့သောင်း၊ ရန်ကုန်လမ်းကြောင်းတွင် ကုန်သွယ်မှုကိုလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ လက်ရှိကာလတွင် နယ်စပ်ဖြစ်သည့် မြဝတီ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်များသို့ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်လာမှုမရှိစေရေး အလေးအနက်ထားပြီး တားဆီးစစ်ဆေးခြင်းများ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ကုန်ပစ္စည်းများဖမ်းဆီးရမိမှုအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ ဥပဒေများအပြင် လိုအပ်ပါက ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့်ပါ စိစစ်ဖော်ထုတ်အရေးယူနိုင်ရေး ပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုသည် နိုင်ငံအတွက်ဘက်ပေါင်းစုံက ဆိုးကျိုးများကိုသာ သက်ရောက်စေသည့်အတွက်အလုံးစုံပပျောက်စေရေးအထိ ရည်မှန်းချက်ထား ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

မူးယစ်ဆေးဝါးသည် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏လူမှုစီးပွားဘဝကို ပြင်းထန်စွာ ရိုက်ခတ်စေလျက်ရှိကြောင်း၊ အဓိကအားဖြင့် လုံခြုံရေးအရ တည်ငြိမ်မှုမရှိသည့်ဒေသများနှင့်နယ်စပ်ဒေသများတွင် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များမှ သယ်ယူခြင်းနဲ့ ရောင်းဝယ်ဖောက်ကားခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် ကျောင်းသား/ကျောင်းသူအရွယ်လူငယ်များအား ပစ်မှတ်ထားသုံးစွဲစေခြင်းတို့ကြောင့် မိမိတို့ရဲ့ကျောင်းသား၊ ကျောင်းသူများပညာရေးထိခိုက်ခြင်းနှင့် လူ့အညွန့်ကျိုးသည့် ကိစ္စများမဖြစ်ပေါ်စေရေးအတွက် မူးယစ်ဆေးဝါးများကိုအမြစ်ပြတ်အောင်ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်ကာ ထိထိရောက်ရောက် အရေးယူသွားရန်လိုအပ်ကြောင်း။

နိုင်ငံစီးပွားတိုးတက်စေရန်မှာ ကုန်ထုတ်လုပ်မှုတိုးတက်ရန် အဓိကလိုအပ်ပါကြောင်း၊ **"နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"** ဆိုသည့် ဆောင်ပုဒ်ကို အကောင်အထည်ဖော်ရာတွင် နိုင်ငံကို ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူလူထုအားလုံးတွင်တာဝန်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် ကုန်ထုတ်လုပ်မှုကဏ္ဍအပေါ်တွင်များစွာမူတည်နေကြောင်း၊ ကုန်ထုတ်လုပ်မှုဆိုရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှုလုပ်ငန်းများ၊ သတ္တုတူးဖော်ရေး၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများအားလုံး တစ်ခုနှင့်တစ်ခုဆက်စပ်ပါဝင်နေပြီး နိုင်ငံ့စီးပွားရေးကို သက်ဝင်လှုပ်ရှားစေသကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများစွာကိုလည်းဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း။

ထို့အတူ ပြည်သူများ၏ နေထိုင်စားသောက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကုန်စည်စီးဆင်းမှုလွယ်ကူချောမွေ့စေရန်နှင့် ကုန်စည်ဈေးနှုန်းတည်ငြိမ်ရန်လည်းလိုအပ်ကြောင်း၊ ထို့ကြောင့် အခြေခံကျသည့် ဆန်ဈေးနှုန်းတည်ငြိမ်နေသည်ဆိုသော်လည်း ထုတ်လုပ်မှု၊ ဝယ်ယူမှု၊ ဖြန့်ဖြူးမှု၊ ရောင်းချမှုနှင့် စားသုံးမှု စသည့်ကွင်းဆက်များအားလုံးကို လိုက်လျောညီထွေ ဟန်ချက်ညီညီဖြင့် မှန်မှန်ကန်ကန်ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ ထို့ပြင် ဆန်စပါးနည်းတူ အခြားရာသီပေါ် သီးနှံများအတွက်လည်း ရောင်းဝယ်ဖောက်ကားမှုကွင်းဆက်မှန်ကန်စေရေးဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၏ လူမှုစီးပွားဘဝအဆင်ပြေမှုရရှိနိုင်မည်ဖြစ်သည့်အတွက် ဈေးကွက်စစ်ဆေးရေး၊ ဈေးနှုန်းထိန်းညှိရေးနှင့်မတရားအမြတ်တင်ရောင်းချမှုများကို ထိထိရောက်ရောက်စစ်ဆေးထိန်းသိမ်းသွားရန်လိုအပ်ကြောင်း။

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားဖြစ်သော စိုက်ပျိုးရေး အခြေခံကုန်ထုတ်လုပ်မှု (Agro-based Industries) ကို ယခုအခါ အဓိကဦးစားပေးဆောင်ရွက်ရမှာဖြစ်ပြီး အနာဂတ်ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ပန်းတိုင်များအထိ ရရှိစေရန် အလေးထားဆောင်ရွက်သွားကြစေလိုကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်နိုင်ငံဖြစ်တဲ့အတွက် သီးနှံအထွက်တိုးမြှင့်ရေးသည် နိုင်ငံ၏အဓိကပန်းတိုင်ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံများအထွက်တိုးလာမှသာ ပြည်သူများ၏လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံအတွက်လိုအပ်သည့်စားနပ်ရိက္ခာများလည်း လုံလောက်မှုရရှိနိုင်မည်ဖြစ်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍကိုအခြေခံ၍ စီးပွားရေးကွင်းဆက်တစ်ခုလုံးကို ခိုင်မာအောင် တည်ဆောက်ရန်လိုအပ်ကြောင်း၊ ထို့ပြင် ထုတ်လုပ်မှုတိုးတက်ရေးအတွက်နည်းပညာအသုံးချမှုများအပါအဝင် စက်မှုဖွံ့ဖြိုးတိုးတက်မှုများကို အကျိုးရှိစွာအသုံးချ၍ ပူးပေါင်းကြံဆ

**စာမျက်နှာ ၇ သို့** ■

**■ စာမျက်နှာ ၆ မှအဆက်**

ဆောင်ရွက်သွားကြရန်လည်း လိုအပ်ကြောင်း၊ အခြေခံဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီစွာထုတ်လုပ်နိုင်အောင် ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ရရှိရန်အတွက်နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

စိုက်ပျိုးရေးဆောင်ရွက်ရာတွင်တောင်သူများအား စိုက်ပျိုးမြေအမျိုးအစားကို သိရှိနားလည်၍ နည်းစနစ်တကျစိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ အသိပညာပေးပြီး နည်းစနစ်တကျဆောင်ရွက်တတ်စေရေးကြီးကြပ်ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း။

ထို့ပြင် အရည်အသွေးကောင်းမွန်တဲ့စားသုံးဆီများထုတ်လုပ်နိုင်ရန်အတွက်ဆီစက်များ အဆင့်မြှင့်တင်ခြင်းများဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှချေးငွေများ ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့်လည်း ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်မတည်ရင်းနှီးမှုများကို ခွင့်ပြုပေးလျက်ရှိကြောင်း၊ စားသုံးသူ ပြည်သူများအနေဖြင့်လည်း လိုအပ်သည်ထက် ဆီကို ပိုမိုစားသုံးခြင်းသည် မိမိတို့၏ကျန်းမာရေးကို ထိခိုက်စေနိုင်သည်ကိုသိရှိပြီး ဆီစားသုံးမှုကို တတ်နိုင်သမျှလျှော့ချရန် လိုအပ်သည့်အပြင် အသိပညာပေးခြင်းအစီအစဉ်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်စေလိုကြောင်း။

နိုင်ငံ၏ စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ဝါ၊ ဝါး၊ ရော်ဘာအပြင်ကော်ဖီ၊ ငရုတ်ကောင်းများကို တိုးတက်စိုက်ပျိုးရန်လိုအပ်ကြောင်း၊ ယင်းသီးနှံများသည် ပြည်ပဈေးကွက်တွင် ဝယ်လိုမှုအားကောင်းသည့် အမယ်များဖြစ်ကြောင်း၊ ၎င်းတို့ကို စိုက်ပျိုးရာတွင်လည်း မျိုးကောင်းမျိုးသန့်ရရှိရန်လည်း လိုအပ်ကြောင်း၊ ဝါတွင်ချည်ထည်ထုတ်လုပ်နိုင်ရန်အတွက် ချည်မျှင်ရှည်ဝါမျိုးကောင်းမျိုးသန့်စိုက်ပျိုးရန် လိုအပ်ကြောင်း၊ အလားတူ မိမိတို့နိုင်ငံတွင် ဝါးစိုက်ပျိုးနိုင်သည့် မြေဧကပေါင်း ၂ သိန်းခန့်ရှိကြောင်း၊ ဝါးမှတစ်ဆင့်ပျော့ဖတ်ထုတ်လုပ်ပြီး ၎င်းမှတစ်ဆင့် အရည်အသွေးမီစက္ကူအဖြစ် တန်ဖိုးမြှင့်ပြောင်းလဲထုတ်လုပ်နိုင်ပါကြောင်း၊ ပျော့ဖတ်များကိုလည်း ပြည်ပသို့တင်ပို့၍ ဈေးကွက်ဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ရော်ဘာနှင့်ပတ်သက်၍လည်း ရော်ဘာအချောထည်ထုတ်ကုန်ပစ္စည်းများအဖြစ် တာယာမျိုးစုံ၊ ရော်ဘာဖိနပ် စသည့်ရော်ဘာထွက်ပစ္စည်းတို့ကိုထုတ်လုပ်၍ပြည်တွင်းတွင်သုံးစွဲနိုင်သကဲ့သို့ရော်ဘာတန်ဖိုးမြှင့် Value added အနေဖြင့်ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ကြောင်း၊ စားသောက်ကုန်ကော်ဖီသည်လည်း နေ့စဉ်ပြည်တွင်းစားသုံးမှုများပြားသည့် မရှိမဖြစ်ကုန်ပစ္စည်းဖြစ်သည့်အပြင် ပြည်ပသို့တင်ပို့ရာတွင်လည်း ဈေးကွက်ရှိသည့်စားသောက်ကုန်ပစ္စည်းဖြစ်သဖြင့် အောင်မြင်အောင်မဖြစ်မနေတိုးချဲ့စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ အလားတူ ငရုတ်ကောင်းသည် ပြည်တွင်း၌သာမက နိုင်ငံတကာတွင် ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုသည့် ဈေးကွက်ဝင်သီးနှံဖြစ်သည့်အတွက်စိုက်ပျိုးရန်ကိုက်ညီသော ဒေသများတွင် တိုးချဲ့စိုက်ပျိုးရန်လိုအပ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အသေးစား၊ အလတ်စားနှင့်အကြီးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုသည် အရေးပါသည့် လိုအပ်ချက်တစ်ခုလည်းဖြစ်ကြောင်း၊ "စက်မှုစွမ်းအားခေတ်ကျော်လွှား" ဆိုသည့်အတိုင်း စက်မှုကဏ္ဍတိုးတက်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများမှ ပြည်တွင်းတွင်လိုအပ်သည့် ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ခြင်းကြောင့် ပြည်ပသွင်းကုန်များ လျှော့ချလာနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများ လျော့နည်းသက်သာလာမည်ဖြစ်သည့်အတွက် တိုင်းပြည်စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍတိုးတက်စေရန်အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုစနစ်ကို ခိုင်မာအောင်တည်ဆောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ရင်းနှီးမြှုပ်နှံမှု၊ အခွန်အခနှင့် လုပ်ငန်းလိုင်စင်ဆိုင်ရာ မူဝါဒများကို ရှင်းလင်း၍ ရိုးရှင်းအောင်ဆောင်ရွက်ပြီး စက်မှုလုပ်ငန်းများအတွက် လိုအပ်သောဝန်ဆောင်မှုနှင့် အခြေခံအဆောက်အဦများ စုစည်းပေးထားသည့် အထူးစက်မှုဇုန်များ (Industrial Zones)ကို တည်ဆောက်ပေးထားပြီးဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများတွင် နည်းပညာမျှဝေခြင်းများကို ထိထိရောက်ရောက် လုပ်ဆောင်ပေးနိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွင်းရှိ လုပ်ငန်းများတွင်လည်း စဉ်ဆက်မပြတ်တိုးတက်မှုရှိနေမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးဆောင်ရွက်ရာတွင် MSME ကဏ္ဍသည်လည်း လွန်စွာအရေးပါလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ယနေ့ခေတ်ကာလတွင် MSME များကို ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် စီးပွားရေးပတ်ဝန်းကျင်တွင် ရှင်သန်ရပ်တည်နိုင်ရန်အတွက် ဒစ်ဂျစ်တယ်စနစ်ကို မဖြစ်မနေပြောင်းလဲအသုံးပြုရန်လိုအပ်လျက်ရှိပြီး ဒစ်ဂျစ်တယ်စနစ်သည် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို တိုးတက်လာစေသည့် အကျိုးကျေးဇူးများစွာရရှိစေမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် နည်းပညာ၊ ငွေကြေးနဲ့ ဈေးကွက်ဆိုင်ရာ အကူအညီများစွာကို ကူညီပံ့ပိုးပေးလျက်ရှိကြောင်းနှင့် နိုင်ငံတော်အကြီးအကဲအနေဖြင့်လည်း ကုန်ထုတ်လုပ်မှုတွင် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူ့စွမ်းအားအရင်းအမြစ် ပြည့်စုံစေရေးဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားထားပြီးလည်းဖြစ်သည့်အတွက် MSME လုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရန် မိမိတို့အစိုးရ၊ လုပ်ငန်းရှင်နှင့် ပြည်သူများအားလုံးတို့မှ လက်တွဲညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့**ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မိမိတို့၏ပညာရေးဆိုင်ရာ မူဝါဒများအဖြစ် လူတိုင်းအတွက် ပညာသင်ယူမှုအခွင့်အလမ်းများမြှင့်တင်ရေး၊ နိုင်ငံသားတိုင်း KG+9 ပြီးမြောက်အောင်မြင်ရေး၊ သင်ရိုးညွှန်းတမ်းများ ပြုပြင်မွမ်းမံရေး၊ ဆရာအရည်အသွေးမြှင့်တင်ရေး၊ သင်ကြားသင်ယူမှုမြှင့်တင်ရေး၊ စီမံခန့်ခွဲမှုအရည်အသွေးမြှင့်တင်ရေးတို့အပြင် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများဖွင့်လှစ်ရေးတို့ကို အားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆရာ၊ ဆရာမများအရေးအတွက်နှင့်အရည်အချင်းများ ကောင်းမွန်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ဆရာ၊ ဆရာမများ အရည်အသွေးမြှင့်တင်ပေးရန်အတွက် သင်တန်းပေးခြင်းနှင့် ဘာသာစကားများ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဝေးလံခေါင်ဖျားသည့် ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် ဆရာ၊ ဆရာမများကို အလှည့်ကျစနစ်ဖြင့် တာဝန်ပေးအပ်ရန်လိုအပ်ပြီး ထိုက်သင့်သည့် သက်သာချောင်ချိရေးနှင့်အခွင့်အလမ်းများရရှိအောင်ဆောင်ရွက်ပေးရန်လည်း လိုအပ်ကြောင်း၊ ကျောင်းသားများရာနှုန်းပြည့်နီးပါး ကျောင်းတက်ရောက်ရေး၊ အတန်းစဉ် အောင်မြင်ရေးနှင့်ပညာရေးဆုံးခန်းတိုင်အောင် သင်ကြားပေးရန်လည်း လိုအပ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲမအောင်မြင်သူများကိုလည်း Job Training ပေး၍ အလုပ်လုပ်နိုင်ရန် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီးလည်းဖြစ်သည့်အပြင် အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ သင်တန်းများကိုလည်း ဝန်ကြီးဌာနများအလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့်အပြင် ထပ်မံတိုးချဲ့ ဖွင့်လှစ်ပေးရန်လည်း လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ ယနေ့ခေတ်တွင် ကိုယ်လက်လှုပ်ရှားမှုနည်းပါးသည့် နေထိုင်မှုပုံစံကြောင့် ရောဂါများဖြစ်ပွားလျက်ရှိကြောင်း၊ ထို့ကြောင့် ကိုယ်လက်လှုပ်ရှားနည်းပါးသူများအနေဖြင့် ကျန်းမာရေးအရ လမ်းလျှောက်လေ့ကျင့်ခန်းဆောင်ရွက်စေလိုကြောင်း၊ လမ်းလျှောက်ခြင်းသည် အချိန်မကုန်၊ ငွေကြေးကုန်ကျမှုမရှိသည့် အကောင်းဆုံးသော ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းတစ်ခုလည်းဖြစ်ကြောင်း၊ လာမည့် ဒီဇင်ဘာလသည် ကိုယ်လက်လှုပ်ရှားအားကစားရာသီဖြစ်သည့်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် လူထုလမ်းလျှောက်ပွဲများကို စည်စည်ကားကားသိုက်သိုက်ဝန်းဝန်းဖြင့် ပြည်သူလူထုမှ တက်တက်ကြွကြွဖြင့် ပါဝင်လာအောင် ယခုကာလတွင် လုပ်ဆောင်ပေးကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်တွင် မျိုးဆက်သစ်အားကစားသမားကောင်းများ ပေါ်ထွန်းလာရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲအနေဖြင့် မျိုးဆက်သစ်အားကစားသမားများမွေးထုတ်နိုင်ရန်အတွက် အခြေခံပညာကျောင်းနှင့် တက္ကသိုလ်များတွင် ဘောလုံးကွင်းများ၊ အားကစားကွင်းများအပြင် ပြည်နယ်နှင့် တိုင်းမြို့ကြီးများတွင်မိုးလုံလေလုံအားကစားရုံများ၊ Synthetic Rubber ပြေးလမ်းပါသည့် အားကစားကွင်း၊ ဘောလုံးကွင်းများကို အဆင့်မြှင့်ဆောင်ရွက်ပေးထားပါကြောင်း၊ သို့ဖြစ်၍ အဆိုပါအားကစားကွင်းများအား ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရမည့်အပြင် ထူးချွန်သည့် မျိုးဆက်သစ်ကစားသမားကောင်းများ ပေါ်ထွန်းလာစေရန်လည်း စဉ်ဆက်မပြတ်လေ့ကျင့်ပေးခြင်း၊ နည်းစနစ်များသင်ကြားလေ့ကျင့်ပေးခြင်းများစသဖြင့် ဆောင်ရွက်ပေးကြရန်လိုအပ်မည်ဖြစ်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့်အားကစားသမားများမွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် စီမံကိန်းဆိုင်ရာလုပ်ငန်းများတင်ပြရာတွင် ဝန်ကြီးဌာနများအနေဖြင့် မိမိတို့၏သက်ဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများအပေါ် မူတည်၍ စာရင်းဇယားတွင် ထည့်သွင်းဖော်ပြသည့် ကိန်းဂဏန်းများကို မှန်ကန်ရန်လိုအပ်ပြီး အရှိအတိုင်း တင်ပြကြရန်လိုအပ်ကြောင်း၊ အထူးသဖြင့်စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘဏ္ဍာရေးနှင့်သန်းခေါင်စာရင်း၊ ကုန်သွယ်ရေးကိစ္စများ စသည်တို့တွင် တိကျမှန်ကန်ရန် လိုအပ်ပါကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ နှစ်အလိုက် လုပ်ငန်းစီမံချက်များတွင် တင်ပြလာသည့် ကိန်းဂဏန်းအချက်အလက်များသည် မြေပြင်အရှိအခြေအနေနှင့် ကွဲလွဲတတ်သည့်အတွက် လုပ်ငန်းစီမံချက်များလျာထားဆောင်ရွက်ရာတွင် အားနည်းမှုများ ဖြစ်ပေါ်လေ့ရှိသဖြင့် ကြပ်မတ်စိစစ်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများသတ်မှတ်ကာလအတွင်း လုပ်ငန်းများအရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးနိုင်စေရေးကြီးကြပ်ဆောင်ရွက်သွားရန်လည်း လိုအပ်ကြောင်း။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ယခုလာမည့် ဒီဇင်ဘာလ ၂၈ ရက်မှစ၍အပိုင်း(၃)ပိုင်းဖြင့်ဆောင်ရွက်သွားမည်ကို သိရှိကြပြီးဖြစ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ထွန်းကားစေရေးအတွက် ယခုအချိန်တွင် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးသည် အရေးကြီးဆုံးကိစ္စရပ်ဖြစ်သည်ကို ပြည်သူလူထုက နားလည်သဘောပေါက်ပြီး လိုလားတက်ကြွစွာပူးပေါင်းပါဝင်လာစေရန်အတွက် သက်ဆိုင်သည့်အဖွဲ့အစည်းများအားလုံးက ဘက်ပေါင်းစုံမှစည်းရုံးဆောင်ရွက်သွားကြစေလိုကြောင်း။

ယခုအခါ မိမိတို့နိုင်ငံအတွင်း ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်၍ ရလဒ်ကောင်းများဖြစ်ပေါ်စေရေးအတွက်ကိုလည်း တာဝန်ရှိသူအဆင့်ဆင့်တို့မှ မျက်ခြည်မပြတ်စောင့်ကြည့်လျက် လိုအပ်ချက်များကို ချမှတ်ပေးထားသည့် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ကြပ်မတ်ထိန်းသိမ်းပေးကြရန်နှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက အမှာစာများအား ရှင်းလင်းဖတ်ကြားကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုဝန်ကြီးများ၏ တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်လှစ်

**မိုးနဲ နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်ပွဲကို နိုဝင်ဘာလ ၁၉ ရက်တွင် အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က သင်တန်းဖွင့်အမှာစကားပြောကြားကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးမောင်ခိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုပြောကြားပြီး တာဝန်ရှိသူများက သင်တန်းနည်းပြများထံ သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းကို ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ စက်ချုပ်လုပ်ငန်းများ ပိုမိုတွင်ကျယ်လာစေရန်၊ ခေတ်မီဆန်းသစ်သောအဝတ်အထည်များ ချုပ်လုပ်နိုင်စေရန်နှင့် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်ပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်းသိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# အမျိုးသမီး စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၉**

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှကြီးမှူး၍ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်မှ ၂၅ ရက်အထိ ကျရောက်သော ကမ္ဘာလုံးဆိုင်ရာစွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များ ရက်သတ္တပတ်-၂၀၂၅ (Global Entrepreneurship Week 2025) နှင့် ယနေ့တွင်ကျရောက်သော အမျိုးသမီး စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များနေ့-၂၀၂၅ (Women Entrepreneurship Day 2025) ကို ဂုဏ်ပြုသောအားဖြင့် “အတူတွဲ တည်ဆောက်ကြမည်၊ သူမအတွက် ရင်းနှီးမြှုပ်နှံကြစို့” ( Together We Build: Invest in Her) ဆောင်ပုဒ်ဖြင့် ကျင်းပသည့်အခမ်းအနားကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဗိုလ်ငွေး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မိတ်ဖက်အဖွဲ့အစည်းများ၏ ဥက္ကဋ္ဌများ၊ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းနာယက၊ အကြံပေးများ၊ ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းအနေဖြင့် အခမ်းအနားများကို နှစ်စဉ်အောင်မြင်စွာကျင်းပပြီး ယခုနှစ်တွင် “အတူတွဲ တည်ဆောက်ကြမည်၊ သူမအတွက် ရင်းနှီးမြှုပ်နှံကြစို့” ဟူသော ဆောင်ပုဒ်ဖြင့် အသိပညာပေးဆွေးနွေးသွားမည်ဟု သိရှိရကြောင်း၊ အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်အများစုသည် အသေးစား၊အလယ်စား၊အလတ်စားလုပ်ငန်းများစွာတို့ကို ဦးဆောင်နေကြသည်ဖြစ်ရာ ၎င်းတို့၏အောင်မြင်မှုသည် နိုင်ငံ၏ အလုပ်အကိုင်ဖန်တီးမှု၊ ဆန်းသစ်တီထွင်နိုင်မှုနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အရေးပါကြောင်း၊ “ သူမအတွက် ရင်းနှီးမြှုပ်နှံကြစို့ ” ဟူသည့် ဆောင်ပုဒ်နှင့်အညီ အမျိုးသမီးများ စီးပွားရေးတွင်ပါဝင်နိုင်ရေး ဝိုင်းဝန်းအားပေးကြရမည်ဖြစ်ကြောင်း။

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းအနေဖြင့် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များ၏စွမ်းပကားကို ကမ္ဘာမှသိရှိနိုင်ရန် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၀ မှ အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ ဂရိနိုင်ငံတွင်ကျင်းပခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်းညီလာခံသို့ တက်ရောက်ခဲ့ကြပြီး အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုလက်မှတ်ကိုလက်ခံရရှိခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကားပြောကြားခြင်း၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဥက္ကဋ္ဌ၊ အကြံပေး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ကုမ္ပဏီများ၏မန်နေးဂျင်းဒါရိုက်တာများက စီးပွားရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းများဆောင်ရွက်ကြပြီး မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ(၁)နှင့် ဒုတိယဥက္ကဋ္ဌ(၃) တို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားခြင်းများဆောင်ရွက်ကြသည်။

ဆက်လက်၍ စက်မှုဝန်ကြီးဌာနရှိ ရော်ဘာခြံများတွင် တာဝန်ထမ်းဆောင်နေသည့် ခြံတာဝန်ခံများနှင့်တွေ့ဆုံသည့် အခမ်းအနားကို စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာတို့က ရော်ဘာထုတ်လုပ်မှု တိုးမြှင့်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှု၊ ပင်အိုပင်ဟောင်းများအစားထိုးနိုင်ရေးအတွက် ပျိုးပင်များစုဆောင်းထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ၂၀၂၅ ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ဆက်လက်ကျင်းပ၊ ပုလဲအတွဲပေါင်း ၂၁၉ တွဲ ရောင်းချရ



**နေပြည်တော် နိုဝင်ဘာ ၁၉**

၂၀၂၅ ခုနှစ် အကြိမ်(၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်းပြည်ပရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းမှစတင်၍ ပြည်တွင်းပြည်ပရတနာကုန်သည်များသည်မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက်သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြပြီး ပြပွဲတွင် ရောင်းချမည့်ပုလဲအတွဲများကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေး၍ ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် ပုလဲအတွဲအမှတ်(၂၄၇)မှ အတွဲအမှတ် (၄၈၉)အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း ၂၁၉ တွဲ ရောင်းချရကြောင်း ကြေညာသည်။

ယနေ့ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ပုလဲအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးနေမှု၊ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသည့် ကျောက်မျက်အတွဲများ၊ ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ပြပွဲ စတုတ္ထနေ့တွင် ကျောက်မျက်အတွဲပေါင်း ၁၆၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပြီး အဆိုပါကျောက်မျက်အတွဲများအတွက် အခြေခံဈေးနှုန်းကို အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားကာ ဝယ်ယူခွင့်ရှိသည့်ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် နိုင်ငံခြားငွေသို့မဟုတ် ကျပ်ငွေဖြင့်လည်းကောင်း ပေးချေဝယ်ယူနိုင်မည်ဖြစ်သည်။

အလားတူ အုပ်စု(အေ၊ ဘီ၊ စီ) သုံးအုပ်စုခွဲထားသည့် ကျောက်စိမ်းအတွဲပေါင်း ၅၀၈၅ အနက် အုပ်စု(အေ)နှင့် အုပ်စု(ဘီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာလ ၂၁ ရက်မှ ၂၃ ရက်အထိလည်းကောင်း၊ အုပ်စု(စီ) မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာလ ၂၄ ရက်မှ ၂၆ ရက်အထိလည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့်လက်ဝတ်ရတနာ အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သန့်ကျော်**

# မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ စောင့်ကြည့်အကဲဖြတ်စိစစ်ရေးလုပ်ငန်းကော်မတီ ပဌမအကြိမ်အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၉**

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ စောင့်ကြည့်အကဲဖြတ်စိစစ်ရေးလုပ်ငန်းကော်မတီ ပဌမအကြိမ်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ယာယီအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ စောင့်ကြည့်အကဲဖြတ်စိစစ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ် လုပ်ငန်းကော်မတီဝင်များက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ကလေးအလုပ်သမားပပျောက်ရေးနှင့် ပတ်သက်၍ ကလေးများကို ကလေးအလုပ်သမားအဖြစ်ခိုင်းစေမှု၊ အထူးသဖြင့် အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေမှုများ လျော့နည်းပပျောက်စေရန်နှင့် ထိရောက်စွာတားဆီးကာကွယ်ရန်၊ ဥပဒေအရ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရှိသည့် ကလေးအလုပ်သမားများကို ဥပဒေနှင့်အညီ ထိရောက်စွာအကာအကွယ်ပေးရန်၊ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရေးနှင့် သက်မွေးပညာကျောင်းများ တက်ရောက်နိုင်ရေးတို့ကို စနစ်တကျစီမံဆောင်ရွက်ရန် ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စောင့်ကြည့်အကဲဖြတ်စိစစ်ရေး လုပ်ငန်းကော်မတီဝင်များအနေဖြင့် ဒုတိယငါးနှစ်လုပ်ငန်းစီမံချက်(၂၀၂၄-၂၀၂၈ ခုနှစ်)ကို အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အားနည်းချက်၊ အားသာချက်များ အပေါ် ပြန်လည်သုံးသပ်၍ ဒုတိယနှစ်ဝက်ကာလအတွင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် စောင့်ကြည့်အကဲဖြတ်စိစစ်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တက်ရောက်လာသည့် လုပ်ငန်းကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ပဲခူးမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု



**ပဲခူး နိုဝင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းနှင့်အဖွဲ့ဝင်များသည် နိုဝင်ဘာလ ၁၈ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုကြောင်းသိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့နယ် ကျိုက်ပဒိုင်လေးကျေးရွာရှိ ရွှေတိဂုံလေးစေတီတော်မြတ်ကြီး၌ ထုံးသင်္ကန်းကပ်လှူရောင်တော်ဖွင့်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ရွှေတိဂုံလေးစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်အား သွားရောက်ဖူးမြော်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် ပဲခူးမြို့နယ် မုက္ကလကျေးရွာ၌ ရွာအဝင်ကုန်ထုတ်လမ်း ယခင်မြေသားလမ်း အရှည် ၇ ဖာလုံ၊ အကျယ် ၁၂ ပေအား ဂဝံလမ်းအဖြစ်အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လမ်းဘေးဝဲ/ယာ၌ အရိပ်ရသော သီးပင်စားပင်များ စိုက်ပျိုးသွားရန်နှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး တာဝန်ရှိသူများအားမှာကြားပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ပန်းတိုင်အထွက်နှုန်းရရှိသည့် တန်ဖိုးမြှင့်ပေါ်ဆန်းစပါးမျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရေး အသိပညာပေးပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မုက္ကလကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနေမှုအား ကြည့်ရှုအားပေး၍ လိုအပ်သည်များပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆရာ၊ ဆရာမများအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မုက္ကလကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ စိုင်တီကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် တောင်သူစုကျေးရွာ ဦးကိတ္တိဘုန်းတော်ကြီးကျောင်းတို့သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အိုးဘိုကျေးရွာသို့သွားရောက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် အရှည်ပေ ၅၁၈၀၊ အကျယ် ၁၄ ပေ ကုန်ထုတ်လမ်းဖောက်လုပ်မည့်နေရာသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ကုန်ထုတ်လမ်းဘေး၌ ရေထုတ်မြောင်းများ ထည့်သွင်းဆောင်ရွက်ရန်နှင့် စိုက်ပျိုးရာသီအမီအချိန်မီပြီးစီးရေး တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးလျှောင်ကြီးကြောင့် ထိခိုက်ခဲ့သည့် ပဲခူးမြို့ ရွှေအောင်ရွှေးစေတီတော်မြတ်ကြီး၏ကုန်းတော်အား တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ပိုမိုကျစ်လျစ်ခိုင်မာမှုရှိစေရေး ကွန်ကရစ်လောင်းထည့်ခြင်းလုပ်ငန်း၊ ရင်ပြင်တော်ပြန်လည်တည်ဆောက်ခြင်းနှင့် ဓာတ်လှေကားတပ်ဆင်ပေးနိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစေရေး လိုအပ်သည်များမှာကြားကြောင်း သိရသည်။

ဥဿာတိုင်းသား

# စစ်ကိုင်းမြို့နယ်၌ ပဲကြီး ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**စစ်ကိုင်း နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲကြီး ဧက ၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခု ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စစ်ကိုင်းမြို့နယ်၌ ပဲကြီး ဧက ၃၅၃၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးကြရာ ယနေ့အထိ ဧက ၂၅၄၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"လျာထားချက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာစတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

စစ်ကိုင်းမြို့နယ်၌ ပဲကြီးစိုက်ပျိုးတောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးများပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်အတွင်းသာမက ပြည်ပဈေးကွက်များသို့ပါတင်ပို့ရောင်းချနိုင်သည်အထိအရည်အသွေးကောင်းမွန်ခြင်းကြောင့် အဆိုပါနည်းစနစ်များဖြင့် စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာနိုင်ကြောင်း သိရသည်။

(၄၀၉)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၁-၂၀၂၅(ကြာသပတေးနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မောင်မယ်လေးများ သိစေချင်
၃။ ၀၉:၀၀ ကျန်းမာသုတ
၄။ ၁၀:၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
၅။ ၁၁:၀၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ
၆။ ၁၂:၀၀ မြန်မာသံစဉ်ချိုနားဝင်
၇။ ၁၃:၀၀ ဝေမျှဆွေးနွေးလူငယ့်အရေး
၈။ ၁၄:၀၀ ပန်းပေါင်းစုံစွာ အနုပညာ
၉။ ၁၉:၀၀ **၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ဟောပြောချက် အစီအစဉ်**
၁၀။ ၂၀:၀၀ **မြဝတီရုပ်မြင်သံကြားသတင်း**

## MWD Variety Channel

၂၀-၁၁-၂၀၂၅(ကြာသပတေးနေ့)

၁။ ၀၉:၂၀ အားကစားနည်းသမိုင်းကြောင်း
၂။ ၁၀:၄၅ ဖန်တီးသူတို့အနုပညာ
၃။ ၁၁:၃၀ ကဗျာအလှ ရသလွင်ပြင်
၄။ ၁၂:၄၅ Variety Choice
၅။ ၁၄:၃၅ The Beautiful Land
၆။ ၂၁:၁၀ မှတ်တမ်းအစီအစဉ် (ရင်နှစ်သည်းချာရင်သွေးရတနာ အမြဲရှင်လန်းနေစေရာ)

## သင်းပျံ့မွှေးကြိုင် စာပန်းမြိုင်

❖ ချစ်တဲ့သူငယ်လေ
ကဗျာရေးဖက်၊ စာရေးဖက်တို့ရေ။
❖ ကဗျာရေးရေး၊ စာရေးရေး
ရေးဖွဲ့သီရာ၊ စေတနာမို့
ကဗျာလည်းလှ၊ စာလည်းလှသည်
အလှသစ်လွင် ယဉ်တော့တယ်။
❖ ကဗျာအလှ၊ စာအလှကို
ဘဝနဲ့ယှဉ်၊ အလှဆင်သည်
အလင်္ကာမြောက်လို့ သိမ်မွေ့တယ်။
❖ ကဗျာရေးသူ၊ စာရေးသူနဲ့
ထပ်တူခံစား၊ အတွေးပွားလို့
နိုးကြားအသိ တိုးတော့တယ်။
❖ ကဗျာကပေး၊ စာကပေးသည့်
ပေးသည့်ရသ၊ နှလုံးလှကာ
သုတတစ်ဖုံ၊ အမြင်စုံသည်
ထုံသင်းကြိုင်လို့ မွှေးတော့တယ်။
❖ ကဗျာကိုချစ်၊ စာကိုချစ်၍
ချစ်မြတ်နိုးစွာ၊ ရေးဖွဲ့ပါသည်
ကဗျာစာများ၊ တည်တံ့ပွားအောင်
ကြိုးစားကြစို့ ဖော်ချင်းတို့။
❖ အလိုလေ့အိုင်၊
"ဓမ္မအလာ၊ ဓမ္မပါသည့်
ဘဝကဗျာ၊ ဘဝစာ"ကို
အခါခါရေး၊
ကြောင်းကျိုးမြော်မြင်၊
ဆင်ခြင်တွေးတဲ့
လေးစားထိုက်သူ၊ လမ်းပြသူမို့
ဂုဏ်ယူမဆုံး၊ "အိုင်"ပန်းကုံးဖြင့်
ခြယ်မှုန်းဂုဏ်အင်၊ ဦးထိပ်တင်သည်
ဆင်စရာပန်း၊ အစဉ်ဖြာလန်းပါတဲ့
"စာပန်း"မြိုင်တယ်လေး။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၀-၁၁-၂၀၂၅(ကြာသပတေးနေ့)

၁။ ၀၆:၃၀ ခံစားနားဆင် မြန်မာသံစဉ်
၂။ ၁၀:၀၀ Internet Pages
၃။ ၁၄:၃၀ Live For You
၄။ ၁၇:၀၀ အနုပညာခရီးလမ်း
၅။ ၁၈:၂၀ Thazin Request Song
၆။ ၂၁:၂၀ လွမ်းသဝဏ်လွှာ

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၄/ ၂၀၂၅)

၁။ ကလေးသူငယ်များသည် နိုင်ငံ့အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးအပါဆုံးအခန်းကဏ္ဍ၌ ပါဝင်သူများဖြစ်ရာ ၎င်းတို့၏ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကို ဖော်ဆောင်ရန်လိုအပ်ပါသည်။ ယင်းလိုအပ်ချက်ကို ကမ္ဘာက အသိအမှတ်ပြုသည့်အနေဖြင့် ၁၉၅၉ ခုနှစ်တွင် ကုလသမဂ္ဂက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကြေညာစာတမ်း (Declaration of the Rights of the Child) ကို ထုတ်ပြန်ကြေညာခဲ့ပြီး ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့၌ ကုလသမဂ္ဂအထွေထွေညီလာခံက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ် (Convention on the Rights of the Child – CRC) ကို အတည်ပြုခဲ့ရာ ယင်းသဘောတူစာချုပ်မှာ အဖွဲ့ဝင်နိုင်ငံအများဆုံး လူ့အခွင့်အရေးဆိုင်ရာစာချုပ်ကြီးတစ်ခုဖြစ်ပါသည်။ အဆိုပါစာချုပ် အတည်ပြုခဲ့သော နိုဝင်ဘာလ ၂၀ ရက်နေ့ကို ကမ္ဘာ့ကလေးများနေ့ (World Children's Day) ဟု သတ်မှတ်ခဲ့ပြီး ယနေ့တွင် (၃၆) နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံသည် ၁၉၉၁ ခုနှစ်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ချုပ်ဆိုခဲ့သည့်အားလျော်စွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် ကလေးသူငယ်များအား ဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာအခွင့်အရေးများကို အညီအမျှ ခံစားခွင့်ရရှိစေရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ထို့ပြင် ကလေးသူငယ်များ၏ အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိရေးနှင့် လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆက်ဆံခွင့်ရရှိရေးတို့အတွက် အခွင့်အရေးများရှိကြောင်း နိုင်ငံတော်က အသိအမှတ်ပြုသကဲ့သို့ ဥပဒေပါ ကလေးသူငယ်အခွင့်အရေးများကို တန်းတူညီမျှစွာရရှိခံစားခွင့်ရှိသည်ဟု ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေ (၂၀၁၉ ခုနှစ်) တွင်ပြဋ္ဌာန်းထားပါသည်။


၃။ ကလေးသူငယ်များသည် အနာဂတ်အတွက် တန်ဖိုးရှိသော ရတနာများဖြစ်ရာ ၎င်းတို့၏အခွင့်အရေးများကို ရရှိခံစားစေခြင်းဖြင့် နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးရေးနှင့် ကလေးသူငယ်များဘဝဖွံ့ဖြိုးရေးတို့တွင် ကလေးသူငယ်များ ကိုယ်တိုင်ဖော်ဆောင်နိုင်ကြမည်ဖြစ်ပါသည်။ ကလေးသူငယ်အခွင့်အရေးများကို သိရှိနိုင်ရေးနှင့် လက်လှမ်းမီ တန်းတူညီမျှရရှိရေးတို့ကို အလေးအနက်ထား၍ ဂရုပြုဆောင်ရွက်ပေးရမည်ဖြစ်ရာ နိုင်ငံတော်ကလည်း ကလေးသူငယ်များ ဖွံ့ဖြိုးရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

၄။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ အဓိကလုပ်ငန်းတာဝန်နှစ်ရပ်ဖြစ်သည့် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတို့ကို အစဉ်တစိုက်ဆောင်ရွက်လျက်ရှိရာတွင် အများပြည်သူအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် အခြေခံပညာဆရာ/ဆရာမများအား ကလေးသူငယ်ဆိုင်ရာအခွင့်အရေးများကို အသိပညာပေးခြင်း၊ စာအုပ်စာတမ်းများ ဖြန့်ဝေခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် ကလေးသူငယ်အားလုံးကို တည်ဆဲဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာအခွင့်အရေးနှင့် အကာအကွယ်တို့ကို တန်းတူညီမျှရရှိစေရန် ကလေးပြုစုစောင့်ရှောက်ရေးဂေဟာများ၊ လူငယ်သင်တန်းကျောင်းများ၊ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စစ်ဆေးတွေ့ရှိမှုအပေါ် အကြံပြုချက်များကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ဆောင်ရွက်လျက် ရှိပါသည်။

၅။ အတွေးအမြင်သစ်များဖြင့် တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်သော ကမ္ဘာကြီးကို ပုံဖော်နိုင်သည့် ကလေးသူငယ်များ၏အရေးပါမှုကို သတိပြုလျက် ယခု ၂၀၂၅ ခုနှစ်၏ဆောင်ပုဒ်ဖြစ်သော **"Listen to children: my day, my rights" (နေ့စဉ် အခွင့်အရေးများမြှင့်တင်ရေး ကလေးများအသံ နားထောင်ပေး)** နှင့်အညီ ကလေးသူငယ်များ၏ ဆန္ဒသဘောထားများကို နားထောင်၍ ၎င်းတို့၏ပါဝင်ဆောင်ရွက်ခွင့်ကို သက်ဆိုင်သူများက အသိအမှတ်ပြုကြရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ကလေးသူငယ်များ၏ အခြေခံအခွင့်အရေးများရရှိခံစားစေရေး ကဏ္ဍအသီးသီးမှ တာဝန်ရှိသူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် ကမ္ဘာ့ကလေးများနေ့တွင် အလေးအနက်တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်

## မိုးလေဝသ သတင်း




| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| ဟားခါး | ၆.၂°C |
| တီးတိန် | ၈°C |
| ပူတာအို | ၁၀°C |
| ဟုမ္မလင်း | ၁၁°C |
| လွိုင်လင် | ၁၂°C |
| မချမ်းဘော | ၁၂.၅°C |
| မင်းကင်း | ၁၃.၂°C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ညောင်ရွှေ | (၂.၀၁)လက်မ |
| တာချီလိတ် | (၁.၇၈)လက်မ |
| ကျိုင်းတုံ | (၁.၆၆)လက်မ |
| လွိုင်လင် | (၁.၅၇)လက်မ |
| မိုင်းပျဉ်း | (၁.၄၈)လက်မ |
| တောင်ကြီး | (၁.၂၉)လက်မ |
| လဲချား | (၁.၀၆)လက်မ |
| ဟိုမိန်း | (၀.၉၅)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၄ | ၂၇ |
| ရှမ်း(မြောက်) | ၁၈ | ၂၇ |
| ရှမ်း(အရှေ့) | ၁၈ | ၂၁ |
| ရှမ်း(တောင်) | ၁၅ | ၂၂ |
| ချင်း | ၇ | ၂၀ |
| စစ်ကိုင်း(အထက်) | ၁၄ | ၃၀ |
| စစ်ကိုင်း(အောက်) | ၂၀ | ၃၂ |
| နေပြည်တော် | ၂၂ | ၃၁ |
| မန္တလေး | ၂၂ | ၃၄ |
| မကွေး | ၂၁ | ၃၂ |
| ရခိုင် | ၂၃ | ၃၂ |
| ပဲခူး | ၂၁ | ၃၃ |
| ရန်ကုန် | ၂၄ | ၃၂ |
| ဧရာဝတီ | ၂၃ | ၃၂ |
| ကယား | ၁၈ | ၂၃ |
| ကရင် | ၂၂ | ၃၃ |
| မွန် | ၂၂ | ၃၂ |
| တနင်္သာရီ | ၂၂ | ၃၁ |

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## ကရင်ပြည်နယ်လူငယ်စင်တာ၌ ရွေးကောက်ပွဲဆိုင်ရာသင်တန်းဖွင့်

ဘားအံ နိုဝင်ဘာ ၁၉

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အခြေခံအကျဆုံးအခန်းကဏ္ဍတွင်တာဝန်ယူဆောင်ရွက်ကြမည့် ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သောလုပ်ငန်းများကို ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရေး၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ ကရင်ပြည်နယ်လူငယ်စင်တာ၌ ကျင်းပသည်။



ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယခုသင်တန်း၌ ပို့ချသင်ကြားပေးမည့် သင်ခန်းစာများကို စိတ်ပါဝင်စားစွာသင်ယူပြီး လာမည့် ဒီဇင်ဘာလ ၂၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးမည့် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ရေးနှင့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဘားအံခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်ကျော်ထွန်းက သင်တန်းနှင့်ပတ်သက်သော အချက်အလက်များကို ရှင်းလင်းပြောကြားပြီး ဘားအံမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၈၈ အုပ်စု၌ မဲရုံပေါင်း ၂၁၈ ရုံဖြင့် ရွေးကောက်ပွဲကျင်းပသွားမည်ဖြစ်ရာ မဲရုံတစ်ရုံလျှင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှစ်ဦးစီဖြင့် သင်တန်းသားပေါင်း ၄၃၆ ဦးကို သင်တန်းအပတ်စဉ်(၄)ပတ်ခွဲ၍ (၁)ပတ်စဉ်လျှင် နှစ်ရက်နှုန်းဖြင့် မဲပေးစက်များထုတ်ယူခြင်း၊ တပ်ဆင်အသုံးပြုခြင်း၊ မဲရုံအဖွဲ့ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း၊ ရွေးကောက်ပွဲမကျင်းပမီတစ်ရက်အလို ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ မဲရုံမဖွင့်မီဆောင်ရွက်ရန်နှင့် မဲပေးနေစဉ်ဆောင်ရွက်ရန်ကိစ္စရပ်များ၊ မဲပေးခြင်းလုပ်ငန်းစဉ်ပြီး ရလဒ်များရေတွက်ခြင်း၊ ပုံစံဖြည့်သွင်းခြင်း၊ ပစ္စည်းများထုပ်ပိုးအပ်နှံခြင်းကိစ္စရပ်များကို ပို့ချသရုပ်ပြ၍ လက်တွေ့ဆောင်ရွက်စေမည်ဖြစ်ပြီး ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး နှစ်ဦးစီဖြင့် သင်တန်းသားပေါင်း ၁၇၆ ဦးကို သင်တန်း(၂)ပတ်စဉ်ဖြင့် မဲပေးစက်ထုတ်ယူခြင်း၊ ထုတ်ပေးခြင်း၊ တပ်ဆင်အသုံးပြုခြင်း၊ မဲစာရင်းကပ်ထားကြေညာခြင်း၊ ကြိုတင်မဲပေးခြင်း၊ မဲရုံများပြင်ဆင်ခြင်း၊ မဲရုံများကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာလုပ်ငန်းများကို ပို့ချသရုပ်ပြလက်တွေ့ဆောင်ရွက်စေမည်ဖြစ်ကာ အဆိုပါသင်တန်းများကို နိုဝင်ဘာလ ၁၉ ရက်မှ ၂၈ ရက်ထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တက်ရောက်လာကြသူများကို ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်ကာ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ မအူပင်မြို့နယ်၊ လေးအိမ်စုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)နှင့်အတူ လိုက်ပါလာသည့် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်တွင် တပ်မတော်မြစ်တွင်းသွားဆေးရုံ ရေယာဉ် (ရွှေပုဇွန်)ပေါ်၌ မွေးဖွားပေးခဲ့သော ထနီးကျေးရွာနေ အဖ ဦးသက်ပိုင်မှူး၊ အမိ ဒေါ်ဇင်မီမီထက်တို့၏ အသက် ၂ နှစ်အရွယ်ရှိ သားမောင်စိုးထက်ရွှေအား တာဝန်ရှိသူများက ဆေးရုံရေယာဉ်ပေါ်တွင် ခေါ်ယူတွေ့ဆုံ၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ချီးမြှင့်ပေးအပ်သည့် ကလေးပစ္စည်းများနှင့်အာဟာရပြည့်အစားအစာများကို ပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၉**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ လေးအိမ်စုကျေးရွာရှိ စတုဘုမ္မိကမဟာသတိပဋ္ဌာန်းကျောင်းတိုက်၌အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၉၆ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၈၄ ဦး၊ ခွဲစိတ်ရောဂါ ၂၂ ဦး၊ သားဖွား/မီးယပ်ရောဂါ ၅၆ ဦး၊ ကလေးရောဂါ ၈၆ ဦး၊ အရိုးရောဂါ ၃၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၀ ဦး၊ မျက်စိရောဂါ ၄၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၄ ဦး၊ မျက်စိခွဲစိတ်လူနာ ၃ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၈ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်တွင် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)ပေါ်၌ မွေးဖွားပေးခဲ့သော ထနီးကျေးရွာနေ အဖ ဦးသက်ပိုင်မှူး၊ အမိ ဒေါ်ဇင်မီမီထက်တို့၏ အသက် ၂ နှစ်အရွယ်ရှိ သားမောင်စိုးထက်ရွှေအား တာဝန်ရှိသူများက ဆေးရုံရေယာဉ်ပေါ်တွင် ခေါ်ယူတွေ့ဆုံ၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ချီးမြှင့်ပေးအပ်သည့် ကလေးပစ္စည်းများနှင့် အာဟာရပြည့်အစားအစာများကို ပေးအပ်ခဲ့ပြီး လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။






ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိခဲ့ရပါတယ် –

“ကျွန်မကတော့ OG လာပြတာပါ။ ဒီမှာက အခမဲ့ဆိုတော့ အကုန်အကျလည်း သက်သာတော့ ဒီကိုလာပြတာပါ။ ထနီးကျေးရွာကနေ ဒီကိုလာရတာ လမ်းလျှောက်ပြီးလာရတော့အဝေးကြီးပဲ။ ပိုက်ဆံမရှိတဲ့သူတွေဆိုရင် လာလို့ရတာပေါ့နော်။ ဒီလေးအိမ်စု စာသင်ကျောင်းနားလေးပေါ့နော်။ အကုန်လုံးကတော့ အဆင်ပြေပါတယ်။ သဘောလည်း ကောင်းကြပါတယ်။ ဆရာ၊ ဆရာမတွေ အကုန်လုံးကလည်း ဖော်ဖော်ရွေရွေရှိကြပါတယ်။ အဲ့ဒီလို မကြာခဏလေး လာကုသပေးတော့ သမီးတို့လို မရှိတဲ့သူတွေကျတော့ အများကြီးအဆင်ပြေပါတယ်။ ဒီလေးအိမ်စုကို လာကုပေးတဲ့ ဆရာ၊ ဆရာမတွေအကုန်လုံးကို ကျေးဇူးတင်ပါတယ်။ အခုလို ဆေးကုသပေးဖို့ စေလွှတ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူများအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်လို့ သမီးကပြောချင်ပါတယ်”ဟုပြောသည်။

“နယ်လှည့်ဆေးကုသရေးအဖွဲ့နဲ့လာမွေးတဲ့အခါကြတော့ အစစအရာရာ အဆင်ပြေတယ်။ သွားရေးလာရေးရော ငွေကြေးပိုင်းကအစ အကုန်လုံးထောက်ပံ့ပေးတယ်။ မွေးတုန်းကဆိုရင် ထောက်ပံ့ငွေက တစ်သိန်း၊ ကလေးအနှီးက နှစ်ပါကင်၊ ကြက်ဥက တစ်ကတ်၊ အိုဗာတင်းက တစ်ဘူး၊ လက်ဖက်ရည်ပါကင်ထုပ် တစ်ထုပ် ထောက်ပံ့ပေးပါတယ်။ ခွဲစိတ်ခတွေလည်း မပေးရဘူး။ အကုန်လုံးက FOC လုပ်ပေးတာပါ။ နယ်လှည့်ဆေးကုသရေးအဖွဲ့ တစ်နှစ်တစ်ခါလာတဲ့အခါကျတော့ ညီမတို့ ဒီနယ်ကလူတွေအတွက်ကတော့ ပိုအဆင်ပြေတာပေါ့။ ရွာဘက်မှာနေတာကြာတော့ ဆေးတကယ့်တကယ် ကုသလို့ရှိရင် မြို့ပေါ်ကိုသွားနေရတယ်။ မြို့ပေါ်သွားရတော့ လမ်းစရိတ်တွေ၊ အချိန်တွေကအစ အများကြီးပေးရပါတယ်။ ငွေရေးကြေးရေးကအစ အများကြီးကွာတယ်။ ဒီမှာကျတော့ ဆေးလာကုသပေးတဲ့အခါကျတော့ ပိုက်ဆံလည်းမပေးရဘူး။ ဆရာကြီးတွေနဲ့ တွေ့ပြီးတော့ တိုက်ရိုက်စမ်းသပ်ရတဲ့အခါကျတော့ ပိုအဆင်ပြေပါတယ်။ ဆေးရုံမှာ သီးသန့်သွားမွေးရမယ်ဆိုရင်တော့ ဒီတိုင်းအခက်အခဲလေးတော့ရှိတာပေါ့။ ဒါပေမဲ့ ဒီမှာပဲလာမွေးလိုက်တော့ ဒီကဗိုလ်ကြီးတွေရော အကုန်လုံးက အစစအရာရာအဆင်ပြေအောင်လုပ်ပေးပါတယ်။ အပြင်မှာ ဒီအတိုင်းမွေးမယ်ဆိုရင် ပိုက်ဆံကုန်မယ်။ ဒီမှာကျတော့ ကလေးထောက်ပံ့ကြေးပါ ပြန်ရတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အကြီးအကဲတွေရော၊ ဒီကဗိုလ်ကြီးတွေရော အကုန်လုံးကို ကျေးဇူးတင်ပါတယ်။

(၁၀၀)

## ထူးခြားသည့်ညအပူချိန်များ

၁၉-၁၁-၂၀၂၅

| | | | |
|---|---|---|---|
| | | ဟုမ္မလင်း | ၁၁ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| ဟားခါး | ၆ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် | လွိုင်လင် | ၁၂ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၈ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | မချမ်းဘော | ၁၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| ပူတာအို | ၁၀ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | မင်းကင်း | ၁၃ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် |

## ရွှေသောင်ယံကမ်းခြေသို့ ခရီးသွားဧည့်သည် ၁၇၀၀၀ ကျော် လာရောက်လည်ပတ်

**ပုသိမ် နိုဝင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ ပြီးခဲ့သည့်အောက်တိုဘာလအတွင်း ခရီးသွားဧည့်သည် ၁၇၀၀၀ ကျော် လာရောက်လည်ပတ်ကြောင်း ရွှေသောင်ယံကမ်းခြေခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ချယ်ရီမြင့်၏ ပြောကြားချက်အရသိရသည်။

ရွှေသောင်ယံမြို့ရှိ ရွှေသောင်ယံကမ်းခြေသို့ပြီးခဲ့သည့်စက်တင်ဘာလအတွင်း ခရီးသွားဧည့်သည် ၁၃၄၅၇ ဦး လာရောက်လည်ပတ်ပြီး အောက်တိုဘာလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်းခရီးသွားဧည့်သည် ၁၇၂၄၃ ဦး လာရောက်လည်ပတ်ခဲ့သည်။

ရွှေသောင်ယံကမ်းခြေ၌ ဟိုတယ်နှင့်တည်းခိုရိပ်သာအလုံးရေ ၂၀ ကျော်ဖြင့် ကမ်းခြေသို့ လာရောက်သည့် ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ အဆိုပါကမ်းခြေကိုလာရောက်သည့် ခရီးသွားဧည့်သည်များပြားခဲ့သည့်အတွက် ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများရှိ အခန်းများပြည့်သည်အထိဖြစ်ခဲ့ကြောင်း သိရသည်။

**သုတကျော်**

# (၂၄)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းဆိုင်ရာညီလာခံနှင့် (၅၃)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းကောင်စီအစည်းအဝေးများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၉

(၂၄)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းဆိုင်ရာညီလာခံနှင့်(၅၃)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းကောင်စီအစည်းအဝေးများကို မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် မြန်မာနိုင်ငံဘဏ်များအသင်းနှင့် အာဆီယံဘဏ်များအသင်းတို့က ကြီးမှူး၍ ယနေ့တွင် ရန်ကုန်မြို့ Novotel Yangon Max Hotel ၌ကျင်းပသည်။

အဆိုပါညီလာခံသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသက်ထွန်းအောင်၊ အာဆီယံဘဏ်များအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ၊ အာဆီယံနိုင်ငံအသီးသီး၏ ဘဏ်များအသင်းမှ ကိုယ်စားလှယ်အဖွဲ့များ၊ နိုင်ငံပိုင်ဘဏ်များ၊ ပြည်တွင်းပုဂ္ဂလိကဘဏ်များ၊ နိုင်ငံခြားဘဏ် ဘဏ်ခွဲများ၊ နိုင်ငံခြားဘဏ်လက်အောက်ခံဘဏ်များမှ CEO များနှင့် တာဝန်ခံများ၊ ဘဏ်များ၏ အာမခံလုပ်ငန်း Partners များ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှကိုယ်စားလှယ်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ ဖိတ်ကြားထားသူများ တက်ရောက်သည်။






အဆိုပါ အာဆီယံဘဏ်လုပ်ငန်းဆိုင်ရာညီလာခံတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောဦး၊ အာဆီယံဘဏ်များအသင်း ဥက္ကဋ္ဌ Mr Jose Teodoro K. Limcaoco တို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ပြီး အာဆီယံအတွင်းရေးမှူးချုပ် Dr. Kao Kim Hourn က ဗီဒီယိုဖြင့် အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ယနေ့ကျင်းပသည့် အခမ်းအနားသည် အာဆီယံဘဏ်လုပ်ငန်းနယ်ပယ်အတွက် အလွန်အရေးကြီးကြောင်း၊ ညီလာခံ၏ဆောင်ပုဒ်ဖြစ်သည့် "Optimizing Banking in a Digital Age: Successes and Challenges" သည် မျက်မှောက်ကာလအခြေအနေကို အပြည့်အဝထင်ဟပ်စေကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာများ တိုးတက်လာခြင်းသည် အာဆီယံဒေသတွင်းနိုင်ငံများ၏ ငွေရေးကြေးရေးကဏ္ဍတွင် အားလုံးပါဝင်လာရေး၊ ပိုမိုကောင်းမွန်သည့်ဝန်ဆောင်မှုများ ပံ့ပိုးပေးနိုင်ရေးနှင့် နယ်စပ်ဖြတ်ကျော်ပေးချေမှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးတို့ကို အထောက်အကူဖြစ်စေသော်လည်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ တိုက်ခိုက်ခံရမှု၊ လိမ်လည်မှုနှင့် ကိန်းဂဏန်းအချက်အလက်လုံခြုံမှုစသည့် ဆုံးရှုံးနိုင်ခြေအသစ်များကိုလည်း ဖြစ်ပေါ်လာစေနိုင်ကြောင်း၊ အာဆီယံငွေရေးကြေးရေးအသိုက်အဝန်းအနေဖြင့်လည်း ASEAN Payment Connectivity၊ cross-border QR code payments နှင့် regional open banking framework စသည့် ပူးပေါင်းဆောင်ရွက်မှုများကိုပြုလုပ်နိုင်ခဲ့ကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် သမားရိုးကျဘဏ်လုပ်ငန်းနှင့် ဒစ်ဂျစ်တယ်စနစ်တို့ကိုပါ အသုံးပြုနိုင်သည့် ecosystem ကို တည်ဆောက်လျက်ရှိကြောင်း ပြောကြားပြီး ပြည်တွင်း၌ ငွေပေးချေမှုများကို လွယ်ကူချောမွေ့စေပြီး နိုင်ငံဖြတ်ကျော်ပေးချေမှုများကိုပါ ဆောင်ရွက်နိုင်မည့် National QR Code ဖြစ်သည့် MMQR ကို အကောင်အထည်ဖော်ခဲ့သည့် အခြေအနေများ ဆွေးနွေးသည်။

ဆက်လက်၍ အာဆီယံနိုင်ငံများအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ကြုံတွေ့နေရသည့် ဆုံးရှုံးနိုင်ခြေများကို ကာကွယ်ရန်အတွက် Fundamental Framework တစ်ခု ပိုမိုအားကောင်းရန် လိုအပ်ကြောင်း၊ ယနေ့ကျင်းပသည့် အာဆီယံဘဏ်လုပ်ငန်းဆိုင်ရာညီလာခံသည် ဒေသတွင်းနိုင်ငံများ၏ဘဏ်လုပ်ငန်းကို ဦးစီးဦးဆောင်ပြုနေသည့် ခေါင်းဆောင်များအကြား ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းစေရေးကို အထောက်အကူပြုနိုင်မည်ဟုယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံဘဏ်လုပ်ငန်းဆိုင်ရာညီလာခံတွင် တက်ရောက်လာသည့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက အာဆီယံဒေသတွင်း မေခရိုစီးပွားရေးအလားအလာများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကမ္ဘာ့နိုင်ငံများ၏ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးကဏ္ဍ ပြောင်းလဲဖြစ်ပေါ်တိုးတက်လာမှုနှင့်အတူ အာဆီယံနိုင်ငံများမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဘဏ္ဍာရေးလုပ်ငန်း၏ အနာဂတ်-ဒစ်ဂျစ်တယ်ခေတ်တွင် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ကောင်းမွန်စွာ ပံ့ပိုးပေးနိုင်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒစ်ဂျစ်တယ်ခေတ်တွင် ဘဏ်လုပ်ငန်းဝန်ဆောင်မှုပေးရာ၌ ကြုံတွေ့နေရသည့်စိန်ခေါ်မှုများနှင့် ရရှိလာနိုင်သည့် အောင်မြင်မှုများခေါင်းစဉ်ဖြင့်လည်းကောင်း၊ ငွေပေးချေမှုများဆောင်ရွက်ရာ၌ ကြုံတွေ့နေရသည့် အွန်လိုင်းမှတစ်ဆင့် လိမ်လည်မှုများခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးသည်။

ဆက်လက်၍ (၂၄)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်းဆိုင်ရာညီလာခံနှင့် (၅၃)ကြိမ်မြောက် အာဆီယံဘဏ်လုပ်ငန်း ကောင်စီအစည်းအဝေးများ ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ၍ နိုဝင်ဘာလ ၁၉ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ Novotel Yangon Max Hotel ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

## မိုးစစ်(တိုးချဲ့) ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေ ပုဒ်မ(၆)၊ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့နယ်အတွင်း ကျရောက်နေသည့်ဧရိယာအကျယ်အဝန်း(၆၇၀၆)ဧက ရှိသောနယ်မြေကို မိုးစစ်(တိုးချဲ့)ကြိုးပြင်ကာကွယ်တောအဖြစ် အမိန့်ကြော်ငြာစာအမှတ် (၉၄ /၂၀၂၅)အရ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၂ ရက် (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သဘာဝသစ်တောများ ရေရှည်တည်တံ့စေရန်နှင့် သစ်နှင့်သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် စနစ်တကျထုတ်ယူသုံးစွဲနိုင်စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများပေါကြွယ်ဝပြီး သစ်တောဖုံးလွှမ်းမှုတိုးတက်ကောင်းမွန်စေရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောများဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။



မိုးစစ်(တိုးချဲ့)ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် အထက်ရွက်ပြတ်ရောနှောတောစိုသစ်မျိုးများဖြစ်သည့် ကျွန်း၊ အင်ကြင်း၊ ထောက်ကြံ့၊ ဖန်ခါး၊ သစ်ဖြူ၊ လက်ပံ၊ တောင်တမာ၊ တောသရက်၊ ကညင်၊ မအူ၊ သပြေ၊ တင်းဝါး၊ ဝါးဖြူ၊ ဝါးပိုး၊ သိုက်ဝါး၊ တောင်ကြိမ်၊ ကြိမ်နီစသည့် ဒေသမျိုးရင်းများအား ထိန်းသိမ်းနိုင်မည့်အပြင် ဂျီ၊ ဆတ်၊ ပြောင်၊ စိုင်၊ မျောက်၊ တောကြောင်၊ တောကြက်နှင့် ကျေးငှက်မျိုးစုံစသည့် တောရိုင်းတိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသများအား ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ခြင်း၊ ဒေသအခေါ် ခန္ဓဲချောင်း ရေဝေရေလဲဧရိယာအား ထိန်းသိမ်းကာကွယ်နိုင်ခြင်း၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ ဝါး၊ ကြိမ်နှင့် အခြားသစ်တောထွက်ပစ္စည်းများအား ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ခြင်း၊ သစ်တောဖုံးလွှမ်းမှုတိုးတက်လာပြီး ရာသီဥတုမျှတကောင်းမွန်လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ၁၉-၁၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၉၇၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”ခြင်းမှအစတည် “ရွှေ၊ ဖွံ့၊ သာ စေမည့် တို့တိုင်းပြည်”

ဇော်မင်းထွန်း(ရေနံချောင်း)
မန္တလာကိုကိုဝင်း

နိုင်ငံတစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ခု သို့မဟုတ် လူမှုရေးအသင်းအဖွဲ့တစ်ခုအတွက် ဆောင်ပုဒ် ဆိုသည်မှာ မရှိမဖြစ်လိုအပ်သော လမ်းညွှန်ကြယ်ပွင့်နှင့် တူပါသည်။ ၎င်းသည် ထိုအဖွဲ့အစည်း၏ ရည်မှန်းချက်၊ စံတန်ဖိုးနှင့် ခံယူချက်များကို စုစည်းဖော်ပြထားသည့် စကားလုံးအနည်းငယ်မျှသာဖြစ်သော်လည်း လက်တွေ့ကျပြီး လူအများ၏အသိဉာဏ်ထဲသို့ စွဲမြဲစွာ သယ်ဆောင်သွားနိုင်စွမ်းရှိသည်။ ထိုဆောင်ပုဒ်များသည် အတွေးအခေါ်သက်သက်မျှမဟုတ်ဘဲ၊ လုပ်ငန်းဆောင်တာများအတွက် ခိုင်မာသောလမ်းညွှန်ချက်နှင့်စိတ်ဓာတ်ခွန်အားများကိုလည်း ဖြစ်စေသည်။ ထိရောက်သောဆောင်ပုဒ်တစ်ရပ်သည် အဖွဲ့ဝင်တိုင်းအား တစ်သားတည်းသောအမြင်ဖြင့် ရည်မှန်းချက်ဆီသို့ စည်းလုံးညီညွတ်စွာဦးတည်စေပြီး အဖွဲ့အစည်း၏ပုံရိပ်ကို လူထုကြားတွင် ခိုင်မာစွာ တည်ဆောက်ပေးနိုင်စွမ်းရှိပါသည်။

> ❖ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရာတွင်လည်း မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများ၏ဆောင်ရွက်ပုံအတိုင်း ပုံတူကူးချခြင်းမျိုးမပြုဘဲ မြန်မာနိုင်ငံ၏သမိုင်းကြောင်း၊ လူနေမှုစနစ်၊ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်ကိုက်ညီသော ဒီမိုကရေစီစနစ်ကို မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် မြန်မာနိုင်ငံတော်အစိုးရနှင့်မြန်မာပြည်သူပြည်သားများက ဆောင်ရွက်သွားမည်ဖြစ် . . . .

## လေ့လာ၊ လေ့ကျင့်၊ လိုက်နာ

မြန်မာ့တပ်မတော်တွင်လည်း “လေ့လာ၊လေ့ကျင့်၊ လိုက်နာ” ဟူသောဆောင်ပုဒ်သည် ယခုနိုင်ငံတော်အကြီးအကဲတာဝန်ထမ်းဆောင်နေသူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်တိုင် ၂၀၁၆ ခုနှစ်မှ စတင်ချမှတ်ကျင့်သုံးစေခဲ့ပြီး တပ်မတော်တစ်ရပ်လုံးကို လက်တွေ့ဆောင်ရွက်စေခဲ့သည့် ဆောင်ပုဒ်ဖြစ်သည်။ လေ့လာ၊ လေ့ကျင့်၊ လိုက်နာဟူသော ဆောင်ပုဒ်၏အဓိပ္ပာယ်မှာကျယ်ပြန့်သလို လက်တွေ့ကျသော ဆောင်ပုဒ်လည်းဖြစ်သည်။ ဆောင်ပုဒ်၏လုပ်ငန်းစဉ်မှာ ယခုခေတ်ကာလအခြေအနေအချိန်အခါနှင့်အညီ ပြောင်းလဲတိုးတက်နေသော စစ်နည်းဗျူဟာနှင့် လက်နက်နည်းစနစ်များကို စဉ်ဆက်မပြတ်လေ့လာရမည်။ တိုးတက်ပြောင်းလဲလာနေသော စစ်လက်နက်ပစ္စည်း၊ နည်းပညာများနှင့် ကျွမ်းကျင်မှုရှိလာစေရန် အမြဲတမ်းလေ့ကျင့်နေရမည်။ ယခုကဲ့သို့ လေ့လာ၊ လေ့ကျင့်ခဲ့သည်များကို လက်တွေ့နယ်ပယ်တွင် မိမိ၏ဆင်ခြင်သုံးသပ်မှုနှင့် စစ်ပညာ၊ စစ်ဥပဒေသ၊ သိပ္ပံပညာရပ်များနှင့်အတူ လိုက်နာကျင့်သုံး အကောင်အထည်ဖော်သွားရမည်ဟူ၍ဖြစ်သည်။

တပ်မတော်အတွက် ထိရောက်ကောင်းမွန်သော၎င်းဆောင်ပုဒ်ကိုလိုက်နာကျင့်သုံးပြီး အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် တည်ဆောက်နိုင်ခဲ့သည့်အပြင် နိုင်ငံတော်၏အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍနှင့် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်နိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်အတွက် မည်သည့်တာဝန်ကို ထမ်းဆောင်ရသည်ဖြစ်စေ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအတွက် တိကျစေ့စပ်သေချာထိရောက်သည့် ဆောင်ပုဒ်များ၊ ရည်မှန်းချက်များချမှတ်ပြီး အောင်မြင်အောင် ဆောင်ရွက်သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပွားခဲ့သော မဲမသမာမှုဖြစ်စဉ်များကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ တပ်မတော်က နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ယူခဲ့ရသည်။

၎င်းကာလအတွင်း မဲမသမာမှုကျူးလွန်ခဲ့၍ ပါတီနှင့် အဖွဲ့အစည်းများအနေဖြင့် တိုင်းပြည်ကိုထင်သလို ခြယ်လှယ်ခွင့်မရသည့်အခါ အစိုးရအနေဖြင့် အုပ်ချုပ်၍မရအောင်နည်းလမ်းမျိုးစုံသုံးခဲ့သည်။ အကြမ်းဖက်မှုမျိုးစုံကို လုပ်ဆောင်ခဲ့ကြသည်။ တပ်မတော်ကသာ ကျစ်လျစ်ခိုင်မာမှုမရှိခဲ့လျှင် ထိုအကြမ်းဖက်မှုများကြောင့် နိုင်ငံတော်၏အချုပ်အခြာအာဏာ ဆုံးရှုံးသွားနိုင်သည်။ သို့သော် လေ့လာ၊ လေ့ကျင့်၊ လိုက်နာမှုအားကောင်းခဲ့သော တပ်မတော်သည် ထိုအခြေအနေဆိုးများကို ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ခြင်းဖြစ်သည်။

## ရည်မှန်းချက်များ

တပ်မတော်အနေဖြင့် နိုင်ငံတော်ဦးဆောင်မှုပြုရသည့်အခါ စည်းကမ်းစနစ်ကျနစွာ ရည်မှန်းချက်များချမှတ်ကာ နိုင်ငံတော်ကိုဘက်စုံထောင့်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းရာတွင် တပ်မတော်သားနှင့် အရပ်ဘက်ကိုယ်စားလှယ်များ အချိုးညီပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သည်။ တပ်မတော်၏သမိုင်းတွင် နိုင်ငံတော်ကိုဦးဆောင်မှုပြုသည့်အခါတိုင်း အရပ်ဘက်စစ်ဘက်မျှတစွာ ပါဝင်စေခဲ့သည်။

ရှေ့ဆက်သွားရမည့်ခရီးအတွက် ရည်မှန်းချက်များကိုလည်းချမှတ်ဆောင်ရွက်ခဲ့သည်။ နိုင်ငံရေးရည်မှန်းချက်အဖြစ် **“စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့်ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး”** တို့ကိုချမှတ်ထားသည်၊ ထို့အတူ အမျိုးသားရေးရည်မှန်းချက်အဖြစ် **“တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး”** တို့ကို ချမှတ်ထားသည်။

## နိုင်ငံရေးရည်မှန်းချက်

စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖော်ဆောင်ရန်အတွက် ရွေးကောက်ပွဲသည် အရေးကြီးပါသည်။ ပြည်သူလူထု၏ဆန္ဒအမှန်ကို ရွေးကောက်ပွဲများကသာ ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထို့အတွက်လည်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုင်ငံရေးပါတီပေါင်း ၅၇ ပါတီနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ၉၃ ဦးအပါအဝင် စုစုပေါင်း ကိုယ်စားလှယ်လောင်း ၄၉၃၅ ကျော်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယခုကျင်းပသော ရွေးကောက်ပွဲတွင် တိုင်းရင်းသားများနှင့်လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ လွှတ်တော်ထဲတွင် ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာနိုင်စေရန် ပြည်သူ့လွှတ်တော်ကို FPTP စနစ်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်ကို ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP–Mixed Member Proportion System)ဖြင့် အသုံးပြုဆောင်ရွက်သွားမည်ဖြစ်သည်။

ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရာတွင်လည်း မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများ၏ဆောင်ရွက်ပုံအတိုင်း ပုံတူကူးချခြင်းမျိုးမပြုဘဲ မြန်မာနိုင်ငံ၏သမိုင်းကြောင်း၊ လူနေမှုစနစ်၊ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ကိုက်ညီသော ဒီမိုကရေစီစနစ်ကို မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူပြည်သားများက ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## အမျိုးသားရေးရည်မှန်းချက်

တိုင်းပြည်သာယာဝပြောရေးအတွက် အဓိကလိုအပ်သည်မှာ တိုင်းပြည်ငြိမ်းချမ်းမှုရှိရန်ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးခိုင်မာတည်တံ့နေမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်စွာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်လျက်ရှိသည်။ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်မှ ယနေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့်ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက် ၂၇ ကြိမ် ထုတ်ပြန်ပေးခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ခေါင်းဆောင်များဖြင့်ဆွေးနွေးနိုင်ရေး ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။ NCA တွင်လက်မှတ်ရေးထိုးထားသောအဖွဲ့ခုနစ်ဖွဲ့နှင့် လက်မှတ်မရေးထိုးရသေးသည့်အဖွဲ့သုံးဖွဲ့တို့နှင့်ဆွေးနွေးနိုင်ခဲ့သည်။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီကလည်း NCA လက်မှတ်ရေးထိုးထားသော EAO များနှင့် ၉၁ ကြိမ်၊ NCA လက်မှတ်မရေးထိုးထားသော EAO များနှင့် ၂၅ ကြိမ်၊ နိုင်ငံရေးပါတီများနှင့် ၂၂ ကြိမ်၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် ၁၃ ကြိမ် ဆွေးနွေးခြင်းများဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင်လည်း နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်ကမ်းလှမ်းဖိတ်ခေါ်ခြင်းခေါင်းစဉ်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့က ထုတ်ပြန်ပေးထားသည်။ ထို့ပြင် ၂၀၂၅ ခုနှစ်တွင် ငြိမ်းချမ်းရေးစကားဝိုင်း (Peace Talk) တစ်ကြိမ်၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ (Peace Forum) တစ်ကြိမ်တို့ကိုလည်း ကျင်းပပြုလုပ်နိုင်ခဲ့သည်။

> ❖ တိုင်းပြည်သာယာဝပြောရေးအတွက် အဓိကလိုအပ်သည်မှာ တိုင်းပြည်ငြိမ်းချမ်းမှုရှိရန်ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးခိုင်မာတည်တံ့နေမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်စွာလုပ်ဆောင်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်လျက်ရှိ . . . .

## စားရေရိက္ခာဖူလုံရေး

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကိုခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်လျက်ရှိသည်။ ထို့ပြင် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။

စားရေရိက္ခာတိုးတက်ရေးအတွက်ဆောင်ရွက်ခဲ့ရာတွင် ၂၀၂၁ ခုနှစ်မှယနေ့အထိ စိုက်ဧကများတိုးချဲ့ခြင်း၊ စိုက်ပျိုးသီးနှံများကို ရာသီမပြတ်စိုက်ပျိုးခြင်းများဆောင်ရွက်ခဲ့သည်။ စိုက်ပျိုးမြေနှင့်သီးနှံစိုက်ဧရိယာတိုးတက်လာမှုအခြေအနေကို လေ့လာကြည့်ရာ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် စိုက်ပျိုးမြေဧရိယာဧက ၃၀၈၆၉၀၃၇ နှင့် သီးနှံစိုက်ဧရိယာဧက ၄၈၃၂၂၆၂၇ ရှိခဲ့ရာမှ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးမြေဧရိယာဧက ၃၀၉၆၈၉၆၃ နှင့် သီးနှံစိုက်ဧရိယာဧက ၅၂၀၂၉၅၄၈ အထိ တိုးတက်လာခဲ့သည်။

မွေးမြူရေးဇုန်များနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ဖော်ထုတ်ဆောင်ရွက်ထားရှိမှုအနေဖြင့် ကရင်ပြည်နယ်တွင် မွေးမြူရေးဇုန်နှစ်ခု၊ မကွေးတိုင်းဒေသကြီးတွင် မွေးမြူရေးဇုန်နှစ်ခု၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် မွေးမြူရေးဇုန်တစ်ခုစီနှင့်ရှမ်းပြည်နယ်တွင် မွေးမြူရေးဇုန်သုံးခုဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ပြည်ပသို့ ငါးတင်ပို့မှုအနေဖြင့် ၂၄၃၅၂၉ ဒသမ ၆၅၆ မက်ထရစ်တန်၊ ပုစွန်တင်ပို့မှု ၇၅၇၂ ဒသမ ၉၉၂ မက်ထရစ်တန်နှင့် အခြားရေထွက်ပစ္စည်းတင်ပို့မှု ၈၄၉၆၅ ဒသမ ၈၇၃ မက်ထရစ်တန် တင်ပို့နိုင်ခဲ့ရာမှ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ငါးတင်ပို့မှု ၃၉၃၁၇၄ ဒသမ ၅၄၅ မက်ထရစ်တန်၊ ပုစွန်တင်ပို့မှု ၉၁၄၆ ဒသမ ၆၁၅ နှင့် အခြားရေထွက်ပစ္စည်းတင်ပို့မှုမှာ ၁၅၁၅၇၂ ဒသမ ၀၆၆ မက်ထရစ်တန်အထိ တိုးမြှင့်တင်ပို့နိုင်ခဲ့ပါသည်။

စိုက်ပျိုးသီးနှံများပိုမိုတိုးတက်ထွက်ရှိမှုနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ တိုးတက်လာသည့်စိုက်ဧကများကို အောက်ပါဇယားအတိုင်း မြင်တွေ့နိုင်သည်–

စာမျက်နှာ ၁၄ သို့ ●

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၁၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မော်လမြိုင် | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | ကော့သောင်း | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၀၅ | ၂၇၀၀ | ၂၆၆၅ | ၂၆၀၀ | ၂၇၀၅ | ၂၇၂၀ | ၂၇၃၅ | ၂၆၅၅ | ၄၅၀၅ | ၂၉၅၀ | ၂၆၇၀ | ၂၈၉၀ | ၂၇၄၅ | ၂၇၁၀ | ၂၇၃၀ | ၂၉၀၅ |
| 95 Ron | ၂၆၆၀ | ၂၇၇၅ | ၂၇၄၀ | ၂၆၇၅ | ၂၇၈၀ | ၂၇၉၅ | ၂၈၀၅ | ၂၇၃၀ | ၄၅၆၀ | ၃၀၂၅ | ၂၇၅၀ | ၂၉၇၅ | ၂၈၂၀ | ၂၇၈၅ | ၂၈၀၀ | ၃၀၆၅ |
| HSD (500 ppm) | ၂၅၄၀ | ၂၆၅၅ | ၂၆၂၀ | ၂၅၅၅ | ၂၆၆၀ | ၂၆၇၅ | ၂၆၉၅ | ၂၆၁၅ | - | ၂၉၀၅ | ၂၆၃၀ | ၃၂၉၀ | ၂၇၀၀ | ၂၆၆၅ | ၂၆၉၀ | ၂၉၄၅ |
| HSD (50 ppm) | ၃၀၈၅ | ၃၂၀၀ | ၃၁၆၅ | ၃၁၀၀ | ၃၂၀၅ | ၃၂၂၀ | ၃၂၃၅ | ၃၁၅၅ | ၄၈၃၀ | ၃၄၅၀ | ၃၁၇၅ | ၃၃၄၅ | ၃၂၄၅ | ၃၂၁၀ | ၃၂၃၀ | ၃၄၉၀ |
| HSD (10 ppm) | ၃၀၈၅ | ၃၂၀၀ | ၃၁၆၅ | ၃၁၀၀ | ၃၂၀၅ | ၃၂၂၀ | ၃၂၃၅ | ၃၁၅၅ | - | ၃၄၅၀ | ၃၁၇၅ | ၃၃၄၅ | ၃၂၄၅ | ၃၂၁၀ | ၃၂၃၀ | ၃၄၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၂၀ | ၂၅၁၀ |
| 95 Ron | ၂၅၀၃ | ၂၅၈၆ |
| HSD (500 ppm) | ၂၃၀၇ | ၂၄၆၄ |
| HSD (50 ppm) | ၂၉၁၃ | ၃၀၀၁ |
| HSD (10 ppm) | ၂၉၁၃ | ၃၀၀၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးမိုးကို လူမှုဖူလုံရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၉**

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များအနည်းငယ်လျော့နည်းနိုင်သည်။ **(မိုး/ဇလ)**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ အဓိကသီးနှံများတိုးတက်စိုက်ပျိုးနိုင်မှုအခြေအနေ

| စဉ် | သီးနှံအမည် | ၂၀၂၀-၂၀၂၁ ခုနှစ် စိုက်ဧက | ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ဧက | တိုးတက်စိုက်ဧက |
|---|---|---|---|---|
| ၁ | စပါး | ၁၇,၂၀၂,၉၄၁ | ၁၇,၄၅၄,၀၉၈ | ၂၅၁,၁၅၇ |
| ၂ | အစေ့ထုတ်ပြောင်း | ၁,၃၇၅,၂၂၉ | ၁,၅၅၁,၄၆၇ | ၁၇၆,၂၃၈ |
| ၃ | မတ်ပဲ | ၂,၃၁၈,၂၁၁ | ၂,၆၀၃,၇၅၅ | ၂၈၅,၅၄၄ |
| ၄ | ပဲတီစိမ်း | ၂,၈၄၉,၉၆၇ | ၃,၂၃၇,၈၀၆ | ၃၈၇,၈၃၉ |
| ၅ | ပဲစင်းငုံ | ၁,၀၆၇,၂၀၉ | ၁,၁၄၁,၅၉၉ | ၇၄,၃၉၀ |
| ၆ | မြေပဲ | ၂,၈၁၈,၇၈၃ | ၃,၂၆၇,၅၃၇ | ၄၄၈,၇၅၄ |
| ၇ | နှမ်း | ၃,၇၉၉,၉၄၈ | ၃,၈၀၂,၂၇၉ | ၂,၃၃၁ |
| ၈ | နေကြာ | ၅၉၂,၂၀၆ | ၁,၀၇၀,၆၁၅ | ၄၇၈,၄၀၉ |
| ၉ | ဝါ | ၃၈၉,၉၇၀ | ၅၄၅,၃၆၁ | ၁၅၅,၃၉၁ |
| ၁၀ | ကြံ | ၇၄၁,၉၅၈ | ၇၆၆,၄၉၂ | ၂၄,၅၃၄ |
| ၁၁ | ကြက်သွန်ဖြူ | ၆၉,၅၄၁ | ၇၆,၀၇၈ | ၆,၅၃၇ |
| ၁၂ | ကြက်သွန်နီ | ၁၈၇,၃၈၅ | ၁၉၇,၂၁၃ | ၉,၈၂၈ |
| ၁၃ | အာလူး | ၇၄,၅၉၀ | ၆၇,၈၉၇ | -၆,၆၉၃ |
| ၁၄ | သရက် | ၂၆၅,၈၀၃ | ၂၇၂,၈၁၅ | ၇,၀၁၂ |
| ၁၅ | ဒူးရင်း | ၂၄,၀၅၉ | ၂၄,၀၄၄ | -၁၅ |
| ၁၆ | စပျစ် | ၄,၄၆၂ | ၄,၄၇၄ | ၁၂ |
| ၁၇ | ကော်ဖီ | ၅၀,၂၄၈ | ၆၃,၂၂၆ | ၁၂,၉၇၈ |
| | သီးနှံ(၆၁)မျိုး ပြည်ထောင်စုချုပ် | ၄၈,၃၂၂,၆၂၇ | ၅၂,၁၃၆,၆၄၂ | ၃,၈၁၄,၀၁၅ |

● စာမျက်နှာ ၁၃ မှအဆက်

စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ သွားရောက်စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များလမ်းညွှန်ခဲ့သည့်အတွက် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ထုတ်လုပ်နိုင်ခြင်းဖြစ်သည်။ ဤသို့ဆောင်ရွက်ခြင်းအားဖြင့် အမျိုးသားရေးရည်မှန်းချက်ကို အောင်မြင်စွာဆောင်ရွက်ခဲ့နိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

**စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့်ဆောင်ပုဒ်သုံးခု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်ပြီးနောက် ဖွဲ့စည်းခဲ့သော နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်လက်ထက်တွင်လည်း နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်တိုင်က **“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”**၊ **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”**၊ **“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”** ဟူသောဆောင်ပုဒ်သုံးခုချမှတ်ပေးခဲ့သည်။ **“ရွှေ၊ ဖွံ့၊ သာ”** ဟု အတိုကောက်မှတ်ယူနိုင်ပါသည်။

စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာ ကျန်ရှိသည့် ကာကွယ်ရေးမောင်းနှင်အားကဏ္ဍနှင့်နိုင်ငံရေးမောင်းနှင်အားကဏ္ဍအဆင်ပြေမည်ဖြစ်သည်။ စီးပွားရေးအင်အားတောင့်တင်းနေစေရန်အတွက် မိမိနိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အောင်မြင်စွာဖြစ်ထွန်းအောင် ဆောင်ရွက်ကြရမည်။ ထိုမှတစ်ဆင့် Agro-based Industry ဖြစ်မြောက်အောင်လည်း ဆောင်ရွက်ကြရမည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးအပါအဝင် ဒေသထွက်ကုန်ကြမ်းများကိုအသုံးပြုကာ MSME လုပ်ငန်းများကိုလည်း အောင်မြင်အောင်ဆောင်ရွက်ကြရန် နိုင်ငံတော်အစိုးရကဘက်စုံကဏ္ဍစုံမှ ပံ့ပိုးပေးလျက်ရှိပါသည်။ အရည်အသွေးမြင့်ပြည်တွင်းထွက်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေးအတွက် အခွင့်အလမ်းများကိုလည်း အစိုးရမှချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ကြောင့် **“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”** ဟူသောဆောင်ပုဒ်ကို ပထမဆုံးဆောင်ပုဒ်အဖြစ် သတ်မှတ်ပေးထားသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် ပညာတတ်လူသားအရင်းအမြစ်ပေါများနေရမည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးနှင့်ပတ်သက်လာလျှင် ဘက်စုံပညာရေးစနစ်ကိုကျင့်သုံးသည်။ အခြေခံပညာအလယ်တန်းအောင်မြင်သည်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှု စသည့်အသက်မွေးဝမ်းကျောင်းပညာသင်ယူနိုင်ရေးလမ်းကြောင်းကို သင်ယူခွင့်ရရှိအောင် စီမံပေးထားသည်။ ခရိုင် ၈၈ ခုတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုအထက်တန်းကျောင်း ၈၉ ကျောင်း ဖွင့်လှစ်ပေးထားပြီးဖြစ်သည်။ ထိုမှတစ်ဆင့်သက်ဆိုင်ရာဘွဲ့အသီးသီးရရှိစေရန် ဆက်လက်ကြိုးစားကြရမည်ဖြစ်သည်။ ယခင်ကစိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်ကို နေပြည်တော်ရေဆင်းတွင်သာရှိခဲ့သည်။ ယခုအခါဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်တစ်ခုကို ထပ်မံဖွင့်လှစ်နေပြီဖြစ်သည်။ ထို့အတူကွန်ပျူတာနှင့် နည်းပညာများကို ပေါင်းစပ်သင်ကြားပေးသည့် Polytechnic University ရှစ်ခုကို ဖွင့်လှစ်ထားပြီးဖြစ်သည်။ မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်တွင် Naypyitaw State Academy ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၉ ရက်ကတည်ထောင်ဖွင့်လှစ်ခဲ့သည်။ ယခုအခါသုံးနှစ်ပြည့်မြောက်ပြီဖြစ်ပြီး စဉ်းစားတွေးခေါ်ဖန်တီးမှုကို အားပေးသော၊ အရည်အသွေးပြည့်ဝသော သင်ကြားသင်ယူလေ့ကျင့်မှုများမှတစ်ဆင့်အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှုကို အားပေးသည့် အဆင့်မြင့်ပညာရပ်များကိုသင်ယူရာ ထိပ်တန်းတက္ကသိုလ်ဖြစ်လာစေရန် ဦးတည်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ပညာရေးသည် ဖွံ့ဖြိုးတိုးတက်မှုမှန်သမျှ၏ အဓိကအုတ်မြစ်ဖြစ်သည်။ ထို့ကြောင့် **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”** ဟူသော ဒုတိယဆောင်ပုဒ်ကို ချမှတ်ခြင်းဖြစ်သည်။

လူတိုင်းသည် ခိုင်မာလုံခြုံသောခြံစည်းရိုးနှင့် အိမ်ကြီးအိမ်ကောင်းတွင်နေထိုင်လိုကြသည်။ ထို့အတူ ပတ်ဝန်းကျင်သန့်ရှင်းကောင်းမွန်ခြင်းကို နှစ်သက်သည်။ ဖွံ့ဖြိုးတိုးတက်နေသောနိုင်ငံများရှိအဆောက်အအုံများနှင့် လမ်းများကိုမြင်တွေ့ရသည်မှာ မြင်ကွင်းကောင်းလှသည်။ ကားလမ်းများ၊ ရထားလမ်းများ၏ သဘာဝပတ်ဝန်းကျင်မှာလည်း သာယာငြိမ်းမောဖွယ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နေပြည်တော်မြို့တော်ကဲ့သို့ အခြားသောမြို့များတွင်လည်း သဘာဝပတ်ဝန်းကျင်သာယာလှပစေချင်သည်။ သစ်ပင်များစိုက်ပျိုးခြင်း၊ အမှိုက်များစနစ်တကျစွန့်ပစ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေမည့်အခိုးအငွေ့များကင်းစင်ခြင်းတို့သည် သဘာဝပတ်ဝန်းကျင်ကို ကောင်းမွန်အောင်ထိန်းသိမ်းခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကိုကောင်းမွန်စွာထိန်းသိမ်းခြင်းအားဖြင့် လေကောင်းလေသန့်ရရှိပြီး ကျန်းမာရေးကို ကောင်းမွန်စေသည်။ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်သယံဇာတများကို တရားလွန်ထုတ်ယူသုံးစွဲခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ပျက်စီးနိုင်သဖြင့် အလွန်အကျွံထုတ်ယူသုံးစွဲခြင်းတို့ကိုလည်း ရှောင်ကြဉ်ကြရမည်။ ထို့ကြောင့် **“နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”** ဟူသော တတိယဆောင်ပုဒ်ကိုချမှတ်ခြင်းဖြစ်သည်။

ဤဆောင်ပုဒ်သုံးခုမှာနိုင်ငံတော်တွင်မည်သည့်အစိုးရတာဝန်ယူသည်ဖြစ်စေ မလွှဲမသွေဆောင်ရွက်ရမည့် ရည်မှန်းချက်များလည်းဖြစ်သည်။

တပ်မတော်သည် အဓိကတာဝန်ကြီးသုံးခုဖြစ်သော ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်တို့ကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”** ဟူသောဆောင်ပုဒ်နှင့်အညီ ကျင့်ကြံနေထိုင်ဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့အခြေခံကောင်းများရှိခြင်းကြောင့်လည်း နိုင်ငံတော်တာဝန်ကို ဦးဆောင်ရသည့်အခါတွင်လည်း နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်သော၊ အချိန်အခါမရွေးလိုအပ်သော ရည်မှန်းချက်များ၊ ဆောင်ပုဒ်များချမှတ်ကာ အောင်မြင်တိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြစ်ပါသည်။ စိတ်ဓာတ်ခိုင်မာမှုနှင့် ဖွဲ့သတ္တိပြည့်ဝမှု၊ လေ့ကျင့်သားပြည့်ဝမှု၊ သန္နိဋ္ဌာန်စိတ်ဖြင့် ရည်မှန်းချက်ပြီးမြောက်အောင်ဆောင်ရွက်မှုတို့ကြောင့်ဖြစ်သည်။ ထိုအောင်မြင်မှုများမှာ မျက်စိဖြင့်မြင်နိုင်သောအရာများဖြစ်သည်။ အမှန်ကိုအမှန်အတိုင်း မြင်အောင်ကြည့်တတ်ကြရမည်ဖြစ်သည်။ အခက်အခဲမျိုးစုံကိုရင်ဆိုင်ကျော်လွှားကာ နိုင်ငံတော်ကိုပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရ၊တပ်မတော်၏ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများကို ထင်ရှားစွာမြင်တွေ့နေရသည့်အတွက် **“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”** ခြင်းမှအစတည် **“ရွှေ ၊ ဖွံ့ ၊ သာ စေမည်တို့တိုင်းပြည်”** သို့ရောက်ရှိအောင် ပို့ဆောင်ပေးလျက်ရှိသည်ကို ဂုဏ်ပြုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော်  နိုဝင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူ ၃၆၄ ဦးအား နယ်မြေခံတပ်မတော်ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။





တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများနှင့်သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသမှုဆိုင်ရာရောဂါ ၇၆ ဦး၊ ခွဲစိတ်ရောဂါ ၃၃ ဦး၊ သားဖွားမီးယပ်ရောဂါ၁၀ဦး၊ကလေးရောဂါ ၁၅ ဦး၊ အရိုးရောဂါ ၆၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၆ ဦး၊ မျက်စိရောဂါ ၁၂၃ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၆ ဦး တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် မျက်စိခွဲစိတ်လူနာ ၁၀ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၂၄ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၀ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဒေသခံပြည်သူများ၏ ဆေးဝါးကုသမှုခံယူနေမှုများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး ဆေးကုသမှုခံယူကြသည့် ဒေသခံပြည်သူများ အဆင်ပြေစေရန်အတွက် မော်တော်ယာဉ်များဖြင့် အကြို/အပို့ ဆောင်ရွက်ပေးသည့်အပြင် နံနက်စာ ကျွေးမွေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိခဲ့ရပါတယ် -

"ကျွန်မခါးနာနေလို့လာပြတာပါ။ ပထမတော့နည်းနည်းနာတာပေါ့။ အလုပ်လုပ်





နေတဲ့အခါကျတော့ ခါးကကြွလာရင် တအားနာလာတယ်၊ အခုနယ်လှည့်ဆေးကု သံလွင်သင်္ဘောကြီး ရောက်နေတယ်ဆိုတာ သိရတယ်။ ဆေးဗိုလ်ကြီးတွေ၊ ပါရဂူကြီးတွေလည်း ပါတယ်ဆိုတော့ ခါးနာတာလာပြတာပါ။ သင်္ဘောကြီးနဲ့ပါလာတဲ့ ပါရဂူကြီးတွေ တပ်မတော်ဆေးရုံက ဆရာဝန်တွေပေါ့နော်၊ ပြီးလို့ရှိရင် နိုင်ငံတော်အကြီးအကဲတွေ အခုလိုမျိုး စားစရာသောက်စရာတွေ အပြည့်အစုံနဲ့ ထမင်းဘူးတို့ရေတို့ကအစ ဘာမှကြည့်စရာမလိုအောင်လုပ်ပေးတဲ့အတွက် အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်မတို့လိုမျိုး လာပြတဲ့လူနာတွေ အကုန်လုံးကို လိုလေသေးမရှိ အကုန်ပြီး



နယ်မြေခံတပ်မှတာဝန်ရှိသူများက ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများပေးအပ်စဉ်။

ပြည့်စုံအောင်လုပ်ပေးတဲ့အတွက် အားလုံးကျန်းမာချမ်းသာပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်" ဟုပြောသည်။

"မျက်လုံးကြည့်ရတာအဆင်မပြေလို့ လာပြတာဖြစ်ပါတယ်။ အရင်တုန်းကဆိုရင် ညီမတို့ဆေးခန်းသွားပြရင်သွားရေးလာရေး အဆင်မပြေတာတွေဖြစ်တယ်။ အခုလိုမျိုး ရေယာဉ်နဲ့လာပြီးကုပေးတဲ့အတွက်ညီမတို့လည်းအဆင်ပြေတယ်။ လာရောက်ကုသပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်ရှင်" ဟုပြောသည်။

(၁၀၀)

# လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ရှိ ဝါးအလယ်ကျွန်းသို့ အပန်းဖြေခရီးသွားများစတင်ဝင်ရောက်

ရန်ကုန်  နိုဝင်ဘာ ၁၉

ပင်လယ်ပြင်သဘာဝအလှ၊ သစ်တောနှင့် ရှားပါးတိရစ္ဆာန်များ ရှင်သန်တည်ရှိရာ လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်ကြီးတွင် ဖွင့်လှစ်ထားရှိသည့် ဝါးအလယ်ကျွန်းအပန်းဖြေစခန်းသို့ ခရီးသွားများ စတင်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် သဘာဝအလှတရားများ၊ ကုန်းနေ၊ရေနေ သတ္တဝါများရှင်သန်ရာ ဥယျာဉ်ကြီးတစ်ခုဖြစ်ပြီး လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ထဲမှ ဝါးအလယ်ကျွန်း အပန်းဖြေစခန်းသည် တောတွင်းအပန်းဖြေစခန်းတစ်ခုဖြစ်၍ နိုဝင်ဘာလဒုတိယပတ်တွင် စတင်ဖွင့်လှစ်ကာ မတ်လတွင် ပိတ်သိမ်းလေ့ရှိသည်။

ယခုနှစ်ခရီးသွားရာသီတွင် ပြည်တွင်းခရီးသွားများဝင်ရောက်လျက်ရှိကာ ဒီဇင်ဘာလကုန်ပိုင်းတွင် နိုင်ငံခြားခရီးသွားပိုမို



ဝင်ရောက်မည်ဟု ကော့သောင်းမြို့ ခရီးသွားဝန်ဆောင်မှု ကုမ္ပဏီများက ခန့်မှန်းထားကြောင်း သိရသည်။

ဒီရေရောက်သစ်တောအတွင်း ကယက်လှေစီး၍ ရှားပါးအပင်မျိုးစိတ်များနှင့် ငှက်များကို လှေလာကြည့်ရှုနိုင်သော သဘာဝအခြေခံခရီးသွားလုပ်ငန်းဖော်ဆောင်ထားရာ သဘာဝပတ်ဝန်းကျင်နှင့် ပင်လယ်သတ္တဝါများ ထိန်းသိမ်းစောင့်ရှောက်ရာ နေရာတစ်ခုအဖြစ် နိုင်ငံခြားခရီးသွားများ နှစ်ခြိုက်ကြသည်။

"ဆောင်းရာသီရောက်လာပြီဆိုရင် ဝါးအလယ်ကျွန်းရဲ့ ပင်လယ်၊ သစ်တောနဲ့ ကုန်းနေ၊ ရေနေသတ္တဝါတို့ရဲ့ သဘာဝအလှကို ကြည့်ရှုခံစားလိုတဲ့အတွက် ပြည်တွင်းပြည်ပခရီးသွားတွေ လာရောက်လည်ပတ်လေ့ရှိပါတယ်။ ဒီနှစ်ခရီးသွားရာသီမှာ ဝါးအလယ်ကျွန်း အပန်းဖြေစခန်းကို ခရီးသွားဝင်ရောက်နေပါပြီ။ ဒေသခံဆလုံတိုင်းရင်းသားတို့ရဲ့ ရိုးရာဓလေ့ကိုလေ့လာခွင့်ရတဲ့အပြင် သန့်ရှင်းလတ်ဆတ်တဲ့ ပင်လယ်အစားအစာတွေက နောက်တစ်ကြိမ်လာရောက်လည်ပတ်ဖို့ စွဲဆောင်နေပါတယ်" ဟု လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးကြည်ဦးက ပြောသည်။

ဝါးအလယ်ကျွန်းအပန်းဖြေစခန်းတွင် ပျမ်းမျှအားဖြင့် နိုင်ငံခြားသားခရီးသွားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ၈၀၀နှင့် နှစ်ဦးလျှင် ၁၅၀၀ဖြင့် ဝန်ဆောင်မှုပေးလေ့ရှိပြီး ခရီးသွားလာမှုမြန်ဆန်စေရန် လေယာဉ်ခရီးစဉ်များဖြင့် သွားလာလေ့ရှိကြကြောင်း သိရသည်။

ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟာစနစ်များ ထူးခြားစွာတည်ရှိနေသည့် လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်သည် တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုတွင်တည်ရှိသည်။ ကပ္ပလီပင်လယ်အတွင်းရှိ ကမ်းရိုးတန်းကီလိုမီတာ ၆၀၀ အကွာ၊ ကျွန်းပေါင်း ၈၀၀ ကျော်တွင်ပါဝင်သော အဏ္ဏဝါအမျိုးသားဥယျာဉ်ကြီးတစ်ခုဖြစ်သည်။ အမြဲစိမ်းသစ်တောများ၊ လမုတောများ၊ ပင်လယ်မြက်များ၊ သန္တာကျောက်တန်းများနှင့် ကမ္ဘာတွင် မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ကုန်းနေ၊ ရေနေသတ္တဝါများနှင့် ရှားပါးတိရစ္ဆာန်များ၊ အပင်မျိုးစိတ်များ ရှင်သန်ကျက်စားရာ အဏ္ဏဝါဥယျာဉ်ကြီးတစ်ခုအဖြစ် ပြည်တွင်းပြည်ပခရီးသွားများကို စွဲဆောင်လျက်ရှိသည်။

ဓာတ်ပုံ-ဖွဲ့မာန်၊ သစ္စာ(MNA)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် အာဆီယံဒေသတွင်း၌ အမြင့်မားဆုံးအားကစားပြိုင်ပွဲတစ်ခုဖြစ်သည့်အတွက် ယခုပြိုင်ပွဲမှတစ်ဆင့် အာရှနှင့်ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများအထိ ဆက်လက်ပြီးဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး မျှော်မှန်းကြိုးပမ်းသွားကြစေလို





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အားကစားအဖွဲ့များအသုံးပြုမည့် အားကစားနည်းများအလိုက် အသုံးအဆောင်ပစ္စည်းများအား ပြခန်းတစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

☆ ရှေ့ဖုံးမှအဆက်

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအိုလံပစ်ကောင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ဝင်များက အသင်းအလိုက် ဂါရဝပြုမိတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး စတင်ကျင်းပရန် ရက်ပိုင်းခန့်သာလိုတော့ကြောင်း၊ သွားရောက်ပြိုင်ပွဲဝင်ကြမည့် အားကစားမောင်မယ်များအားလုံး ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ၊ အားကစားပညာရပ်ပိုင်းဆိုင်ရာအပါအဝင် အစစအရာရာအသင့်ဖြစ်နေကြပြီဟု ယုံကြည်ကြောင်း။

နိုင်ငံတစ်ဝန်းရှိ မိဘပြည်သူများအားလုံးကလည်း အားကစားမောင်မယ်များ၏ ဖွဲ့လုံ့လ၊ ဝီရိယအပြည့်အဝဖြင့် **"ပွဲမဝင်ခင်အပြင်ကကျင်းပ"** ဆိုသည့်အတိုင်း အားကြိုးမာန်တက် ပြင်းပြင်းထန်ထန်လေ့ကျင့်ပြင်ဆင်နေကြသည်များကို တွေ့မြင်သိရှိကြပြီး အောင်မြင်မှုရရှိရေး အားပေးကြရန် စိတ်အားထက်သန်လျက်ရှိကြကြောင်း။

**"လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှယုံကြည်၊ ယုံကြည်မှ ရဲရင့်၊ ရဲရင့်မှ အောင်ပွဲခံ"** ဆိုသည့်အတိုင်း လေ့ကျင့်သားပြည့်ဝပြီး ယုံကြည်မှုခိုင်မာစွာဖြင့် အောင်နိုင်လိုစိတ်များအပြည့်နှင့်ယှဉ်ပြိုင်ကြရန် အသင့်ဖြစ်နေကြပြီဟုလည်း မျှော်လင့်ကြောင်း။

အားကစားမောင်မယ်တို့အတွက် ယခုပြိုင်ပွဲကြီးသည် နိုင်ငံတော်အတွက် ဆုတံဆိပ်များဆွတ်ခူးပြီး အားကစားလူချွန်လူကောင်းများဖြစ်သည်ကို လက်တွေ့ပြသနိုင်မည့် အခွင့်အလမ်းကောင်းတစ်ရပ်လည်းဖြစ်ကြောင်း၊ အဆိုပါအခွင့်အလမ်းကြီးကို အမိအရဆုပ်ကိုင်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်သွားနိုင်ကြမည်ဟုလည်း နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက ယုံကြည်မျှော်လင့်လျက်ရှိကြောင်း၊ ထိုသို့ နိုင်ငံတော်နှင့်မိဘပြည်သူများ၏ ယုံကြည်မျှော်လင့်ချက်များကို အကောင်အထည်ဖော်ရန် မောင်တို့မယ်တို့အနေဖြင့် ရေကုန်ရေခန်းအားထုတ်ကြိုးပမ်းသွားကြမည်ဟုလည်း အလေးအနက်ယုံကြည်ကြောင်း။

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း (၅၄)မျိုး ထည့်သွင်းကျင်းပမည်ဟုသိရှိရပြီး မိမိတို့နိုင်ငံအနေဖြင့် အချိန်ယူစခန်းသွင်းလေ့ကျင့်ခဲ့ပြီး အဆင့်မီမီပါဝင်ယှဉ်ပြိုင်နိုင်မည့် အားကစားနည်း (၃၈) မျိုးတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ လက်ရွေးစင်အားကစားသမားများကို လေ့ကျင့်ရာတွင် အထောက်အကူပြုရေးအတွက် အားကစားဆေးဘက်ဆိုင်ရာ၊ စိတ်ပညာဆိုင်ရာနှင့် တားမြစ်ဆေးဝါးအကြောင်း အသိပညာဆွေးနွေးပွဲပေါင်း (၁၄)ကြိမ်ကျင်းပပေးခဲ့ခြင်းအပြင် လက်ရွေးစင်အားကစားသမားများအတွက် ဆေးပစ္စည်းများ ဖြည့်တင်းပေးခဲ့ပြီး စခန်းသွင်းလေ့ကျင့်ရေးအတွက်စားစရိတ်၊ ထောက်ပံ့ကြေး၊ လေ့ကျင့်ရေးသုံးပစ္စည်း၊ ပြိုင်ပွဲသုံးပစ္စည်းကုန်ကျစရိတ်များကိုလည်း နိုင်ငံတော်ဘဏ္ဍာမှ ကျခံသုံးစွဲဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ထို့အပြင် ပြိုင်ပွဲတွင် အဆင့်မီမီယှဉ်ပြိုင်ရန်နှင့် ပြည်ပအတွေ့အကြုံရရှိစေရန်အတွက် ပြည်ပနိုင်ငံများသို့ အားကစားနည်း(၂၉)မျိုးကို (၁၁၉)ကြိမ် သွားရောက်ယှဉ်ပြိုင်စေခဲ့ပြီးဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများတွင် ပူးတွဲလေ့ကျင့်မှုအဖြစ် အားကစားနည်း (၁၆)မျိုးကို အကြိမ်(၃၀) စေလွှတ်လေ့ကျင့်စေခဲ့ကြောင်း၊ နိုင်ငံခြားသားနည်းပြ (၅)ဦးကိုလည်း နိုင်ငံတော်စရိတ်ဖြင့် ငှားရမ်းလေ့ကျင့်စေရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပြီးခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအသင်းသည် အားကစားနည်း (၁၉) နည်း ဝင်ရောက်ယှဉ်ပြိုင်ရာမှ ရွှေတံဆိပ် ၂၁ ဆု၊ ငွေတံဆိပ် ၂၅ ဆု၊ ကြေးတံဆိပ် ၆၈ ဆု စုစုပေါင်း (၁၁၄) ဆုရရှိခဲ့သည်ကို နိုင်ငံတော်က ဆုကြေးငွေစုစုပေါင်းငွေကျပ် ၃၃၃,၃၀၀,၀၀၀/- (ကျပ်သုံးထောင်သုံးရာသုံးဆယ့်သုံးသိန်းတိတိ) ချီးမြှင့်ခဲ့ကြောင်း။

**ယခု(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်မည့်မြန်မာအားကစားအဖွဲ့အနေဖြင့် ယခင်ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အကြိမ်များထက် ဆုတံဆိပ်ပိုမိုရရှိအောင် စွမ်းဆောင်**ပေးကြရန် မှာကြားချင်ကြောင်း၊ **သို့မှသာ မြန်မာအားကစားအဖွဲ့၏ အောင်မြင်မှုသမိုင်းကို တိုးတက်မှုနှင့် မှတ်တမ်းတင်သွားနိုင်ကြမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဂုဏ်ကိုလည်း မြှင့်တင်ပေးရာရောက်မည်ဖြစ်**ကြောင်း။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် အာဆီယံဒေသတွင်း၌ အမြင့်မားဆုံး အားကစားပြိုင်ပွဲတစ်ခုဖြစ်သည့်အတွက်

ယခုပြိုင်ပွဲမှတစ်ဆင့် အာရှနှင့်ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများအထိ ဆက်လက်ပြီး ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး မျှော်မှန်းကြိုးပမ်းသွားကြစေလိုကြောင်း၊ အားကစားပြိုင်ပွဲဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယ ကြိုးပမ်းအားထုတ်မှုများနှင့် စည်းလုံးညီညွတ်မှုများကို တရားမျှတစွာ ဖော်ထုတ်ပြသနိုင်သည့် စွမ်းရည်ယှဉ်ပြိုင်မှုလည်းဖြစ်ကြောင်း။

အမိမြန်မာနိုင်ငံတော်နှင့် မြန်မာနိုင်ငံသားအားလုံး၏ဂုဏ်သိက္ခာနှင့် သက်ဆိုင်၍လည်း ပြိုင်ပွဲတိုင်းအနိုင်ရရှိရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မြန်မာအားကစားအဖွဲ့ဝင်အားလုံး၏ ပခုံးထက်တွင်ရှိနေသည်ကိုလည်း သတိပြုနှလုံးသွင်းထားကြရမည်ဖြစ်ကြောင်း။

တစ်မျိုးသားလုံး သက်ရှည်ကျန်းမာစေရေးအတွက် အားကစားကဏ္ဍသည်အရေးကြီးကြောင်း၊ **“အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်”** ဆိုသည့် ဆောင်ပုဒ်အတိုင်း အားကစားစိတ်ဓာတ်သည် တိုင်းချစ်ပြည်ချစ်စိတ်ကို ဖြစ်ပေါ်လာစေပြီး တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်လိုသည့်စိတ် ပေါ်ပေါက်လာစေမည်ဖြစ်သည့်အတွက် အားကစားကဏ္ဍကို အားပေးမြှင့်တင်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့တာဝန်ယူနေစဉ်ကာလတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကို ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့က ကျန်းမာရေးဝန်ကြီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနဆိုပြီး သီးခြားစီဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် ငယ်ရွယ်စဉ်ကတည်းက ပညာသင်ယူခြင်းနှင့်အတူ အားကစားလိုက်စားခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန်ပြည့်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်လာအောင် ပြုစုပျိုးထောင်သွားမည့် ရည်ရွယ်ချက်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက်က အာရှအားကစားပြိုင်ပွဲနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရယူပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကြီးများကိုစဉ်ဆက်မပြတ် ဂုဏ်ပြုချီးမြှင့်ပေးခဲ့ပြီး အသက်(၆၀)ပြည့်မြောက်သည့်အချိန်မှစ၍ သက်ရှိထင်ရှားရှိနေသမျှကာလပတ်လုံး လစဉ်ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်လျက်ရှိကြောင်း၊ ထို့အပြင် နိုင်ငံတော်၏ နေ့ကြီး၊ ရက်ကြီးများတွင်လည်း နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို ဝဏ္ဏကျော်ထင်ဘွဲ့၊ လူမှုထူးချွန်တံဆိပ် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့် စသည်ဖြင့် ထိုက်ထိုက်တန်တန်ချီးမြှင့်ဂုဏ်ပြုပေးလျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ်အထိ ဝဏ္ဏကျော်ထင်ဘွဲ့ ၂၁ ဦး၊ လူမှုထူးချွန်တံဆိပ် (ပထမအဆင့်) ၆၅ ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယအဆင့်) ၄၈ ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယအဆင့်) ၇၈ ဦး၊ စုစုပေါင်း (၂၁၂) ဦး ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း၊ ချီးမြှင့်ရန်ကျန်ရှိသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကိုလည်း ဆက်လက်ပြီး စိစစ်ချီးမြှင့်ဂုဏ်ပြုပေးသွားမည်ဖြစ်သကဲ့သို့ ယခုပြိုင်ပွဲတွင် နိုင်ငံတော်အတွက် ဆုတံဆိပ်များရယူပေးကြမည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားမောင်မယ်များအနေဖြင့်လည်း အလားတူအခွင့်အရေးများ ရရှိလာကြမည်ဖြစ်ကြောင်း။

ယခုနိုင်ငံတော်ကိုကိုယ်စားပြုပြီး သွားရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများသည် ကျန်းမာကြံ့ခိုင်မှု၊ နည်းစနစ်ပိုင်းနိုင်ကျွမ်းကျင်မှု၊ အားကစားစွမ်းဆောင်ရည်မြင့်မားမှု၊ စံချိန်စံညွှန်းကောင်းမွန်မှု စသည့်အချက်များနှင့်ပြည့်ပြည့်ဝဝခိုင်ခိုင်မာမာရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ပြိုင်ပွဲတွင်အောင်နိုင်ရေးနှင့် အမိနိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ရေးဆိုသည့်တာဝန်ကြီးကို မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကိုအရင်းတည်ပြီး ဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်ကာ အစွမ်းကုန်ကြိုးပမ်းသွားကြရန် ထပ်မံတိုက်တွန်းလိုကြောင်း။

ပြိုင်ပွဲကြီးက ပေါ်ထွက်လာမည့် အားကစားအောင်မြင်မှုများကိုလည်း ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ပေးသွားမည်ကို ပြောကြားလိုကြောင်း၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ယခုကဲ့သို့ သွားရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အဘက်ဘက်မှကူညီအားပေးခဲ့ကြသည့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များအပါအဝင် အားလုံးကိုနိုင်ငံတော်ကိုယ်စားကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း။

**မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်ရေးဆိုသည့် အမျိုးသားရေးသန္နိဋ္ဌာန်ဖြင့် ရေကုန်ရေခန်း ကြိုးပမ်းယှဉ်ပြိုင်သွားကြရန်၊ ပြိုင်ပွဲကာလအတွင်း အသင်းအဖွဲ့စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်များဖြင့် အချင်းချင်း ရိုင်းပင်းကူညီသွားကြရန်၊ နိုင်ငံကြီးသားစိတ်ဓာတ်ဖြင့် တရားမျှတသန့်ရှင်းစွာ ယှဉ်ပြိုင်ပြီး အရှေ့တောင်အာရှဒေသ ညီနောင်နိုင်ငံများအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်ပေးနိုင်သည့် အားကစားချစ်ကြည်ရေး သံတမန်ကောင်းတာဝန်များကို ကျေပွန်ခဲ့ကြရန်၊ အားကစားနှင့်တိုင်းပြည်ဂုဏ်ကိုမြှင့်တင်ပေးနိုင်သည့် အားကစားသူရဲကောင်းမောင်မယ်များအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ အောင်လံလွင့်ပျံနေစေရေး စွမ်းဆောင်သွားကြရန်** တိုက်တွန်းအားပေးမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်ထံ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်နိုင်ရေးအလံအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အပ်နှင်းသည်။

ထို့နောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအား လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားပြီး အားကစားအဖွဲ့များအသုံးပြုမည့် အားကစားနည်းများအလိုက် အသုံးအဆောင်ပစ္စည်းများအား ပြခန်းတစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အားကစားအဖွဲ့များ အသုံးပြုမည့် အားကစားနည်းများအလိုက် အသုံးအဆောင်ပစ္စည်းများအား ပြခန်းတစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

**❖ အားကစားပြိုင်ပွဲဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယကြိုးပမ်းအားထုတ်မှုများနှင့် စည်းလုံးညီညွတ်မှုများကို တရားမျှတစွာ ဖော်ထုတ်ပြသနိုင်သည့် စွမ်းရည်ယှဉ်ပြိုင်မှုလည်းဖြစ် . . .**

**❖ ယခုနိုင်ငံတော်ကိုကိုယ်စားပြုပြီး သွားရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများသည် ပြိုင်ပွဲတွင်အောင်နိုင်ရေးနှင့် အမိနိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်ရေးဆိုသည့်တာဝန်ကြီးကို မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကိုအရင်းတည်ပြီး ဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်ကာ အစွမ်းကုန်ကြိုးပမ်း . . .**

**❖ ပြိုင်ပွဲတိုင်းအနိုင်ရရှိရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မြန်မာအားကစားအဖွဲ့ဝင်အားလုံး၏ ပခုံးထက်တွင်ရှိနေသည်ကိုလည်း သတိပြုနှလုံးသွင်းထားကြရမည်ဖြစ် . . .**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Ceremony to hand over the National Flag to the Myanmar sports contingent that will take part in the 33rd Southeast Asian Games held; Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission Senior General Min Aung Hlaing delivers address

NAY PYI TAW November 19

A ceremony to hand over the National Flag to the Myanmar sports contingent that will take part in the 33rd Southeast Asian Games (SEA Games) in Thailand was held at Wunnatheikdi Indoor Stadium A in Nay Pyi Taw this morning, addressed by Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission Senior General Min Aung Hlaing who presented the Flag.

Also present were SSPC member Prime Minister U Nyo Saw, SSPC Secretary Joint Executive Chief General Ye Win Oo, SSPC members, union ministers, union level dignitaries, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, members of Myanmar Olympic Council, presidents and vice presidents of Myanmar sports federations, invited guests, athletes, managers, coaches of the contingent, and officials.



Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission Senior General Min Aung Hlaing delivers an address to athletes who will participate in the 33rd SEA Games in Thailand.

First, the athletes of the contingent introduced themselves team wise.

In his address the Senior General said the 33rd SEA Games to be held in Thailand from 9 to 20 December 2025 is just around the corner. He expressed belief that all the athletes are physically, spiritually and technically ready for the games.

He said as the entire people have witnessed sportsmen and sportswomen undergoing vigorous training and conducting trial runs with zeal, diligence and perseverance, they are supporting them with high hopes.

As the slogan, **"Practice makes perfect, perfect brings confidence, confidence ignites courage, and courage ensures victory"** it is believed that athletes now have sufficient training and are ready to partake in the games with confidence and eagerness for success.

The coming SEA Games is a good opportunity for athletes to win medals for the country and



Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission Senior General Min Aung Hlaing inspects sports gears to be used by athletes who will participate in the 33rd SEA Games in Thailand.



Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission Senior General Min Aung Hlaing inspects sports gears to be used by athletes who will participate in the 33rd SEA Games in Thailand.

See Page - 19

From Page - 18

practically show their brilliant sports ability. The entire nation is expecting that all athletes of the contingent will surely grab this opportunity and bring honour to the nation. People of the entire country believe that athletes will realize their belief and expectations with all-out efforts.

The 33rd SEA Games will include 54 sports events, and Myanmar has provided time and training facilities for the sportsmen and sportswomen to take part in 38 events with greater ability. The training sessions for national selections include 14 awareness programs on medical and psychological knowledge and banned drugs. In addition, the State bore the cost of medicines, food, allowances, training equipment and other expenses.

The country has sent the athletes of the contingent to take part in 29 sports events in foreign countries for 119 times, joint training sessions in foreign countries in 16 events for 30 times, and hired five foreigner coaches at the government's expense in enabling them to have international experience and standard qualification. In the 32nd SEA Games, Myanmar took part in 19 events and won 21 gold medals, 25 silver medals and 68 bronze medals, totalling 114, and the State awarded Ks-333,300,000 as prize money.

The contingent to the 33rd SEA Games must strive to win more medals than the previous one. Only then, will Myanmar be able to document its victory in sports history and improve its image.

He stated that as the Southeast Asian Games are the highest level of sports competition in the ASEAN region, they should aim and strive to continue competing in the Asian and World Olympic Games after this competition. He noted that a sports competition is also a contest of ability that fairly demonstrates a nation's and a people's health, perseverance, diligence, effort, and unity.

He also advised that since it concerns the dignity of the motherland, Myanmar, and all its citizens, the goal of winning every competition must be recognized and internalized as a national duty resting on the shoulders of all members of the Myanmar sports team.

He stated that the sports sector is crucial for the longevity and health of the entire nation, emphasizing that promoting the sports sector encourages patriotism and the desire to protect the country, in line with the motto, **"promoting sports is akin to defending and safeguarding the nation."**

For this reason, during their tenure, the Ministry of Health and Sports was separated into the Ministry of Health and the Ministry of Sports and Youth Affairs on August 1, 2021. He explained that the objective is to nurture young people to become good citizens, sound in mind and body, by encouraging them to pursue sports alongside their education from a young age, thereby achieving all five aspects of physical and mental strength.

He stated that the State has continually honored athletes who brought home medals from past Asian and Southeast Asian Games by presenting them with awards, and also by granting them monthly allowances for the rest of their lives starting from the age of 60. Furthermore, on major national holidays, national sports heroes are deservedly recognized and honored with titles such as the Wunna Kyaw Htin Title, the Social Excellence Award (First, Second, and Third Class). He mentioned that as of 2025, a total of 212 individuals have been honored, including 21 Wunna Kyaw Htin Titles, 65 Social Excellence Awards (First Class), 48 (Second Class), and 78 (Third Class). He added that the remaining national sports heroes to be honored will continue to be reviewed and awarded, and the male and female athletes who win medals for the State in the current competition will receive similar benefits.

He stated that the national selected athletes who will compete representing the State are now fully and firmly equipped with factors such as good health, technical mastery, high athletic performance, and excellent standards. Therefore, he reiterated his encouragement to all members of the Myanmar sports team to base their efforts on patriotism and nationalistic spirit, exerting their utmost diligence, perseverance, and effort to achieve victory in the competition and uplift the honor of the motherland.

He wished to state that the sporting achievements that emerge from this major competition will be deservedly recognized and honored with awards. Finally, he extended the State's gratitude to everyone, including the Myanmar sports federations, who aided and supported in all aspects for their participation in the 33rd Southeast Asian Games.

He concluded by urging all members of the Myanmar sports contingent to compete with utmost effort, driven by the nationalistic resolve to uplift the dignity of the nation and the people; to cooperate and assist each other with team spirit and family spirit throughout the competition; to compete fairly and cleanly with the spirit of good global citizens, thereby fulfilling their duty as good sports goodwill ambassadors who further enhance the existing friendship among the sibling nations of the Southeast Asian region; and to strive to keep the flag of the Republic of the Union of Myanmar flying high as heroes of sport who elevate the honor of the country and the nation.

Subsequently, the Senior General presented the flag of the Republic of the Union of Myanmar to the Union Minister for Sports and Youth Affairs, Jeng Phang Naw Taung, as the Victory Flag for the 33rd Southeast Asian Games.

Following this, the Union Minister for Sports and Youth Affairs briefed the Senior General on the preparations made by the Myanmar sports team competing in the 33rd Southeast Asian Games.

The report stated that the Senior General then went around greeting and encouraging the sports teams that will participate in the 33rd Southeast Asian Games and inspected the equipment to be used by the teams for each sport in their respective exhibition rooms, providing necessary instructions and fulfilling requirements based on the presentations made by the officials. **100**

From Page - 21

265 from 13 buildings constructed without permit. Moreover, a total of 2,339 computers, 2,950 mobile phones and a large number of industrial accessories used in operating online fraud and gambling were also seized there. According to the information on wiping Shwe Kokko Area off, a total of 611 foreign nationals under scrutiny living in Myanmar illegally were arrested together with 2,653 computers, 19,650 mobile phones and a large number of industrial materials used in the online fraud and gambling. The combined teams continue the elimination operation.



The seizure of computers used in online gambling and scam operations in Shwe Kokko Area.



Arrests and investigations of foreigners who entered Shwe Kokko illegally.

Those arrestee foreign citizens are being detained at the building in Lonhtinwun of Shwe Kokko Village, Pulwepu Village-tract in Myawady Township. The Illegal Foreigner Investigation Team verified 200 foreign nationals. Moreover, compilation of biography and records of those arrestees are being conducted by departmental teams so as to hand over those arrestees to relevant countries as quickly as possible.

The government has taken the elimination of online fraud and gambling as a national duty. Efforts will continue to ensure that such activities cannot take root within the country, in coordination not only with domestic forces but also with the governments of neighbouring countries.

**100**

# Trump designates Saudi Arabia major non-NATO ally

WASHINGTON November 19

The United States will become a primary strategic partner of Saudi Arabia under the bilateral Strategic Defence Agreement (SDA) reached during Saudi Crown Prince Mohammed bin Salman's visit to Washington, the White House said in a statement.

President Donald Trump and Saudi Crown Prince Mohammed bin Salman finalized a series of major agreements expanding the US-Saudi strategic partnership across defence, energy, technology, and industrial cooperation, the White House announced.

"Tonight I'm pleased to announce that we're taking our military cooperation to even greater heights by formally designating Saudi Arabia as a major non-NATO ally," President Donald Trump said. **Sputnik**

# Commissioning of El Dabaa Nuclear Power Plant to strengthen Egypt's energy security - Putin



MOSCOW November 19

The commissioning of the El Dabaa Nuclear Power Plant (NPP) will significantly strengthen Egypt's energy security, Russian President Vladimir Putin said on Wednesday.

Earlier in the day, Putin and Egyptian President Abdel Fattah Sisi took part in ceremony of installing reactor vessel of first power unit of the El Dabaa NPP in Egypt.

"The planned commissioning of four power units at the El Dabaa Nuclear Power Plant with a total capacity of 4,800 megawatts will significantly strengthen Egypt's energy security," Putin said.

Russia will provide assistance to Egypt at all stages of the nuclear project's implementation, the president added.

Egyptian President Abdel Fattah Sisi said on Wednesday that he was grateful to his Russian President Vladimir Putin for participating in the ceremony of installing the reactor vessel at the first power unit of the El Dabaa NPP.

"I express my gratitude and appreciation to Russian President Vladimir Putin for participating in this ceremony," Sisi said, speaking via video link.

The relations between Egypt and Russia are built on mutual respect, the president said.

The bilateral partnership between Russia and Egypt continues to develop steadily, Russian President Vladimir Putin said on Wednesday.

"It is gratifying that the bilateral partnership [between Russia and Egypt] continues to develop steadily," Putin said.

Relations between Russia and Egypt are being built in a spirit of equality, respect, and consideration of each other's interests, the Russian President added.

"We are grateful for the close attention you [Sisi] consistently pay not only to our flagship peaceful nuclear energy project but also to the overall expansion of diverse contacts with Russia. We naturally support this approach," Putin said.

**Sputnik**

# Türkiye appoints ambassador to Syria after 13-year hiatus

ANKARA November 19

Türkiye appointed on Wednesday an ambassador to Syria after a 13-year suspension, taking a major step to normalize diplomatic relations between Ankara and Damascus.

Deputy Foreign Minister Nuh Yilmaz has been named Türkiye's new ambassador to Damascus, according to a presidential decree by President Recep Tayyip Erdogan published in the Official Gazette.

This marks the first ambassadorial appointment since Türkiye closed its embassy in the Syrian capital on March 26, 2012. Türkiye has also resumed diplomatic operations at its consulate in Aleppo, Syria's second-largest city, after a 13-year hiatus.

Nuh Yilmaz served at Türkiye's National Intelligence Organization from August 2013 to June 2023. He was appointed Deputy Foreign Minister on May 20, 2024.

The diplomatic thaw has also led to renewed civilian ties. Turkish Airlines resumed direct flights from Istanbul to Damascus earlier this year for the first time in over a decade. Since January 23, flights have operated every Tuesday, Thursday and Sunday.

**Xinhua**

# Indonesia's Semeru volcano erupts, highest alert declared

JAKARTA November 19

Indonesia's Semeru volcano erupted on Wednesday, prompting the country's volcanology agency to raise the alert level to the maximum.

The eruption generated a series of pyroclastic density currents flowing down the volcano's slopes, according to Indonesia's Geological Agency.

Authorities warned that people should stay at least 8 km from the summit because hot rocks could be hurled from the crater.

Residents outside the exclusion zone have also been advised to remain at least 500 meters from riverbanks along the Besuk Kobokan corridor.

Mount Semeru, standing 3,676 meters high, is the tallest volcano on Java Island and one of the country's most active volcanoes. Indonesia is home to nearly 130 active volcanoes. **Xinhua**



# Passenger ferry carrying 267 people runs aground off S. Korea, no casualty expected

SEOUL November 19

A passenger ferry carrying 267 people on Wednesday ran aground in waters off western South Korea, according to Yonhap News Agency.

It was reported to the coast guard around 8:17 p.m. local time (1117 GMT) that the ferry with 246 passengers and 21 crew members on board went aground in waters near an island of Sinan county, about 310 km southwest of the capital Seoul.

The ferry, which had left the southern resort island of Jeju, was heading to the southwestern port city of Mokpo.

The vessel allegedly ran onto a submerged rock while approaching the island.

The coast guard, which dispatched patrol boats to the scene, expected no casualties as no flooding was found from the grounded ferry. **Xinhua**

# Flood death toll reaches 25 in Thailand

BANGKOK November 19

The death toll from ongoing floods across Thailand has reached 25, authorities said on Wednesday, as an estimated 444,000 people across 12 provinces remained affected by water runoff and river overflows.

According to the Department of Disaster Prevention and Mitigation, fatalities have been reported in five provinces, with 19 deaths recorded alone in Phra Nakhon Si Ayutthaya, north of Bangkok.

Despite water levels being stable and receding in most areas, the department said the disaster continued to impact over 132,000 households, and relief supplies, including survival kits and temporary shelters, were already distributed to inundated communities.

Meanwhile, the Meteorological Department has issued warnings that heavy rainfall through Sunday could result in flash floods and forest runoff in the southern region.

**Xinhua**

# Combined inspection teams continue wiping off KK Park and Shwe Kokko areas where online fraud, gambling and criminal activities are committed



Arrests and investigations of foreigners who entered Shwe Kokko illegally.



The seizure of computers used in online gambling and scam operations in Shwe Kokko Area.

NAY PYI TAW November 19

As the government of Myanmar is prioritizing the elimination of online fraud and online gambling—which pose threat to global and international community—as part of national duty.

While working to eliminate online fraud and gambling, starting in October, Mu La Ei Alin Company and Tran-Asia International Holding Group (Thailand) began operations in the Myawady-Maehtawthalay (KK Park) Area. Moreover, to show reasons for carrying out regional economic development, a project was established in the Shwe Kokko Area, which had previously been halted. From the morning of 18 November, combined operation teams including security forces and administrative bodies have been carried out in these areas.

In these efforts, those involved in online fraud and gambling who have been apprehended are being properly scrutinized and systematically handed over to the relevant countries. To ensure that online fraud and gambling cannot reestablish themselves in the region and to prevent further criminal activities, unauthorized structures in the area are being completely demolished. These demolitions are carried out systematically using machinery and advanced technological methods to dismantle and destroy the buildings effectively.

As of 6 pm today, out of 635 structures used for online scams and gambling in the Myawady–Maehtawthalay (KK Park) area, 170 have been completely demolished, and the remaining 465 structures are continuing to be dismantled.

The elimination activities were carried out in Shwe Kokko Area starting yesterday. Today's processes continued till 6 pm to arrest 184 Chinese citizens, three Malaysian, 14 Filipino, two Nepalese, six Thai citizens, seven Vietnamese, one Nigerian and 48 Indonesian, totalling

See Page - 19●●



The seizure of mobile phones used in online gambling and scams in Shwe Kokko Area.



Buildings used in online gambling and scams seen after being blown up in KK Park.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# အင်ဒိုနီးရှားရှိ ဆီမီရူမီးတောင် ပေါက်ကွဲမှုဖြစ်ပွား အမြင့်ဆုံးအဆင့် သတိပေးချက်ထုတ်ပြန်

ဂျကာတာ၊ သဘာဝဘေး

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းရှိ ဆီမီရူမီးတောင်သည် နိုဝင်ဘာလ ၁၉ ရက်တွင် ပေါက်ကွဲမှုဖြစ်ပွားရာ မီးတောင်အေဂျင်စီက အမြင့်ဆုံးအဆင့်သတိပေးချက်ထုတ်ပြန်ထားကြောင်းသိရသည်။

အဆိုပါမီးတောင်သည် ဂျာဗားကျွန်းရှိ အမြင့်ဆုံးသောတောင်ဖြစ်ကြောင်း၊ ယင်းမီးတောင်မှမှုတ်ထုတ်လိုက်သော ပြာများသည် ၅ ဒသမ ၆ ကီလိုမီတာအမြင့်အထိ ရောက်ရှိကြောင်း၊ ထို့ကြောင့် ဒေသခံများအနေဖြင့် မီးတောင်ပတ်ပတ်လည်မှ ၂ ဒသမ ၅ ကီလိုမီတာအကွာတွင်နေသင့်ကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ပစိဖိတ်မီးကွင်းဒေသတွင်တည်ရှိသောနိုင်ငံဖြစ်သည့်အပြင် မီးတောင်အရှင် ၁၃၀ နီးပါးကိုပိုင်ဆိုင်ထားသည်။ ယခုပေါက်ကွဲသော ဆီမီရူမီးတောင်သည် ထိုမီးတောင်များအနက်တစ်လုံးအပါအဝင်ဖြစ်ပြီး အမြင့်မီတာ ၃၆၀၀ ကျော်ရှိကြောင်းသိရသည်။

**Ref: ST**

# တရုတ်နှင့်ဂျပန်တို့ကြား ဆက်ဆံရေးတင်းမာနေစဉ် အမေရိကန်က ဂျပန်ရှိဒုံးကျည်စနစ်တစ်ခုကို ပြန်လည်ဖြုတ်သိမ်း



တိုကျို၊ စစ်ရေး

ဂျပန်နိုင်ငံဝန်ကြီးချုပ် ဆာနာအီတာကာအီချီက ထိုင်ဝမ်ကျွန်းနှင့်ပတ်သက်၍ မှတ်ချက်ပြုပြောဆိုမှုတစ်ခုကြောင့် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာမှုမြင့်တက်နေစဉ် အမေရိကန်က ဂျပန်နိုင်ငံ၌ ဖြန့်ကြက်ထားသော ဒုံးကျည်စနစ်တစ်ခုကို ပြန်လည်ဖြုတ်သိမ်းလိုက်ပြီဖြစ်ကြောင်းသိရသည်။

အမေရိကန်ကြည်းတပ်က ယာမာဂူချီစီရင်စုရှိ အီဝါကူနီအခြေစိုက်စခန်း၌ဖြန့်ကြက်ထားသော Typhon အမျိုးအစားဒုံးကျည်စနစ်ကို ဖြုတ်သိမ်းထားပြီးဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

ယင်းဒုံးကျည်စနစ်သည် Tomahawk အမျိုးအစား မြေပြင်တိုက်ခိုက်ရေးအနိမ့်ပျံဒုံးကျည်များနှင့် SM-6 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များကို မိုင် ၁၀၀၀ ကျော်အကွာအဝေးအထိရောက်ရှိအောင် ပစ်ခတ်နိုင်သောကြောင့် တရုတ်နိုင်ငံအရှေ့ပိုင်းရှိ မြို့ကြီးများအထိပင်ရောက်ရှိနိုင်သည်။

အမေရိကန်နှင့်ဂျပန်တို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုအတွက် ထိုဒုံးကျည်စနစ်ကို ဖြန့်ကြက်ခြင်းဖြစ်သော်လည်း စစ်ရေးလေ့ကျင့်ခန်းပြီးသည့်တိုင် သီတင်းပတ်အနည်းငယ်ကြာသည်အထိ ဆက်လက်ထားရှိခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ တရုတ်နိုင်ငံနှင့်ဂျပန်နိုင်ငံတို့ကြား ဆက်ဆံရေးတင်းမာလာစဉ်မှာပင် ယင်းစနစ်ကို ဖြုတ်သိမ်းလိုက်ခြင်းဖြစ်ကြောင်းသိရသည်။

**Ref: SCMP**

# တုပ်ကွေးရောဂါက ကပ်ရောဂါအသွင် ဖြစ်လာနိုင်ဟု ဗီယက်နမ်အစိုးရ သတိပေးချက်ထုတ်ပြန်

ဟနွိုင်း၊ ကျန်းမာရေး

ဗီယက်နမ်နိုင်ငံ၌ ပြီးခဲ့သည့်သုံးလတာကာလအတွင်း ရာသီတုပ်ကွေးဖြစ်ပွားသူအရေအတွက်သည် တစ်လလျှင် ၁၁၀၀၀ ကျော်ရှိသည့်အတွက် တုပ်ကွေးရောဂါက ကပ်ရောဂါအသွင် ဖြစ်လာနိုင်ကြောင်း ဗီယက်နမ်အစိုးရက သတိပေးချက်ထုတ်ပြန်ထားသည်။

ထို့ပြင် ယခုနှစ်အတွင်းမှာပင် တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၃၂၀၀၀ ကျော်အထိရှိကြောင်း၊ ၎င်းတို့အနက် သေဆုံးသူသုံးဦးပါဝင်ကြောင်း၊ သုံးလအတွင်း တုပ်ကွေးရောဂါဖြစ် ပွားသူအရေအတွက်သည် နှစ်လယ်ကာလအတွင်း တုပ်ကွေးရောဂါဖြစ်ပွားသူအရေအတွက်ထက်သိသိသာသာမြင့်တက်လာခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

ရောဂါအခံရှိသည့်သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ အသက် ၅ နှစ်အောက်ကလေးငယ်များမှာ ရောဂါကူးစက်မှုကိုပိုမိုခံစားရဖွယ်ရှိကြောင်းသိရသည်။

**Ref: Xinhua**

# ဟားမက်အဖွဲ့ကို ဒေသတွင်းမှ နှင်ထုတ်သွားရန် အစ္စရေးဝန်ကြီးချုပ် တောင်းဆို

တဲအဗစ်၊ နိုင်ငံရေး

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ဟားမက်အဖွဲ့ကို ဒေသတွင်းမှ နှင်ထုတ်သွားရန် နိုဝင်ဘာလ ၁၈ ရက်တွင် တောင်းဆိုလိုက်ကြောင်းသိရသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဂါဇာစစ်ပွဲကိုအဆုံးသတ်ရေးအတွက်အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏အစီအစဉ်ကိုထောက်ခံပြီးနောက် အစ္စရေးဝန်ကြီးချုပ်က ယခုကဲ့သို့တောင်းဆိုလိုက်ခြင်းဖြစ်သည်။ အဆိုပါအစီအစဉ်တွင် ပါလက်စတိုင်းရှိ ဟားမက်အဖွဲ့ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရန်ပါဝင်သည်။

အစ္စရေးဝန်ကြီးချုပ်သည် စက်တင်ဘာလနှောင်းပိုင်းတွင် အမေရိကန်နိုင်ငံသို့သွားရောက်စဉ် ထရမ့်၏ထိုအစီအစဉ်ကို အပြည့်အဝထောက်ခံသဘောတူကြောင်းပြောထားသော်လည်း ယခုမူထိုအစီအစဉ်တွင်မပါသည့်အချက်ကို တောင်းဆိုလာခြင်းဖြစ်ကြောင်းသိရသည်။ **Ref: ST**

# တောင်ကိုရီးယား၏ရေငုပ်သင်္ဘောအစီအစဉ် ဒိုမီနိုအကျိုးဆက်ဖြစ်စေမည်ဟုဆို



ပြုံယမ်း၊ စစ်ရေး

တောင်ကိုရီးယားနိုင်ငံက အမေရိကန်နိုင်ငံ၏ သဘောတူမှုဖြင့်အကောင်အထည်ဖော်မည့် နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောတည်ဆောက်ရေးအစီအစဉ်သည် ဆင့်ကဲအကျိုးဆက်ဖြစ်ပေါ်မှုဖြစ်သည့် နျူကလီးယားဒိုမီနိုအကျိုးဆက်ကိုဖြစ်ပေါ်စေမည်ဖြစ်ကြောင်း မြောက်ကိုရီးယားက နိုဝင်ဘာလ ၁၈ ရက်တွင်ထုတ်ပြန်ထားသည်။

တောင်ကိုရီးယားသမ္မတလီဂျေးမြောင်နှင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်တို့က အောက်တိုဘာလတွင်တွေ့ဆုံဆွေးနွေးစဉ် တောင်ကိုရီးယားက ယခုအစီအစဉ်ကို အဆိုပြုခဲ့ခြင်းဖြစ်သည်။ နိုဝင်ဘာလ ၁၄ ရက်တွင် နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောတည်ဆောက်မည့်အစီအစဉ်နှင့်ပတ်သက်၍ တောင်ကိုရီးယားနှင့်အမေရိကန်တို့က အသေးစိတ်အချက်အလက်များကိုထုတ်ပြန်လာသည်။ ထိုထုတ်ပြန်ချက်တွင် မြောက်ကိုရီးယားနိုင်ငံ၏နျူကလီးယားလက်နက်များကို ဖျက်သိမ်းမည့်ကတိပြုမှုလည်းပါဝင်သည်။

ယခုကဲ့သို့ထုတ်ပြန်လာမှုသည် တောင်ကိုရီးယားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့က မြောက်ကိုရီးယားနိုင်ငံနှင့် ထိပ်တိုက်တွေ့ဆုံလိုနေသည့် သဘောထားအမှန်ကိုပြသနေခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင်သတင်းဌာနကဖော်ပြထားသည်။

**Ref: ST**

# ဂျပန်နိုင်ငံအနောက်တောင်ပိုင်း၌ မီးအကြီးအကျယ်လောင်ကျွမ်းမှုဖြစ်ပွား

အိုအီတာ၊ မတော်တဆမှု

ဂျပန်နိုင်ငံအနောက်တောင်ပိုင်းရှိ အိုအီတာမြို့၌ နိုဝင်ဘာလ ၁၈ ရက်ညသန်းခေါင်ယံအချိန်တွင် မီးအကြီးအကျယ်လောင်ကျွမ်းမှုဖြစ်ပွားရာ နေအိမ်အလုံးပေါင်း ၁၇၀ ကျော်ပျက်စီးပြီး လူတစ်ဦးသေဆုံးကြောင်း ဒေသတွင်းတာဝန်ရှိသူများက နိုဝင်ဘာလ ၁၉ ရက်တွင်ပြောသည်။

နှစ်ပေါင်း ၅၀ အတွင်း အဆိုးဝါးဆုံးဖြစ်သည့် ထိုမီးလောင်မှုသည် ဆာဂါနိုဆီကီဆိပ်ကမ်း၌ဖြစ်ပွားခြင်းဖြစ်ပြီး မီးလောင်မှုကို ၁၂ နာရီကျော်ကြာသည်အထိ ငြိမ်းသတ်ရကြောင်း၊ လူ ၁၈၀ ကျော်ကို ဘေးကင်းရာသို့ရွှေ့ပြောင်းပေးလိုက်ရကြောင်း တာဝန်ရှိသူများကပြောသည်။

မီးလောင်မှုကြောင့်ဖြစ်ပေါ်ခဲ့သည့် ပျက်စီးဆုံးရှုံးမှုများအတွက် အစိုးရအနေဖြင့် ဒေသတွင်းတာဝန်ရှိသူများနှင့်ပူးပေါင်း၍ လိုအပ်သည်များကိုအစွမ်းကုန်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဆာနာအီတာကာအီချီက လူမှုကွန်ရက်၌ တင်ထားသည်။

မီးလောင်မှုကိုငြိမ်းသတ်ရာတွင် စစ်သုံးမီးသတ်ရဟတ်ယာဉ်တစ်စင်းနှင့်အတူ စစ်သည်များလည်းပါဝင်ကူညီကြောင်း၊ လက်ရှိတွင် အိမ်ခြေ ၃၅၀ မှာ လျှပ်စစ်မီးရရှိဦးမည်မဟုတ်ကြောင်းနှင့် မီးလောင်မှုဖြစ်ရသည့်အကြောင်းရင်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

**Ref: BP**



# မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**နေပြည်တော် နိုဝင်ဘာ ၁၉**

**မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီဥက္ကဋ္ဌဒေါ်စန္ဒာဦးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၁၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ဒေါ်စန္ဒာဦး**
**(ဥက္ကဋ္ဌ၊ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ)**

**လေးစားအပ်ပါသော မိဘပြည်သူများရှင်**

ကျွန်မကတော့ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ Peace & Diversity Party (PDP) ဥက္ကဋ္ဌဒေါ်စန္ဒာဦးဖြစ်ပါတယ်ရှင်။ ကျွန်မတို့ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဟာ ၂၀၁၀ ပြည့်နှစ် မတ်လ ၂၂ ရက်နေ့ကတည်းက စတင်တည်ထောင်ခဲ့တာဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ရွေးကောက်ပွဲဥပဒေနှင့်အညီ (၂၈-၃-၂၀၂၃) ခုနှစ်မှာ ပြန်လည်မှတ်ပုံတင်ခွင့်လျှောက်ထားခဲ့ပါတယ်ရှင့်။ (၁၅-၇-၂၀၂၄) မှာ ပါတီမှတ်ပုံတင်ခွင့်ပြုခဲ့ပါတယ်ရှင့်။

ကျွန်မတို့ပါတီဟာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှကြီးမှူးကျင်းပတဲ့ ၂၀၁၀ ရွေးကောက်ပွဲ၊ ၂၀၁၅ ရွေးကောက်ပွဲ၊ ၂၀၂၀ ရွေးကောက်ပွဲတွေမှာ ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ယခုကျင်းပမယ့် ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲမှာလည်း ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်ရှင်။

ကျွန်မတို့ပါတီရဲ့ မူဝါဒနဲ့ လုပ်ငန်းစဉ်တွေကတော့၊ ကျွန်မတို့ပါတီရဲ့ မူဝါဒကတော့ "လူသားဆန်သော ဒီမိုကရက်တစ်နိုင်ငံသားဝါဒ" (HUMANIST DEMOCRATIC NATIONALISM) ဖြစ်ပါသည်။

(၁) ကမ္ဘာအရပ်ရပ်မှာရှိတဲ့ လူသားမျိုးနွယ်တို့၏ အကျိုးစီးပွားကို မျက်ကွယ်ပြုမည်မဟုတ်။
(၂) ဒီမိုကရက်တစ်လုပ်နည်းလုပ်ဟန်တို့ကို လိုက်နာကျင့်သုံးမည်။
(၃) အခွန်ထမ်းနိုင်ငံသားများ၏ အကျိုးကို ပထမဦးစားပေးစဉ်းစားမည်ဟူ၍ ဖြစ်ပါတယ်။

ကျွန်မတို့ပါတီဟာ လူသားအချင်းချင်း ရန်သူလိုသတ်မှတ်တဲ့အလေ့အထကို စွန့်လွှတ်ပြီး လူသားတွေရဲ့ ရန်သူအသစ်တွေကို ရှာဖွေတွေ့ရှိထားပြီးဖြစ်ပါတယ်။ အဲဒါတွေကတော့ မဖွံ့ဖြိုးမတိုးတက်ခြင်း၊ ရောဂါဘယအသစ်အဆန်းများ၊ သဘာဝဘေးအန္တရာယ်ဆိုးများ၊ အလုပ်လက်မဲ့ဖြစ်ခြင်းများနဲ့ အသိတရားခေါင်းပါးခြင်းတို့ပဲဖြစ်ပါတယ်။ အဲဒီရန်သူတွေကိုတိုက်ပွဲဝင်ဖို့အတွက် ကျွန်မတို့ပါတီက ထာဝရလုပ်ဆောင်နေပါတယ်။

**လေးစားအပ်ပါသော မိဘပြည်သူများရှင်**

ကျွန်မတို့ရှာဖွေတွေ့ရှိထားတဲ့ရန်သူ(၅)မျိုးထဲမှာမှ အသိတရားခေါင်းပါးခြင်းဟာ အဆိုးဆုံးဖြစ်တဲ့အတွက် နိုင်ငံရေးနဲ့ပတ်သက်ဆက်နွယ်တဲ့ အကြောင်းခြင်းရာတွေ နိုင်ငံရေးစနစ်တွေကို အစဉ်အမြဲရှင်းလင်းတင်ပြလျက်ရှိပါတယ်ရှင်။ လူသားတို့သည် တွေး၏၊ ကြံ၏၊ အသစ်အဆန်းတို့ကို ဖန်တီးတည်ဆောက်၏၊ လူသားတို့၏ အတွေးအကြံအမျိုးမျိုးသည် ခက်ဖြာ၍ ဖွံ့ဖြိုးလာသောကြောင့် ဦးတည်ချက်အမျိုးမျိုးဖန်တီးမှုအမျိုးမျိုးဖြင့် ရပ်တည်နေကြသည်။ ထိုဖြစ်စဉ်များကိုလည်း လွှမ်းမိုးထိန်းချုပ်စေခြင်းငှာမသင့်။ ထို့အတူ အမြင်ကွဲလွဲခြင်းများကြောင့် ရန်ဘက်ဖြစ်နေကြခြင်းကိုလည်း စွန့်လွှတ်ကြရပေမည်။ ကျွန်မတို့ နိုင်ငံသူနိုင်ငံသားများအနေဖြင့် အခြေခံလိုအပ်ချက်ကြီးများပြီးပြည့်စုံပါက မည်သို့ကွဲပြားစွာ ခံစားတည်ဆောက်ကြပါစေ နှစ်လိုဖွယ်သာဖြစ်ပေသည်။ မတူကွဲပြားသောအတွေးအခေါ် အယူအဆအမျိုးမျိုးတို့ကြောင့် လူသားအချင်းချင်း ဖိစီးနှိပ်စက်သတ်ဖြတ်ကြခြင်းကို ကျွန်မတို့က မလိုလားပါဘူး။

**လေးစားအပ်ပါသော မိဘပြည်သူများရှင်**

ကျွန်မတို့သည် မတူကွဲပြားခြားနားခြင်းအပေါ်အကြောင်းပြု၍ ရန်ပြုတိုက်ခိုက်ခြင်းမရှိဘဲ လူသားအချင်းချင်းအပြိုင်ဖြစ်တည်ခြင်းကို ဦးထိပ်ပန်ဆင်ကာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သင့်ပါတယ်။

**လေးစားအပ်ပါသော မိဘပြည်သူများရှင်**

ကျွန်မတို့ပါတီဟာ နိုင်ငံဖွံ့ဖြိုးရေးနဲ့ပတ်သက်ပြီး ပုဂ္ဂလိကကဏ္ဍများ အားကောင်းသန်စွမ်းရေးဟာ အကျခရာကျတယ်လို့ ရှုမြင်ပါတယ်။ လူသားတိုင်းဟာ ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂနဲ့ နောက်ခံအသိုင်းအဝိုင်းမတူညီတဲ့အပေါ် မူတည်၍ ဆူကြုံနိမ့်မြင့် ဆင်းရဲချမ်းသာကွဲပြားခြားနားသည့် သဘာဝကို လက်ခံယုံကြည်ပါတယ်။ အားလုံးတန်းတူ မချမ်းသာနိုင်လျှင် အားလုံးတန်းတူ ဆင်းရဲနေရမည်ဆိုတဲ့ ကွန်မြူနစ်ဆန်သည့် အယူအဆများသည် နိုင်ငံဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက် အဟန့်အတားဖြစ်ကြောင်း လက်ခံယုံကြည်ပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးသည် ၎င်း၏စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာမှာ ၎င်းတို့မိသားစုနှင့်သာ လုပ်ကိုင်ဆောင်ရွက်ကြရသည်မဟုတ်၊ အောက်ဆုံးအဆင့်မှာရှိတဲ့ သန့်ရှင်းရေးအလုပ်သမားကစပြီး လုပ်ငန်းမန်နေဂျာကြီးအထိ အလုပ်သမားများကို ငှားရမ်းလုပ်ကိုင်ကြရပါတယ်။ ထို့ကြောင့် နိုင်ငံတစ်ခုမှာ လုပ်ငန်းရှင်ကြီးများရဲ့လုပ်ငန်းများ စီးပွားရေးလုပ်ငန်းများ စည်ပင်ထွန်းကားပေါများလျှင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများမှာဖြစ်ပါတယ်။

**မိဘပြည်သူများရှင်**

ကျွန်မတို့နိုင်ငံဟာ ကိုလိုနီဘဝမှလွတ်လပ်ရေးရယူရာတွင် အင်္ဂလိပ်နယ်ချဲ့ အရင်းရှင်ကို တော်လှန်ဆန့်ကျင်၍ လွတ်လပ်ရေးယူရသည်ဖြစ်သောကြောင့် ဆိုရှယ်လစ်အတွေးအခေါ်၊ ကွန်မြူနစ်အတွေးအခေါ် စတဲ့ စာပေများကို လေ့လာဖတ်ရှုဖြန့်ဝေလျက် လွတ်လပ်ရေးကို ရယူခဲ့ကြပါတယ်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးစအချိန်တွင် ပါတီစုံဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ် ထူထောင်ရပ်တည်ခဲ့ကြပါတယ်။ သို့သော်လည်း ထိုစဉ်က နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင်ရှိနေသော နိုင်ငံရေးခေါင်းဆောင်မှန်သမျှသည် ဆိုရှယ်လစ်ကွန်မြူနစ်စာပေ၊ ယဉ်ကျေးမှုအရိပ်အောက်တွင် ကြီးပြင်းခဲ့ကြသူများသာဖြစ်ပါတယ်။ ထို့ကြောင့် ထိုခေတ်ဒီမိုကရေစီသည် ဆိုရှယ်လစ်ကွန်မြူနစ်တို့၏ ဒီမိုကရေစီသာဖြစ်ပါတယ်။

သို့ရာတွင် နယ်ချဲ့အရင်းရှင်လက်အောက်မှ ကျန်ရစ်ခဲ့သော ပုဂ္ဂလိကလုပ်ငန်းများလည်း သန်စွမ်းလျက်ရှိခဲ့ပါတယ်။

**မိဘပြည်သူများရှင်**

ဆိုရှယ်လစ်ကွန်မြူနစ် စီးပွားရေးမူဝါဒများသည် နိုင်ငံတော်မှဦးဆောင်သော နိုင်ငံပိုင်လုပ်ငန်းများအဖြစ် ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများကို လုပ်ကိုင်ကြရပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများကို ခွင့်ပြုပေးခြင်းမရှိပါ။ ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရမှ ပုဂ္ဂလိကလုပ်ငန်းများကို တစ်စတစ်စတိုးချဲ့ခွင့်ပြုပေးခဲ့ပါတယ်။

၁၉၈၈ ခုနှစ်နောက်ပိုင်းမှ မွေးဖွားကြီးပြင်းလာသော လူငယ်များသည် ပုဂ္ဂလိကလုပ်ငန်းများ တစ်စတစ်စတိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်ကို စနစ်ပြောင်းသည်ဟု ရှုမြင်နိုင်မည်မဟုတ်ပါ။ အကြောင်းမှာ စနစ်ဟောင်းကို မသိမြင်ခဲ့ကြ၍ဖြစ်ပါတယ်။

၂၀၁၀ ပြည့်နှစ်တွင် တပ်မတော်အစိုးရမှ ဒီမိုကရေစီစာမျက်နှာသစ်ကို ဖွင့်လှစ်ပေးခဲ့ပြန်ပါတယ်။ ထိုအချိန်တွင် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် အစိုးရဖြစ်ပေါ်လာပြီး ပုဂ္ဂလိကလုပ်ငန်းများကို ပိုမိုတိုးချဲ့ဖွင့်လှစ်ပေးခဲ့သဖြင့် တောင်သူလယ်သမားများ မြေယာကို လက်ကိုင်ထားခွင့် ပုံစံ (၇) စနစ်ရရှိလာခြင်း၊ ပုဂ္ဂလိကစက်သုံးဆီဆိုင်များ ဖွင့်လှစ်နိုင်ခြင်း၊ ပုဂ္ဂလိကလေကြောင်းလိုင်းများ၊ မော်တော်ကားလိုင်းများ စည်ပင်ထွန်းကားလာခြင်း၊ ပုဂ္ဂလိကဘဏ်များ စည်ပင်ထွန်းကားလာခြင်း၊ ပုဂ္ဂလိကဆေးရုံများ၊ ပုဂ္ဂလိကကျောင်းများ စည်ပင်ထွန်းကားလာခြင်း၊ ပုဂ္ဂလိကတယ်လီဖုန်းကုမ္ပဏီများ ထူထောင်ဖွင့်လှစ် စည်ပင်လာခြင်းတို့ကို ကြုံတွေ့ခံစားခဲ့ပြီးဖြစ်ပါတယ်။

**မိဘပြည်သူများရှင်**

ကျွန်မတို့ နိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့ကမ္ဘာနှင့် ရင်ပေါင်တန်းရန် ပုဂ္ဂလိက ဈေးကွက်စီးပွားရေးသည်သာ သင့်လျော်လျောက်ပတ်သည်ကို ကမ္ဘာကြီးက သက်သေပြပြီးလည်းဖြစ်ပါတယ်။

**မိဘပြည်သူများရှင်**

အခြားအရင်းရှင်နိုင်ငံကြီးတစ်ခုတွင် ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးတစ်ဦးက စတားလင့်ဂြိုဟ်တုများကို ၎င်း၏ ကိုယ်ပိုင်စီးပွားရေးဖြင့် လွှင့်တင်လည်ပတ်နေသည်ကို မိဘပြည်သူများသိရှိပြီးဖြစ်ပါလိမ့်မည်။ ဤလက်တွေ့ဥပမာသည် ပုဂ္ဂလိကလုပ်ငန်း အားကောင်းသန်စွမ်းလျှင် အလုပ်အကိုင်အခွင့်အလမ်းပေါင်းများစွာကို ဖန်တီးနိုင်ပြီး မိဘပြည်သူတစ်ရပ်လုံး လုပ်ခလစာအလုပ်အကိုင်များရရှိမည်မှာ မလွဲဟု ယုံကြည်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံစီးပွားဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကလုပ်ငန်းများ ပိုမိုတိုးချဲ့ခွင့်ပြုပေးနိုင်ပါရန် ကျွန်မတို့၏ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီအနေဖြင့် အစဉ်တစိုက်တိုက်တွန်းနှိုးဆော်သွားမှာဖြစ်ပါတယ်။

**မိဘပြည်သူများရှင်**

ကျွန်မတို့၏ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဟာ မျက်မှောက်ကာလဖြစ်ပေါ်နေသော လက်နက်ကိုင်ပစ်ခတ်တိုက်ခိုက်မှုများအား ရပ်စဲလျက် ငြိမ်းချမ်းသောနိုင်ငံရေးလမ်းစဉ်အောက်တွင် မိမိတို့၏ဒေသခံတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးအတွက်သော်လည်းကောင်း၊ အေးချမ်းသာယာရေးအတွက်သော်လည်းကောင်း လုပ်ဆောင်ကြရန်သာ ဆန္ဒရှိသည့်အလျောက် တည်ဆဲအစိုးရနဲ့ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မိဘပြည်သူများရှင်**

မြန်မာနိုင်ငံအရပ်ရပ်မှာရှိတဲ့ ပြည်သူများအနေဖြင့် . လက်နက်ကိုင်ပဋိပက္ခများ၏ ဆိုးကျိုးကို ရင်စည်းခံစားနေကြရပါသည်။ သို့ဖြစ်ပါ၍ လက်နက်ကိုင်ဆောင်ပဋိပက္ခဖြစ်ပွားမည့်အစား မိမိတို့၏လိုလားချက်များကို စကားလုံးများဖြင့် ပြောဆိုဆွေးနွေးကြသော နိုင်ငံရေးဇရိယာ၌သာ လုပ်ဆောင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါတယ်ရှင်။

**မိဘပြည်သူများရှင်**

ကျွန်မတို့၏ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဟာ မတူကွဲပြားခွင့်များကို လေးစားတန်ဖိုးထားသည်နှင့်အညီ လူမျိုးရေးအရသော်လည်းကောင်း၊ ဘာသာရေးအရသော်လည်းကောင်း၊ မတူကွဲပြားခွင့်နှုန်းစံများကို ထိန်းသိမ်းသွားမှာဖြစ်ပါတယ်။ မတူကွဲပြားခွင့်မပေးသော ဘာသာရေး၊ လူမျိုးရေးအကြောင်းခြင်းရာများကို သဘောတရားရေးရာအရ ဆန့်ကျင်ရှုတ်ချသွားမည်ဖြစ်ပါတယ်။

**မိဘပြည်သူများရှင်**

ကျွန်မတို့၏ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီဟာ ရာထူးအာဏာအတွက် အဓိကမထားဘဲ အထက်ဖော်ပြပါအကြောင်းခြင်းရာများကို မိဘပြည်သူများနားလည်သဘောပေါက်သိရှိပြီး ဆုံးဖြတ်ချက်ချနိုင်ရန် အစဉ်တစိုက်ပြောဆိုရေးသား တင်ပြနေမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်ရှင်။

ကျွန်မတို့မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ၏ မူဝါဒသည် "လူသားဆန်သော ဒီမိုကရက်တစ် နိုင်ငံသားဝါဒ" ဖြစ်သည်နှင့်အညီ မည်သည့်လူသားဆန်သည့် အယူဝါဒကိုမဆို ရေးရှုကာကွယ်သွားမည်ဖြစ်ပြီး လူသားအချင်းချင်း ရန်ပြုစော်ကားရန် ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်နေမှုများကို အမျိုးသားရေးရှုထောင့်မှ ကာကွယ်တားဆီးသွားမှာဖြစ်ပါတယ်။

**လေးစားအပ်ပါသော မိဘပြည်သူများရှင်**

၂၀၂၅ ခုနှစ် ရွေးကောက်ပွဲကြီးဟာ နီးကပ်လာပြီဖြစ်ပါတယ်။ အများပြည်သူများအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာဖို့အတွက် အမျိုးသားအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်သော နိုင်ငံရေးအင်အားစုများ လွှတ်တော်အတွင်းနေရာရရှိဖို့ မိမိတို့ကြိုက်နှစ်သက်ရာနိုင်ငံရေးပါတီများမှ လူပုဂ္ဂိုလ်တို့ကို ရွေးချယ်တင်မြှောက်ပေးကြဖို့ တိုက်တွန်းလိုပါတယ်။ ကျွန်မတို့ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီရဲ့ အမှတ်အသားကတော့ အင်တာနက်မှ ပျံ့နှံ့နေသည့် ပုံသဏ္ဌာန်ဖြစ်ပြီး အနီ၊ အဝါ၊ အစိမ်း၊ အပြာရောင်စဉ်များ ဖြာထွက်နေတဲ့ သင်္ကေတဖြစ်ပါတယ်။ အဓိပ္ပာယ်က ခေတ်မီဆက်သွယ်ရေးကိရိယာများနှင့် မိမိတို့၏ နိုင်ငံရေးစာပေများ၊ မိမိတို့ လုပ်ဆောင်ချက်များကို ပျံ့နှံ့စေရမည်ဟူသော ရည်ရွယ်ချက်ကို ညွှန်းဆိုပြသတာပဲဖြစ်ပါတယ်။

**လေးစားအပ်ပါသော မိဘပြည်သူများရှင်**

နိုင်ငံတော်၏ ပကတိအခြေအနေမှာ ရွေးကောက်ပွဲဟာ အင်မတန်မှအရေးကြီးပါတယ်။ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပပြီးဥပဒေနှင့်အညီ လွှတ်တော်ဖော်ဆောင်နိုင်မှသာ ရွေးကောက်ပွဲအလွန်မှာ ကျွန်မတို့နိုင်ငံကို နိုင်ငံတကာရဲ့ စီးပွားရေးပိတ်ဆို့မှုများနှင့် နိုင်ငံရေးအနိုင်အထက်ပြုမှုများ ကင်းရှင်းသွားမှာဖြစ်ပြီး နိုင်ငံတော်ဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ဖို့အတွက် အစွမ်းကုန်ကြိုးစားပေးထားပါတယ်။ မိမိတို့ကို ဦးဆောင်မယ့် အစိုးရတစ်ရပ်ကို မိမိတို့က ရွေးချယ်ရတာဖြစ်တဲ့အတွက် အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားဆောင်ရွက်တဲ့ ပါတီလူပုဂ္ဂိုလ်ကို ရွေးချယ်ပေးကြဖို့တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။

# နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ ဒီပလိုမာသင်တန်းအမှတ်စဉ်(၂)၊ အပိုင်း(၂) (Diploma in IFRS၊ Batch-2၊ Level-II)သင်တန်းဖွင့်

နေပြည်တော် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံစာရင်းကောင်စီမှကြီးမှူး၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်တွင်ဖွင့်လှစ်သည့် နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်းစံများ ဒီပလိုမာသင်တန်းအမှတ်စဉ် (၂)၊ အပိုင်း(၂) (Diploma in IFRS၊ Batch–2၊ Level–II) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရာတွင်လည်းကောင်း၊ အများပြည်သူအကျိုးစီးပွားနှင့်သက်ဆိုင်သည့် လုပ်ငန်းအဖွဲ့အစည်းများနှင့် နိုင်ငံပိုင်ကဏ္ဍအဖွဲ့အစည်းများရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ဘဏ္ဍာရေးအစီရင်ခံခြင်းကို နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်အညီ လိုက်နာရေးဆွဲထုတ်ပြန်ရာတွင်လည်းကောင်း၊ စာရင်းစံဆိုင်ရာအသိပညာဗဟုသုတများ သိရှိနားလည်သည့် စာရင်းပညာတတ်ကျွမ်းသူနိုင်ငံ့ဝန်ထမ်းများတိုးပွားလာစေရန်နှင့် စာရင်းပညာပြန့်ပွားစေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း။

ယခုသင်တန်းမှ နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ၏ သဘောတရားများ၊ IFRS အသုံးပြုခြင်းဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများ၊ မိမိတို့လုပ်ငန်းသဘာဝနှင့် သက်ဆိုင်သည့် စာရင်းရေးသွင်းချက်များ၊ စာရင်းရေးသွင်းရမည့် နည်းလမ်းများ၊ တန်ဖိုးသတ်မှတ်ခြင်းများ၊ ထုတ်ဖော်တင်ပြခြင်းများစသည့် ဘဏ္ဍာရေးရှင်းတမ်းများ ရေးဆွဲပြုစုရာတွင် သိရှိနားလည်သင့်သည့် နိုင်ငံတကာစာရင်းစံများနှင့် လိုက်လျောညီထွေဖြစ်စေမည့်စာရင်းစံဆိုင်ရာ အသိပညာ၊ ဗဟုသုတများကို ရရှိစေမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်သင်တန်းကျောင်းတာဝန်ခံက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကကဏ္ဍအတွက်နိုင်ငံတကာစာရင်းစံ ၁၀ ခု ပို့ချမည်ဖြစ်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ရှစ်ဦး၊ ဝန်ကြီးဌာန ၁၆ ခုမှ စုစုပေါင်းသင်တန်းသား ၃၀ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်အထိ သင်တန်းကာလ သုံးလကျော်ကြာ ဖွင့်လှစ်သွားမည်ဖြစ်သည်။ IFRS သင်တန်းကို Batch တစ်ခုလျှင် သင်တန်း Level သုံးခုခွဲ၍ သင်ကြားပေးမည်ဖြစ်ပြီး Level တစ်ခုချင်းအလိုက် သင်တန်းတက်ရောက်အောင်မြင်သူများကို Certificate လက်မှတ်များ ပေးအပ်သွားမည်ဖြစ်ပြီး ၊ Level – III အထိ တက်ရောက်အောင်မြင်သူများကို ဒီပလိုမာလက်မှတ်ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦး၊ မြန်မာနိုင်ငံစာရင်းကောင်စီဒုတိယဥက္ကဋ္ဌ(၂) ဦးဝမ်းတင်နှင့်ကောင်စီဝင်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ငွေတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ သင်တန်းကထိကနှင့် သင်တန်းသားများတက်ရောက်ကြကြောင်း သိရသည်။ **မြဝတီ**

# အသက်မွေးဝမ်းကျောင်းပညာရပ်များ လက်တွေ့အသုံးချနိုင်ရေး ရင်းနှီးမြှုပ်နှံမှု ထုတ်ချေးရေးလုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၉

အသက်မွေးဝမ်းကျောင်းပညာရပ်များအား လက်တွေ့အသုံးချနိုင်ရေး ရင်းနှီးမြှုပ်နှံမှု ထုတ်ချေးရေးလုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးသိုက်စိုး၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ ညွှန်ကြားရေးမှူးများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးအတွက် "အသက်မွေးဝမ်းကျောင်းပညာရပ်များအားလက်တွေ့အသုံးချနိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုထုတ်ချေးရေး လုပ်ငန်းကော်မတီ"ကို ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၃ ရက်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ လုပ်ငန်းတာဝန်များမှာ အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်ပြီးသော်လည်း လက်တွေ့လုပ်ငန်းလုပ်ဆောင်ရန် ငွေကြေးအရင်းအနှီးလိုအပ်သူများကို သတ်မှတ်ချက်များနှင့်အညီ ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးနိုင်ရေး စနစ်တကျဆောင်ရွက်ရန်၊ ဦးစီးကော်မတီ၏ မူလရည်ရွယ်ချက်အောင်မြင်စေရေး၊ ရင်းနှီးမတည်ငွေများ ဆုံးရှုံးမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊ ချေးငွေအရင်းအနှီးများထုတ်ချေးရာတွင် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ပြီး စီမံခန့်ခွဲမှုကော်မတီသို့ ဆက်လက်တင်ပြနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်က နိုင်ငံတော်အတွက် ပြည်သူ့စစ်မှုထမ်းအဖြစ် စစ်မှုထမ်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက သမဝါယမကဏ္ဍမှ အရင်းအနှီးချေးငွေများ ပံ့ပိုးပေးမည့် အစီအစဉ်၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ၊ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်း၊ စီမံကိန်းရန်ပုံငွေတို့ဖြင့် အရင်းအနှီးရရှိရေး ဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ ဝင်ငွေတိုးစီမံကိန်းသင်တန်းများ ဖွင့်လှစ်ပို့ချ၍ အောင်မြင်ပြီးသူများ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်ရေး လိုအပ်သည့် အရင်းအနှီးနှင့်စက်ပစ္စည်းကိရိယာများ ထောက်ပံ့ပေးလျက်ရှိသည့် အခြေအနေ၊ လက်ရှိတောင်သူများအတွက် ချေးငွေများ ပံ့ပိုးပေးထားမှု၊ စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့သူများ စာရင်းရရှိပါက တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေစည်းကမ်းနှင့် ကိုက်ညီသူများအတွက် သတ်မှတ်အတိုးနှုန်းဖြင့် ဦးစားပေးဆောင်ရွက်ပေးမည့်အစီအစဉ်များ၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဆိုင်ရာများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ချေးငွေ၊ မျိုးနှင့် သွင်းအားစု ရရှိရေးနှင့် ဆောင်ရွက်ပေးနိုင်မည့်အစီအမံများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ ညွှန်ကြားရေးမှူးများက စစ်မှုထမ်းတာဝန်ထမ်းဆောင်ခဲ့သူများ စာရင်းမှန်ကန်တိကျမှုရှိရေး ဆောင်ရွက်ပြီး လုပ်ငန်းကော်မတီသို့ ပြန်လည်တင်ပြမည့်အစီအမံများကို ရှင်းလင်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးကသက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားကြောင်း သိရသည်။ **မြဝတီ**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံ အသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၂၁)ရက်(သောကြာနေ့)ညတွင် ရေဒီယိုခေတ်ပြားရတေးသီချင်းများကို လက်ဆင့်ကမ်းတင်ဆက်မှုအနေဖြင့် နာမည်ကျော်ဂီတပညာရှင်အဆိုတော်ကြီးများနှင့် တက်သစ်စအဆိုတော်များ စုပေါင်း၍ **"အချစ်နဲ့သာဆိုရင်"** လက်ဆင့်ကမ်းတေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်–

**(၂၁–၁၁–၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "အချစ်နဲ့သာဆိုရင်" လက်ဆင့်ကမ်းတေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ပန်းတမာလားချစ်သူလား | ပြင်ပအဆိုရှင် |
| ၂။ | မိုးယံမှသည်ချစ်သူဆီသို့ | ပြင်ပအဆိုရှင် |
| ၃။ | အတူတွဲကာ | ပြင်ပအဆိုရှင် |
| ၄။ | ဖိုးလမင်းကိုအောင်သွယ်ခိုင်းမယ် | ပြင်ပအဆိုရှင် |
| ၅။ | တမ်းတသူလွမ်းရင်မောဲ | ပြင်ပအဆိုရှင် |
| ၆။ | နွဲ့ဆိုး | ပြင်ပအဆိုရှင် |
| ၇။ | အချစ်နဲ့သာဆိုရင် | ပြင်ပအဆိုရှင် |
| ၈။ | မလိခချစ်သူစကား | ပြင်ပအဆိုရှင် |
| ၉။ | တစ်စက္ကန့်လေးရဲ့ ၁၀ပုံ ၁ပုံ | ပြင်ပအဆိုရှင် |
| ၁၀။ | နှလုံးသားကိုအလှဆင်ပါ | ပြင်ပအဆိုရှင် |

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၉

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ပဲမျိုးစုံသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး အပင်အာဟာရဓာတ်ချို့တဲ့မှုကိုကုစားပေး

မြင့်မြင့်ထွန်း(စိုက်ပျိုးရေးဦးစီးဌာန)


**မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံတော်အတွက် လိုအပ်သော အဓိကသီးနှံများဖြစ်သည့် စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဝါ၊ ကြံ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးတို့ကို ပန်းတိုင်အထွက်နှုန်းများသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါပန်းတိုင်သီးနှံများအနက် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံသီးနှံများပါဝင်သည့် ပဲမျိုးစုံသီးနှံအား ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ပဲမျိုးစုံအမျိုးအစား ၄၀ ကျော်အား ၁၀၉၈၉၆၄၄ ဧကခန့်စိုက်ပျိုးနိုင်ခဲ့သည်။**

ပဲမျိုးစုံ စိုက်ပျိုးဧရိယာတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိလာစေရန် စိုက်ပျိုးရေးဆိုင်ရာ အကြောင်းအချက်များဖြစ်သည့် မျိုးကောင်းမျိုးသန့်သုံးစွဲခြင်း၊ မြေဆီလွှာကျန်းမာရေးကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊စိုက်ပျိုးရေနှင့် အစိုဓာတ်ကောင်းစွာရရှိနိုင်ရေးနှင့် အခြားသီးနှံအထွက်တိုးရေးဆိုင်ရာနည်းစနစ်များဖြစ်သည်။ ထို့ကြောင့် ပဲမျိုးစုံအထွက်တိုးရေးအတွက် ရေမြေဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရှာဖွေသုံးစွဲခြင်း၊ စိုက်ပျိုးရာသီချိန်မှန်အောင်စိုက်ပျိုးနိုင်ခြင်းနှင့် အစိုဓာတ်မိအောင်စိုက်ပျိုးခြင်း၊ အပင်အာဟာရဓာတ်များအား လိုအပ်ချိန်တွင် ထည့်သွင်းပေးနိုင်အောင်ဆောင်ရွက်ခြင်း၊ ပေါင်းမြက်နှင့် ပိုးမွှားရောဂါများကို စနစ်တကျနှိမ်နင်းခြင်း၊ ရိတ်သိမ်းချိန်တွင် အလေအလွင့်နည်းအောင် စနစ်တကျရိတ်သိမ်းခြင်း၊ သိုလှောင်ခြင်းနှင့် ဈေးကွက်ရရှိစေရန် ဆောင်ရွက်ရန်လိုအပ်သည်။

နိုက်ထရိုဂျင်(N)ဓာတ်ချို့တဲ့မှုလက္ခဏာများ



အရွက်ရင့်များ အစိမ်းဖျော့မှအဝါဖျော့ရောင်ပြောင်းနေခြင်း



နိုက်ထရိုဂျင်ချို့တဲ့နေသောပဲပင်များ


ပဲမျိုးစုံသီးနှံ(မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံ)အား မြန်မာပြည်အထက်ပိုင်းဒေသများဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် မိုးရေဖြင့် မိုးဦး၊ မိုးလယ်၊ မိုးနှောင်းတို့တွင် သီးသန့်သော်လည်းကောင်း၊ သီးညှပ်အဖြစ်လည်းကောင်းစိုက်ပျိုးကြပြီး မြန်မာပြည်အောက်ပိုင်းဒေသများဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စပါးသီးနှံစိုက်ပျိုးပြီးနောက် သီးထပ်အဖြစ် စိုက်ပျိုးလေ့ရှိသည်။ ပဲမျိုးစုံသီးနှံအား စိုက်ပျိုးမည်ဆိုပါက မစိုက်ပျိုးမီ အပင်ပေါက်ရာခိုင်နှုန်းကောင်း/ မကောင်းစမ်းသပ်ပြီးမှသာ စိုက်ပျိုးသင့်သည်။

ပဲမျိုးစုံသီးနှံသည် ရေဝပ်ဒဏ်ခံနိုင်ရည်မရှိသော်လည်း ရေစီးရေလာကောင်းမွန်သည့် မြေအမျိုးအစားမျိုးစုံတွင်စိုက်ပျိုးနိုင်သည်။ ပဲမျိုးစုံဖြစ်ထွန်းနိုင်သည့် မြေများမှာ စနယ်မြေစေး၊ နုန်းသမမြေ၊ သဲမြေ၊ သဲနုန်းမြေ၊ မြေနက်စေးနှင့် မြေနီစေးတို့တွင် စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။ မြေချဉ်ငန်ကိန်းမှာ pH ၅ ဒသမ ၅ - ၇ ဒသမ ၂ အတွင်းဖြစ်ပြီး မြေချဉ်ငန်ကိန်း ၅ ဒသမ ၅ အောက် လျော့နည်းသွားပါက အပင်ကောင်းစွာမဖြစ်ထွန်းပါ။

ပဲမျိုးစုံစိုက်ပျိုးရာတွင် အပင်ဖြစ်ထွန်းမှုကောင်းပြီး ပန်းတိုင်အထွက်နှုန်းရရှိစေရန်အတွက် မြေဆီလွှာကျန်းမာရေးကောင်းမွန်သောမြေဖြစ်ရမည်။ ပဲသီးနှံစိုက်ပျိုးသော တောင်သူများအနေဖြင့် ကျန်းမာသန်စွမ်းသောမြေဆီလွှာဆိုတာ ဘာလဲသိရှိရန်လိုအပ်သည်။ ကျန်းမာသန်စွမ်းသော မြေဆီလွှာဆိုသည်မှာ ပြုပြင်ထွန်ယက်ရန်လွယ်ကူပြီး ရေသွင်းရေထုတ်ကောင်းမွန်ခြင်း၊ လုံလောက်သောမြေဆီလွှာအနက်ရှိ၍ အပင်အာဟာရဓာတ်များ လုံလောက်စွာရရှိစေခြင်း၊ အကျိုးပြုသက်ရှိများများပြားစွာရှိနေပြီး သီးနှံပင်များကို ရောဂါဖြစ်စေတတ်သည့်ပိုးမွှားရောဂါများနည်းပါးခြင်း၊ ပေါင်းမြက်ပြဿနာနည်းပါးခြင်းနှင့် အဆိပ်အတောက်ဖြစ်စေသည့် ဒြပ်စင်များမရှိဘဲ မြေဆီလွှာပျက်စီးမှုနည်းပါးသောမြေကိုခေါ်ဆိုခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ကျန်းမာသန်စွမ်းသောမြေဆီလွှာဆိုသည်မှာ မြေဆီလွှာ၏ ရုပ်ပိုင်းဆိုင်ရာအားဖြင့် မြေသားဖွဲ့စည်းတည်ဆောက်ပုံ၊ လေဝင်လေထွက်ကောင်းမွန်မှု၊ မြေသားမွရှုမှု၊ မြေဆီလွှာ၏ ရေထိန်းစွမ်းအားကောင်းမွန်မှု၊ ဇီဝပိုင်းဆိုင်ရာဖြင့် မြေဆီလွှာအတွင်း အကျိုးပြုသက်ရှိများ အဏုဇီဝပိုးများကြွယ်ဝနေမှုနှင့် ဓာတုပိုင်းဆိုင်ရာ အပင်ကြီးဖွံ့ဖြိုးမှု၊ သီးပွင့်မှုကောင်းမွန်စေရန်အတွက် အပင်အာဟာရများကြွယ်ဝနေသောအခြေအနေကိုခေါ်ဆိုရမည်ဖြစ်သည်။

ထို့ကြောင့် ပဲမျိုးစုံစိုက်ပျိုးသည့် တောင်သူများအနေဖြင့် မိမိတို့စိုက်ပျိုးနေသောမြေသည် ကျန်းမာရေးကောင်းမွန်သော မြေဆီလွှာဖြစ်ရန်အတွက် ကနဦးလုပ်ငန်းသည် မိမိတို့စိုက်ပျိုးမြေအား မျက်မြင်အားဖြင့် မြေဆီလွှာအခြေအနေကောင်းမွန်မှု ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးရန်ဖြစ်သည်။ ထို့နောက် မိမိတို့စိုက်ပျိုးမြေဆီလွှာ၏ အပင်အာဟာရဓာတ်များပါဝင်မှုအခြေအနေကိုသိရှိပြီး လိုအပ်သလိုပြုပြင်မှုများ စီမံခန့်ခွဲမှုများလုပ်ဆောင်ရန်အတွက် မြေနမူနာယူပြီး မြေအသုံးချရေးဌာနခွဲ၏ ဓာတ်ခွဲခန်းများသို့ ပေးပို့စစ်ဆေးသင့်သည်။ သို့မှသာ မိမိစိုက်ပျိုးမြေ၏ အခြေအနေကိုသိရှိပြီး ပြုပြင်ရမည့်နည်းလမ်းများ၊ အပင်အာဟာရများ ထည့်သွင်းခြင်းလုပ်ငန်းများကို သိရှိဆောင်ရွက်နိုင်မည်ဖြစ်သည်။

ဖော့စဖရပ်(P)ဓာတ်ချို့တဲ့မှုလက္ခဏာများ



အရွက်ရင့်များ အရောင်ပြောင်းခြင်းနှင့်
ရွက်ကြောများကြားတွင် ခရမ်းရောင်သန်းနေခြင်း



ဖော့စဖရပ်ချို့တဲ့နေသောပဲပင်များ

သီးနှံပင်များကြီးထွားရန်အတွက် လိုအပ်သော အပင်အာဟာရဓာတ် ၁၈ မျိုးရှိသည်။ ၎င်းတို့မှာ ကာဗွန်၊ ဟိုက်ဒရိုဂျင်၊ အောက်ဆီဂျင်၊ နိုက်ထရိုဂျင်၊ ဖော့စဖရပ်၊ ပိုတက်စီယမ်၊ ကယ်စီယမ်၊ မဂ္ဂနီစီယမ်၊ ဆာလဖာ၊ အိုင်းယွန်း၊ ဇင့်၊ ဆိုဒီယမ်၊ ကလိုရင်း၊ ကော့ပါး၊ ဘိုရွန်၊ မန်းဂနိ၊ မိုလစ်ဒီနမ်နှင့် စီလီကွန်တို့ ဖြစ်သည်။ ထို့ကြောင့် ပဲစိုက်တောင်သူများအနေဖြင့်ပဲသီးနှံစိုက်ပျိုးရာတွင် တွေ့ရှိနိုင်သော အပင်အာဟာရဓာတ်ချို့တဲ့မှုလက္ခဏာများကိုလည်းသိရှိရန်အရေးကြီးသည်။ သို့မှသာ ပဲသီးနှံအထွက်နှုန်းတိုးတက်ရေးအတွက် အပင်အာဟာရဖြည့်တင်းရေးကို လုပ်ဆောင်နိုင်မှာဖြစ်သည်။ ပဲသီးနှံအတွက် လိုအပ်သော အပင်အာဟာရဓာတ်များထဲမှ အရေးကြီးသော အပင်အာဟာရဓာတ်ချို့တဲ့မှုလက္ခဏာများကို ဦးစားပေးဖော်ပြသွားပါမည်။

**နိုက်ထရိုဂျင်(N)ဓာတ်ချို့တဲ့ခြင်း**

ပဲမျိုးစုံတွင် နိုက်ထရိုဂျင်ချို့တဲ့ပါက အရွက်ရင့်များ အစိမ်းဖျော့ အဝါရောင်ပြောင်းသွားပြီး အပင်ကြီးထွားမှုရပ်တန့်ပြီး ပင်စည်သေးသွယ်၍ ရှည်လျားသည်။ ပန်းပွင့်နှင့် ကိုင်းအရေအတွက်လျော့နည်းပြီး သီးတောင့်နှင့် အစေ့အဆန်ဖြစ်ပေါ်မှုနည်းပါးသည်။ နိုက်ထရိုဂျင်ချို့တဲ့ပါက ရွက်ဖျန်းမြေဩဇာအဖြစ် ရေတစ်လီတာလျှင် ဒိုင်အမိုနီယမ်ဖော့စဖိတ် ၂၀ ဂရမ် ၂ ရာခိုင်နှုန်းဖြင့် တစ်ပတ်တစ်ကြိမ်ဖျန်းပေးသင့်သည်။

**ဖော့စဖရပ် (P) ဓာတ်ချို့တဲ့ခြင်း**

ပဲမျိုးစုံတွင် ဖော့စဖရပ်ချို့တဲ့ပါက တစ်ပင်လုံးအစိမ်းရင့်ရောင်ရှိနေပြီး အရွက်များခွက်၍ ပင်စည်မှာ ခရမ်းရောင်သန်းနေသည်။ ခရမ်းရောင်ပြောင်းခြင်းကို အောက်အရွက်များမှ အပေါ်အရွက်များအထိ တွေ့ရနိုင်သည်။ အပင်ပု၍ ပင်စည်သေးသွယ်ပြီး ဆစ်ကြားတိုတတ်သည်။ သီးတောင့်အရွယ်အစားနှင့် အရေအတွက်လျော့နည်းပြီး သီးတောင့်ပါအစေ့အရေအတွက်လည်း လျော့နည်းနိုင်သည်။ ဖော့စဖရပ်ဓာတ်ချို့တဲ့ပါက ရွက်ဖျန်းအနေဖြင့် ရေတစ်လီတာတွင် ဒိုင်အမိုနီယမ်ဖော့စဖိတ် ၂၀ ဂရမ် ၂ ရာခိုင်နှုန်းဖြင့်ဖျန်းပေးနိုင်သည်။


**ပိုတက်စီယမ်(K) ဓာတ်ချို့တဲ့ခြင်း**

ပိုတက်စီယမ်ချို့တဲ့ပါကအရွက်ရင့်များ၏ အရွက်ထိပ်နှင့် ရွက်နားများမှစ၍ အဝါရောင်ပြောင်းပြီး ရွက်ကြောများကြားအထိ ပျံ့နှံ့သွားသည်။ ချို့တဲ့မှုပြင်းထန်ပါက အရွက်နားများခြောက်၍ မီးလောင်ထားသကဲ့သို့ အပေါ်ဘက်သို့လိပ်တက်ကာ အချိန်မတိုင်မီ အရွက်ရင့်များခြောက်၍ သေသွားနိုင်သည်။ အပင်ပု၍ဆစ်ကြားတိုတတ်သည်။ ကိုင်းအရေအတွက်နည်းပြီး အပင်ကြီးထွားမှုအားနည်းသွားသည်။ ပိုတက်စီယမ်ချို့တဲ့ပါက ရွက်ဖျန်းအနေဖြင့် ရေတစ်လီတာတွင် ပိုတက်မြေဩဇာ ၁၀ ဂရမ် ၁ ရာခိုင်နှုန်းဖြင့် ဖျန်းပေးနိုင်သည်။


**ကယ်စီယမ် (Ca) ဓာတ်ချို့တဲ့ခြင်း**

ပဲမျိုးစုံတွင် ကယ်စီယမ်ချို့တဲ့ပါက အရွက်နုများ အစိမ်းဖျော့ရောင်ပြောင်းပြီး အရွက်မြွှာများ၏ ရွက်ကြောကြားတွင် နီညိုရောင်ဆဲလ်သေနာကွက်များဖြစ်လာသည်။ ရွက်ကြောကြားများတွင် အဖုအထစ်ပုံစံများ တွေ့ရနိုင်သည်။ ထိပ်ဖူးများညှိုး၍ သေသွားနိုင်သည်။ ကယ်စီယမ်ချို့တဲ့ပါက ရွက်ဖျန်းမြေဩဇာအဖြစ် ရေတစ်လီတာလျှင် ကယ်စီယမ်ဆာလဖိတ် ၁၀ ဂရမ် ၁ ရာခိုင်နှုန်းအား နှစ်ပတ်တစ်ကြိမ်ဖျန်းပေးသင့်သည်။

ပိုတက်စီယမ်(K)ဓာတ်ချို့တဲ့မှုလက္ခဏာများ



အရွက်ထိပ်များအဝါရောင်ပြောင်းနေခြင်းနှင့် ချို့တဲ့မှုပြင်းထန်၍
အရွက်နားများဆဲလ်သေနာကွက်များဖြစ်၍ အပေါ်လိပ်နေခြင်း



ပိုတက်စီယမ်ချို့တဲ့နေသောပဲပင်များ

**ဆာလဖာ (S) ဓာတ်ချို့တဲ့မှုလက္ခဏာ**

ဆာလဖာချို့တဲ့ပါက အရွက်နုများအစိမ်းဖျော့ရောင်မှ အဝါဖျော့ရောင်သို့ပြောင်းနေပြီး အရောင်မညီကွက်ကျားများတွေ့ရသည်။ အပေါ်ပိုင်းအရွက်များတွင် ချို့တဲ့မှုလက္ခဏာစတင်ပြပြီး တဖြည်းဖြည်းတစ်ပင်လုံး အဝါရောင်သို့ပြောင်းသွားသည်။

စာမျက်နှာ ၂၆ သို့ ●

# တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများကြိုတင်ဆန္ဒမဲပေး

## ငဖဲ

မကွေးတိုင်းဒေသကြီး ငဖဲမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမနှင့် ပဒါန်းအခြေခံပညာအထက်တန်းကျောင်းခန်းမတို့၌ နိုဝင်ဘာလ ၁၉ ရက် နံနက်ပိုင်းတွင် တက္ကသိုလ်/ကောလိပ် ကျောင်းသား၊ ကျောင်းသူများကြိုတင်ဆန္ဒမဲပေးကြသည်။

အဆိုပါ ကြိုတင်ဆန္ဒမဲပေးရာတွင် ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာပါတီကိုယ်စားလှယ်များရှေ့မှောက်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၂၁ အုပ်စုမှ မဲဆန္ဒနယ်မြေပြင်ပသို့သွားရောက်၍ တက္ကသိုလ်/ကောလိပ်များသို့ တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများက တက္ကသိုလ်/ကောလိပ်ကျောင်းဝင်ခွင့်အထောက်အထားတို့ကိုပြသ၍ မဲစာရင်းနှင့်တိုက်ဆိုင်စစ်ဆေးပြီး ကြိုတင်ဆန္ဒမဲလက်မှတ်များထုတ်ယူကာ မိမိကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်လောင်းကို ဆန္ဒပြုမဲပေးကြကြောင်း သိရသည်။

**မယု(ငဖဲ)**



## တောင်ငူ

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်သူ့ဝန်ဆောင်မှုရုံး၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးခြင်းကို နိုဝင်ဘာလ ၁၈ ရက် မွန်းလွဲပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ ကြီးကြပ်၍ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများကြိုတင်ဆန္ဒမဲစတင်ပေးနေမှုကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ လာရောက်ကြည့်ရှုအားပေးကြကြောင်းသိရသည်။ **ဇော်ကိုကို**



## ပခုက္ကူ

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ပေါ်ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးခြင်းကို နိုဝင်ဘာလ ၁၉ ရက်နံနက်ပိုင်းတွင် ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများက လျှို့ဝှက်မဲပုံးတွင် မိမိတို့နှစ်သက်ရာပါတီကို ဆန္ဒမဲပေးကြကြောင်း သိရသည်။

**ကယ်ရီမောင်**

## ကြို့ပင်ကောက်

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်တက်ရောက်နေကြသော ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးခြင်းများကို ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၌ နိုဝင်ဘာလ ၁၇ ရက်မှ ၂၁ ရက်အထိ လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်မဲပေးခြင်းကို ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များနှင့်အတူ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြီးကြပ်စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇေယျာထွန်း(ပြန်/ဆက်)**

## ညောင်ဦး

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးခြင်းကို နိုဝင်ဘာလ ၁၈ ရက်တွင် ဆောင်ရွက်ကြောင်းသိရသည်။

ညောင်ဦးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအနေဖြင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ဆောင်ရွက်ထားရှိကြောင်းသိရသည်။

**ဒီပါလင်း**



## ဘိုကလေး

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများ၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးခြင်းကို နိုဝင်ဘာလ ၁၈ ရက်တွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကြိုတင်ဆန္ဒမဲပေးသူ တက္ကသိုလ်၊ ဒီဂရီကောလိပ်ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၂ ဦးက ဆန္ဒမဲပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုကြကြောင်းသိရသည်။

**မိုးစက်(ဘိုကလေး)**

## ကျွန်းစု

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ အမှတ် (၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများသည် နိုဝင်ဘာလ ၁၉ ရက် နံနက်ပိုင်းတွင် ကြိုတင်ဆန္ဒမဲပေးခြင်းကိုဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူများက ကြိုတင်ဆန္ဒမဲလက်မှတ်များထုတ်ယူပြီး လျှို့ဝှက်ဆန္ဒပြုခန်းတွင် မိမိကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်လောင်းကို ဆန္ဒပြုမဲပေးကြပြီး ကြိုတင်မဲပုံးအတွင်းသို့ ထည့်ကြသည်။ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနေမှုအား မြို့နယ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေး



ကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်စန်းဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်းသိရသည်။ **ထက်မြင့်(ကျွန်းစု)**

---

● စာမျက်နှာ ၂၅ မှအဆက်


### ဘိုရွန် (B) ဓာတ်ချို့တဲ့မှုလက္ခဏာ

ပဲမျိုးစုံတွင် ဘိုရွန်(B)ချို့တဲ့သည့်ပဲပင်များသည် ပုံမှန်အပင်များထက် အစိမ်းရောင်ရင့်နေပြီး ရွက်မြွှာများထူ၍ အောက်သို့ငိုက်ကျနေပြီး အလွယ်တကူကြွေကျတတ်သည်။ ချို့တဲ့မှု အဓိကလက္ခဏာမှာ ထိပ်ပိုင်းကြီးထွားမှုအစိတ်အပိုင်းများညှိုး၍ အနက်ရောင်ပြောင်းကာ သေဆုံးသွားခြင်းကြောင့် အပင်ပုသွားတတ်သည်။ ထိပ်ဖျားပိုင်းသေဆုံးမှုကြောင့် ထွက်ရှိလာသော ဘေးအညွန့်များ၏ ရိုးတံများ ကွပ်ဆတ်နေတတ်သည်။ ချို့တဲ့မှုဆက်၍ဖြစ်နေပါက အရွက်နုများ၏အနားများအတွင်းဘက်သို့ လိပ်သွားတတ်သည်။ ဘိုရွန်ချို့တဲ့ပါက အပင်၏ထိပ်ပိုင်းဆဲလ်ပွားများမှုနည်းခြင်း၊ ပရိတင်းတည်ဆောက်မှုနှေးကွေးစေခြင်း၊ အပွင့်အသီးကြွေခြင်းနှင့်ပန်းပွင့်၏ဝတ်မှုန်များရှင်သန်မှုကာလတိုလာခြင်းတို့ ဖြစ်ပေါ်သည်။ ဘိုရွန်ဓာတ်ချို့တဲ့ပါက ရွက်ဖျန်းအဖြစ် ရေတစ်လီတာတွင် ဘိုရက်စ် ၂-၅ ဂရမ် သုည ဒသမ ၂ - သုည ဒသမ ၅ ရာခိုင်နှုန်းထည့်ဖျော်၍ဖျန်းပေးနိုင်သည်။

### ပဲမျိုးစုံစိုက်ပျိုးရေးတွင် နိုက်ထရိုဂျင်နှင့် ဘိုရွန်တို့၏အရေးပါမှု

ပဲတီစိမ်း၊ မတ်ပဲ၊ ပဲပုပ် စသည့် ပဲမျိုးစုံသီးနှံတို့သည် ပန်းပွင့်ချိန်၌အစေ့များပြည့်ဖြိုးစေရန်နှင့် အစေ့တွင် ပရိုတင်းဓာတ်ဖြည့်တင်းပေးရန်အတွက် နိုက်ထရိုဂျင်ဓာတ်အလိုအပ်ဆုံးအချိန်ဖြစ်သည်။ ဘိုရွန်ဓာတ်သည်လည်း ပန်းပွင့်များကြွေကျခြင်းအား ကာကွယ်ရန်၊ ပန်းပွင့်၏ ဝတ်မှုန်ပွင့်ကောင်းစွာ ရှည်ထွက်ပြီး မျိုးအောင်မှုအားကောင်းစေရန်နှင့် အပင်အတွင်း နိုက်ထရိုဂျင်ဓာတ်၏ဇီဝကမ္မဆိုင်ရာလုပ်ငန်းများကို အထောက်အကူပေးနိုင်ရန်အတွက် ပန်းပွင့်ချိန်၌ အထူးလိုအပ်သည်။

ထို့ကြောင့် ယူရီးယားနှင့် ဘိုရွန်(လက်ချား)အား ပဲသီးနှံတွင် ပန်းစပွင့်ချိန်နှင့် သီးကင်းဝင်ချိန်တွင် ရေတစ်ဂါလန်လျှင် ယူရီးယားဟင်းစားဇွန်းလေးဇွန်းနှင့် လက်ချားမှုန့်ဟင်းစားဇွန်းတစ်ဇွန်းပျော်အောင် ဖျော်၍ တစ်ကေလျှင် ရေလေးဂါလန်ဝင် ဆေးဖျန်းပုံး ငါးပုံး၊ ခြောက်ပုံးစီဖျော်၍ နံနက်စော၊ ညနေစောင်းနှင့် နေအေးသော အချိန်တွင်ဖျန်းပက်ရမည်။ တစ်ကေလျှင် တစ်ကြိမ်ဖျန်းရန်အတွက် ယူရီးယားတစ်ပြည် (၄ ပေါင်)ခန့်နှင့်လက်ချား ၂၀ ကျပ်သား (သုည ဒသမ ၅ ပေါင်)လိုသည်။ ပဲမျိုးစုံသီးနှံများတွင် ယူရီးယားနှင့် ဘိုရွန်အသုံးပြုခြင်းအားဖြင့် ကုလားပဲသီးနှံတွင် ၂၀ ရာခိုင်နှုန်း၊ ပဲတီစိမ်းသီးနှံတွင် ၂၅ ရာခိုင်နှုန်း၊ မတ်ပဲသီးနှံတွင် ၃၀ ရာခိုင်နှုန်းနှင့် ပဲပုပ်သီးနှံတို့တွင် ၄၀ ရာခိုင်နှုန်းပိုမိုထွက်ရှိနိုင်သည်။ ထို့ကြောင့် ပဲမျိုးစုံသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အပင်အာဟာရဓာတ်များလိုအပ်မှုအခြေအနေကိုသုံးသပ်၍ ထည့်သွင်းနိုင်ခြင်းဖြင့် မျှော်မှန်းအထွက်နှုန်းများကို ထွက်ရှိနိုင်ပါကြောင်းနှိုးဆော်တိုက်တွန်းအပ်ပါသည်။ ။




KNU အကြမ်းဖက်အဖွဲ့နှင့် Tran–Asia International Holding Group (Thailand)ကုမ္ပဏီနှင့် မုလအိအလင်းကုမ္ပဏီတို့ ချုပ်ဆိုခဲ့သည့်စာချုပ်အားတွေ့ရစဉ်။



KK Park နယ်မြေအတွင်း၌ Online လိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးပြီးစီးမှုကို တွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုလျက်ရှိသည့် မိုဘိုင်းဖုန်းများအား သိမ်းဆည်းရမိမှုကိုတွေ့ရစဉ်။



ရွှေကုက္ကိုလ် နယ်မြေအတွင်း၌ ဖမ်းဆီးရမိသည့် တရားမဝင် ဝင်ရောက်လာသူများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည်များ စိစစ်ဆောင်ရွက်စဉ်။

◆ ကျောဖုံးမှအဆက်

International Holding Group (Thailand) ကုမ္ပဏီတို့လုပ်ငန်းစတင်ခဲ့သည့် မြဝတီ–မဲ့ထော်သလေး (KK Park)နယ်မြေအတွင်းသို့ အောက်တိုဘာလအတွင်းမှစ၍လည်းကောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် အကြောင်းပြ၍ စီမံကိန်းတစ်ရပ်အဖြစ် တည်ဆောက်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ ရပ်တန့်ထားသည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းသို့ နိုဝင်ဘာလ ၁၈ ရက် နံနက်ပိုင်းမှစ၍လည်းကောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအပါအဝင်အဖွဲ့စုံပါဝင်သည့်ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် ဝင်ရောက်ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ဖော်ထုတ်ဖမ်းဆီးရမိသည့် Online လိမ်လည်လောင်းကစားမှုများကျူးလွန်ကြသူများကို လိုအပ်သည့်စိစစ်မှုများဆောင်ရွက်၍ သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ Online လိမ်လည်လောင်းကစားမှုများ ယင်းဒေသတွင် လုံးဝပြန်လည် အခြေမချနိုင်စေရေး၊ ဒုစရိုက်လုပ်ငန်းများ ထပ်မံ မလုပ်ဆောင်နိုင်စေရေးအတွက် ယင်းဒေသတွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသည့် အဆောက်အအုံများကိုလည်းအပြီးတိုင်ဖျက်ဆီးဖြိုချမှုများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဖြိုချဖျက်ဆီးခြင်းများဆောင်ရွက်ရာတွင် ယာဉ်ယန္တရားများဖြင့် စနစ်တကျဖြိုချဖျက်ဆီးခြင်း၊ အဆင့်မြင့်နည်းပညာသုံးဖောက်ခွဲဖျက်ဆီးခြင်းနည်းပညာများအသုံးပြု၍ စနစ်တကျ ဖောက်ခွဲဖျက်ဆီးခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယနေ့ ညနေ ၆ နာရီအထိ မြဝတီ–မဲ့ထော်သလေး (KK Park) နယ်မြေအတွင်း Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုလျက်ရှိသည့် အဆောက်အဦများ ၆၃၅ လုံးရှိသည့် အနက် ၁၇၀ လုံးကို ဖြိုချဖျက်ဆီးပြီးစီးပြီဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် အဆောက်အအုံ ၄၆၅ လုံးကို ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို ယမန်နေ့မှစ၍ စတင်ဆောင်ရွက်လျက်ရှိပြီး ယနေ့ဒုတိယနေ့အဖြစ်ရှင်းလင်းမှုများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ညနေ ၆ နာရီအထိ ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသည့် အဆောက်အဦ ၁၃ လုံးအတွင်းမှ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်နေထိုင်လျက်ရှိသည့် တရုတ်နိုင်ငံသား ၁၈၄ ဦး၊ မလေးရှားနိုင်ငံသား ၃ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၁၄ ဦး၊ နီပေါနိုင်ငံသား ၂ ဦး၊ ထိုင်းနိုင်ငံသား ၆ ဦး၊ ဗီယက်နမ်နိုင်ငံသား ၇ ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား ၁ ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ၄၈ ဦး၊ စုစုပေါင်း ၂၆၅ ဦးနှင့် Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် **စာမျက်နှာ ၂၈ သို့** ◆

◆ စာမျက်နှာ ၂၇ မှအဆက်

အသုံးပြုသည့် ကွန်ပျူတာ ၂၃၃၉ လုံး၊ မိုဘိုင်းဖုန်း ၂၉၅၀ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိဖမ်းဆီးရမိခဲ့သည်။ သို့ဖြစ်၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်နေထိုင်လျက်ရှိသည့် စိစစ်ဆဲနိုင်ငံခြားသား ၆၁၁ ဦးနှင့် Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့်ကွန်ပျူတာ ၂၆၅၃ လုံး၊ မိုဘိုင်းဖုန်း ၁၉၆၅၀ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိဖမ်းဆီးရရှိခဲ့ပြီး ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို မြဝတီမြို့နယ်၊ ပူလွဲပူကျေးရွာအုပ်စု၊ ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝန်းရှိ အဆောက်အဦ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင်ပြည်ပနိုင်ငံသားစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား ၂၀၀ ဦးကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ ဖမ်းဆီးရမိသည့် တရားမဝင် ဝင်ရောက်လာသူများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည်များ စိစစ်ဆောင်ရွက်စဉ်။

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်းပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဝေါမြို့နယ်တွင် ငွေကျပ် ၇ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၅ သန်းဖမ်းဆီးရမိ



တရားခံ မှိုင်းဆွေအား ဖမ်းဆီးရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၉

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာအနီး၌ သတင်းအရစောင့်ဆိုင်းစဉ် နိုဝင်ဘာလ ၈ ရက်နေ့ ည ၁၁ နာရီခန့်တွင် မှိုင်းဆွေမောင်းနှင်လာသော ISUZU ၆ ဘီးမော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြား ၅ သန်းကို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရှိရသည်။

ဆက်စပ်သတင်းများအရ အဆိုပါဖမ်းဆီးရမိစိတ်ကြွဆေးပြားများအား မန္တလေးမှ ဘားအံသို့ သယ်ဆောင်ခိုင်းသူမှာ မန္တလေးမြို့နေ မြတ်မင်းဦး(ဖမ်းဆီးရန်ကျန်)နှင့် ဖမ်းဆီးရမိမော်တော်ယာဉ်အား မန္တလေးမြို့၊ စွယ်တော်ကားဝင်းအနီးသို့ လာရောက်ပို့ဆောင်သူမှာ ပြင်ဦးလွင်မြို့နေ အောင်မျိုးဝင်း (ဖမ်းဆီးရန်ကျန်)တို့ဖြစ်ကြောင်း သိရှိရပြီး မန္တလေးမှ ဘားအံသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ် ၁၂၄ တန်ကျော်ဖမ်းဆီးရမိ



နေပြည်တော် နိုဝင်ဘာ ၁၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည်တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ **၁၀-၁၁ ရက်နေ့မှ ၁၆ ရက်အထိ** နေပြည်တော်၊ပြည်နယ်နှင့်တိုင်းဒေသကြီးသစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင်**ကျွန်း (၁ ဒသမ ၈၈၆၆) တန်၊ သစ်မာ (သုည ဒသမ ၁၄၃၆)တန်၊ အခြား (၁၂၂ ဒသမ ၇၅၄၆)တန်၊ စုစုပေါင်း (၁၂၄ ဒသမ ၇၈၄၈)တန်၊ ယာဉ်/ယန္တရား (၁)စီး၊ တရားခံ(၁၁)ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှသိရသည်။

မြဝတီ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**




**ပျောက်ဆုံးကြောင်း**
အောင်ပြည့်စုံ(ဘ)ဦးခင်မောင်မြင့် ၁၂/မရက(နိုင်)၁၄၁၃၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၅၀၉၇၃၁၅

**ပျောက်ဆုံးကြောင်း**
သန်းမြင့်(ဘ)ဦးအိဗရာဟင် ၁၂/လမန(နိုင်) ၁၂၆၇၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၉၉၀၈၂၉

**ပျောက်ဆုံးကြောင်း**
စမ်းစမ်းအေး(ဘ)ဦးတင်မောင် ၁၂/ဥကမ(နိုင်)၁၅၈၅၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၈၉၁၈၁၃၉

**ပျောက်ဆုံးကြောင်း**
အိဖြူဇင်(ဘ)ဦးငွေအောင် ၇/ရတန(နိုင်) ၁၃၃၁၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၈၀၈၉၅၆၈

**ပျောက်ဆုံးကြောင်း**
သန်းနိုင်(ဘ)ဦးအောင်ဖေ ၅/ဟမလ(နိုင်) ၀၆၄၁၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၀၈၂၇၀၀၉

**ပျောက်ဆုံးကြောင်း**
ရှိန်းထက်ဦး(ဘ)ဦးသိန်းမြင့် ၇/ဝမန(နိုင်) ၁၉၇၉၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၉၀၆၉၀၂၇

**ပျောက်ဆုံးကြောင်း**
အောင်မျိုး(ဘ)ဦးတင်ငြိမ်း ၁၄/ညတန(နိုင်) ၁၀၈၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၇၄၄၆၆၈၈

**ပျောက်ဆုံးကြောင်း**
ခိုင်ဝါဦး(ဘ)ဦးမင်းမင်းဦး ၉/အမရ(နိုင်) ၁၉၁၃၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သန်းနိုင်(ဘ)ဦးကျော်သန်း ၁၂/ဒဂန(နိုင်) ၀၂၃၄၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၃၁၉၆၇၈၃

**ပျောက်ဆုံးကြောင်း**
စိုင်းရာဇာထွန်း(ဘ)ဦးလောခွေ့ ၁/ဟပန(နိုင်)၀၁၇၂၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၉၈၂၂၁၈၇

**ပျောက်ဆုံးကြောင်း**
မေသဥ္စာဦး(ဘ)ဦးအေးညိမ်း ၁၄/ဝခမ(နိုင်) ၂၇၁၀၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၂၂၁၅၃၅၈

**စာပေမြင့်မှ လူမျိုးတင့်မည်**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၃၄၆ ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး အိန္ဒိယနိုင်ငံသား ၁၂၅ ဦးကို သက်ဆိုင်ရာနိုင်ငံသို့လွှဲပြောင်းပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၉

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park) နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၁၂၅ ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့်သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

မြန်မာနိုင်ငံအတွင်း တရားမဝင်ဝင်ရောက်လာသည့်ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေး ဖော်ထုတ်လျက်ရှိရာ ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများ၊ တပ်မတော်နှင့် BGF နယ်ခြားစောင့်တပ်များမှ တာဝန်ရှိသူများသည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက် နံနက် ၁၁ နာရီခွဲတွင် ရွှေကုက္ကိုလ် နယ်မြေအတွင်းသို့ ဝင်ရောက်ခဲ့ပြီးနောက် မွန်းလွဲ ၁ နာရီမှ ည ၆ နာရီထိ တိုက်အမှတ် ဝ၈(၇ ထပ်အဆောက်အအုံ)သို့ ဝင်ရောက်စစ်ဆေးခဲ့ရာ ကွန်ပျူတာ(၈၀)လုံး၊ မိုဘိုင်းဖုန်း(၄၈၀၀)လုံးနှင့် တရားမဝင် ဝင်ရောက်နေသော ပြည်ပနိုင်ငံသား(၆၅)ဦးတို့ကို လည်းကောင်း၊ တိုက်အမှတ်ဝ၆(၇ ထပ်အဆောက်အအုံ)သို့ ဝင်ရောက်စစ်ဆေးခဲ့ရာ ကွန်ပျူတာ (၇၃)လုံး၊ မိုဘိုင်းဖုန်း (၆၅၀၀)လုံးနှင့် တရားမဝင် ဝင်ရောက်နေသော ပြည်ပနိုင်ငံသား(၇၅)ဦးတို့ကိုလည်းကောင်း၊ ချန်စိမ်းတိုက်(၁၃)ထပ်အဆောက်အအုံသို့ ဝင်ရောက်စစ်ဆေးခဲ့ရာ ကွန်ပျူတာ(၁၆၁)လုံး၊ မိုဘိုင်းဖုန်း (၇၅၀၀)လုံးနှင့်တရားမဝင်ဝင်ရောက်နေသောပြည်ပနိုင်ငံသား(၂၀၆)ဦးတို့ကိုလည်းကောင်း စစ်ဆေးတွေ့ရှိ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၃၄၆ ဦးကို မြဝတီမြို့နယ်၊ ပူလွဲပူ ကျေးရွာအုပ်စု၊ ရွှေကုက္ကိုလ်မြိုင် ကျေးရွာအတွင်း လုံထင်းဝင်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင် ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့မှစစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား ၂၀၀ ဦးကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကရင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့်တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ညွှန်ကြားရေးမှူး ဦးကျော်မြင့်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်နိုင်ရေးဆောင်ရွက်စဉ်။

ဆက်လက်ပြီး ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင်ပြည်ပနိုင်ငံသားများ ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်နှင့် တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Counsellor Mr. Pranav Ganesh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ နိုဝင်ဘာလ ၁၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၁၁၈၆ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၁၀၄၀ ဦးကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၉၇၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၀၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင်ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်း များနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့်လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေးထိရောက်စွာညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၁၀၀)**

---

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၀ ရက်**တွင် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအနီး၌ မော်တော်ယာဉ်(၅)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၂၅၉၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Truck (၄)စီး၊ Dong Feng Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၂၅၉၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့အပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂ ရက်**တွင် ဘားအံမြို့နယ် သာယာကုန်းကျေးရွာ မြဝတီ-ဘားအံသွားကားလမ်းအနီး၌ စုပုံထားသော အကောက်ခွန်မဲ့ လျှပ်စစ်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၉၇၅၀၀၀)ကိုလည်းကောင်း၊ **နိုဝင်ဘာလ ၄ ရက်**တွင်ဘားအံမြို့ မိသရောင်ကျေးရွာ ရွှေကဲလမ်းဆုံအနီး၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း (၁၀)မျိုး၊ စားသောက်ကုန်ပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၂၅၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၂၂၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၆ ရက်**တွင် ရွှေဘိုမြို့နယ် အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၃)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၅ ရက်**တွင် ဒိုက်ဦးမြို့နယ် အတွင်း၌ တရားမဝင် အခြားသစ် (၁ ဒသမ ဝ၆၃)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၂၁၆)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၂ ရက်**တွင် မင်းဘူးမြို့နယ် အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၆ ရက်နှင့် ၁၇ ရက်**တို့တွင် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ် (၃)စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်(၃)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၅ ရက်**တွင် စစ်တွေမြို့နယ်အတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၁၄ ရက်နှင့် ၁၆ ရက်**တို့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်(၃)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း (၅)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၉၂၈၀၀၀)ကိုလည်းကောင်း၊ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၉၂၈၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ်၊ **နိုဝင်ဘာလ ၂ ရက်မှ ၁၇ ရက်** အထိ ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၀)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၆၈၁၇၂၁၆)** ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင် နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ မြဝတီ

## Open Tender ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် အတွေ့အကြုံရှိ၍ စိတ်ပါဝင်စားသောကုမ္ပဏီများအနေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းဆိပ်ကမ်း၊ တော်ဝင်သံကူကွန်ကရစ်ဆိပ်ခံတံတား၏ တောင်ဘက် ကပ်လျက်မြေနေရာတွင် အပြည်ပြည်ဆိုင်ရာကမ်းရိုးတန်းဆိပ်ကမ်းသစ်တစ်ခု တည်ဆောက်နိုင်ရန်အတွက် တိုင်းတာခြင်း၊ လေ့လာဆန်းစစ်ခြင်းနှင့် ပုံစံဒီဇိုင်းများ ရေးဆွဲခြင်းလုပ်ငန်း။

၂။ တင်ဒါပုံစံဝယ်ယူနိုင်သည့် နေ့ရက်နှင့်အချိန် - ၂၀-၁၁-၂၀၂၅ရက်နေ့မှ ၂၈-၁၁-၂၀၂၅ ရက်နေ့ အထိ(ရုံးချိန်အတွင်း)

၃။ တင်ဒါဖွင့်မည့် နေ့ရက်နှင့်အချိန် - ၅-၁၂-၂၀၂၅(သောကြာနေ့)၊ ၁၃:၀၀ နာရီ

၄။ တင်ဒါပုံစံရောင်းချမည့်နေရာ - အမှတ်-၁၀၊ ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ရုံးချုပ်၊ မြို့ပြအင်ဂျင်နီယာဌာန

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း၊ ၀၉-၄၃၀၄၉၃၁၇၊ ၀၉-၄၀၈၉၀၈၈၀၀ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမားဝန်ကြီးဌာန
## တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့်ဆောင်ရွက်မည့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| (က) | လှိုင်သာယာမြို့နယ်၊ လူမှုဖူလုံရေးအဖွဲ့ပိုင် မြေကွက်(၂)ကွက်တွင် ခြံစည်းရိုးကာရံခြင်း(RC တိုင်၊ RC Beam ၂ ထပ်၊ မြေပေါ်အမြင့် ၁၀ ပေ၊ ၄ ပေအမြင့် မြေဖို့ခြင်းအပါအဝင်)လုပ်ငန်း | (၁)မျိုး |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း နေပြည်တော်၊ လူမှုဖူလုံရေးအဖွဲ့ ရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁-၁၂-၂၀၂၅ ရက်နေ့မှ ၅-၁၂-၂၀၂၅ ရက်နေ့အထိ (ရုံးချိန်အတွင်း) ၁၀:၀၀ နာရီမှ ၁၆:၀၀ နာရီအထိ

၄။ တင်ဒါ Specification နှင့် ဈေးနှုန်းလွှာတင်သွင်းရမည့် နေ့ရက် - ၈-၁၂-၂၀၂၅ ရက်နေ့မှ ၉-၁၂-၂၀၂၅ ရက်နေ့ထိ (ရုံးချိန်အတွင်း)၁၀:၀၀ နာရီမှ ၁၆:၀၀ နာရီအထိ

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၇၇၆၁၇၄၁၀၄၊ ၀၉-၆၈၉၃၂၃၁၁၀၊ ၀၉-၇၉၇၈၉၂၀၅၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဝန်ကြီးဌာနတင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အလုပ်သမားဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
## မဟာအင်ဂျင်နီယာဘွဲ့သင်တန်းအပတ်စဉ်(၇)နှင့်ဘွဲ့လွန် အင်ဂျင်နီယာဒီပလိုမာဘွဲ့ သင်တန်းအပတ်စဉ်(၃)သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် မဟာအင်ဂျင်နီယာဘွဲ့သင်တန်း အပတ်စဉ်(၇)နှင့် ဘွဲ့လွန်အင်ဂျင်နီယာဒီပလိုမာဘွဲ့သင်တန်းအပတ်စဉ်(၃)သင်တန်းများ ကို နိုဝင်ဘာလတွင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ Website WWW.mmu.edu.mm တွင် အသေးစိတ်အချက်အလက်များကိုကြည့်ရှု၍ ကျောင်းသားရေးရာဌာန ဖုန်း-၀၉- ၄၂၃၅၁၀၈၅၄သို့ တိုက်ရိုက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ဒီဇယ်ဆီအိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်းတွင် သုံးစွဲရန်လိုအပ်သောဒီဇယ်ဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender)ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ ဝယ်ယူမည့်ဂါလန်အရေအတွက်နှင့် ပေးပို့ရမည့်နေရာအသေးစိတ်အား ရောင်းချ မည့်တင်ဒါပုံစံတွင် ဖော်ပြထားပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း(ရုံးခွဲ)၊ ရွှေတိဂုံဘုရားလမ်း၊ အင်ဂျင်နီယာဌာနသို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါရောင်းချမည့်ရက် - ၁၉-၁၁-၂၀၂၅/နံနက် ၁၀:၀၀ နာရီ
တင်ဒါပိတ်မည့်ရက် - ၃-၁၂-၂၀၂၅/နေ့လယ် ၁၅:၀၀နာရီ
တင်ဒါရောင်းချမည့်နေရာ - အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အမှတ် ၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။**
ဖုန်း-၀၁-၈၂၅၄၁၉၁၊ ၀၉-၅၃၄၁၆၀၅၊ ၀၉-၅၁၁၈၉၂၅

### တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ ပြည်နယ်ပညာရေးမှူးရုံး(ရုံးခွဲ)မှ အဘ ဦးအောင်မောင်း၏သား ဒုကြီးကြပ်ရေးမှူး ဦးဝင်းနှင့် ဦးမောင်ဝင်း ၉/ကပတ(နိုင်)၁၄၀၂၃၄ သည် တစ်ဦး တည်းဖြစ်ပါကြောင်း။

**ဦးဝင်း(ခ)ဦးမောင်ဝင်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့နယ်၊ အ.မ.က ပန်နင်မှ မူလတန်းကျောင်းအုပ် ဒေါ်မြင့်မြင့်ကြည် ၁၃/သနန(နိုင်)၀၀၇၃၆၄ ၏ဖခင် ဦးကျာမှူးနှင့် ဦးမောင်မောင်လှမှာ တစ်ဦး တည်းဖြစ်ပါကြောင်း။

**ဦးကျာမှူး(ခ)ဦးမောင်မောင်လှ**

### ပျောက်ဆုံးကြောင်း

မရှောက်အဲ(ဘ)ဦးကွမ်းဟွာ ၁၃/လရန(နိုင်) ၂၄၇၀၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၅၂၅၈၆၄၇၆

### ပျောက်ဆုံးကြောင်း

ကျော်မျိုးခိုင်(ဘ)ဦးမျိုးမြင့်စိုး ၇/ပမန(နိုင်) ၂၁၁၅၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၀၀၉၉၂၈၀

### ပျောက်ဆုံးကြောင်း

ကောင်းထက်(ဘ)ဦးဖိုးခွေး ၈/ရစက(နိုင်) ၂၇၅၅၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၀၀၁၅၁၈၀

### ပျောက်ဆုံးကြောင်း

ဇာနည်ထွန်း(ဘ)ဦးမြဟန် ၁၂/ဒဂတ(နိုင်) ၀၄၆၆၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၁၀၀၉၇၀

### ပျောက်ဆုံး ကြောင်း

ဝင်းသက်မွန်(ဘ)ဦးမောင်မောင်တာ ၅/မကန(နိုင်)၀၃၉၆၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၁၃၆၃၀၇

### ပျောက်ဆုံးကြောင်း

ဦးကြည်တင်(ဘ)ဦးအောင်ဖြန် ၁၂/ဥကတ (နိုင်)၀၃၂၂၇၉ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ထွန်းအောင်ကျော်(ဘ)ဦးမောင်ပို ၅/ကလထ (နိုင်)၁၆၃၆၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(ME 724493)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၉၅၉၃၄၉၁၅၉

### ပျောက်ဆုံးကြောင်း

အောင်ကျော်သူ(ဘ)ဦးထင်အောင်စိန် ၉/ အမရ(နိုင်)၁၁၆၈၆၁ ကိုင်ဆောင်သူ၏ နိုင်ငံ ကူးလက်မှတ်အမှတ်(MD 775355)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

ဇော်ဝင်းလွင်(ဘ)ဦးသိန်းလွင် ၁၂/အလန (နိုင်)၀၃၆၃၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၁၄၈၁၅

### ပျောက်ဆုံးကြောင်း

မာလာဖူး(ဘ)ဦးအောင်နိုင် ၁၀/သဖရ(နိုင်) ၁၅၅၈၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၉၃၃၀၅၆၇

### ပျောက်ဆုံးကြောင်း

ဖြူဖြူနှင်းဝေ(ဘ)ဦးအိုက်ခမ်း ၁၃/သပန (နိုင်)၁၀၄၀၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ရွှေကျင်မြို့၊ ပန်းဘဲတန်းရပ်ကွက်နေ ဦးသိန်းဝင်း(ဘ)ဦးမြမောင် ၇/ညလပ (နိုင်)၀၀၃၇၇၃ ကိုင်ဆောင်သူ၏ နိုင်ငံ ကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၀၆၇၉၇၁

### ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ နယ်မြေ(၅)၊ ရပ်ကွက်(၁၂) နေ ရွှေဇင်ဦး(ဘ )ဦးယုံဟိုက် ၁၃/လရန (နိုင်)၂၄၉၄၄၄ ကိုင်ဆောင်သူ၏ နိုင်ငံ ကူးလက်မှတ်အမှတ်(MK 332284)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၁၇၉၀၉၄၃

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၂၂)၊ ပူစနက်ကျင်း၊ ဦးပိုင်အမှတ်(၆/စ)၊ (အလျား ၂၈'-၀"x အနံ ၃၈'-၀")ဦးတင့်ဆွေ အမည်ပေါက် ဝိုင်းမြေပေါ်တွင် ဦးခင်မောင်လတ် (ကွယ်)+ဒေါ်မာမာအေး ၉/မခန(နိုင်)၁၄၁၃၉၆)ကိုင်ဆောင်သူမှ(အလျား ၆၆'-၀")အရှည် အုတ်ဝင်းခြံကာရံခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအုတ်ဝင်းခြံကာရံခွင့်လျှောက်ထား ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက် အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာ အပ်ပါသည်။ **မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ကိုင်း(၁)အ.ထ.က သတ္တမတန်းတွင် ပညာ သင်ကြားနေသော ကျောင်းဝင်အမှတ်-၂၉၇ မတင်ဇာဝင်းကျော်၏အမည်မှန်မှာ မသဥ္ဇာ ဝင်းကျော်ဖြစ်ပါကြောင်း။ **မသဥ္ဇာဝင်းကျော်**

### ပျောက်ဆုံးကြောင်း

အေးအေးခိုင်(ဘ)ဦးကျင်စိန် ၇/ဝမန(နိုင်) ၁၀၄၈၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

စုပပလှိုင်(ဘ)ဦးမြင့်လှိုင် ၇/ကတခ(နိုင်) ၂၂၄၅၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

ကျောက်မဲမြို့၊ အမှတ်(၁)ရပ်ကွက် နေ လှမြင့်(ဘ)ဦးစိုးလွင် ၁၃/နဆန (နိုင်)၀၇၉၅၉၅ ကိုင်ဆောင်သူ၏ နိုင်ငံ ကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၆၆၂၃၉၀၃

### ပျောက်ဆုံးကြောင်း

ကွတ်ခိုင်မြို့၊ ရပ်ကွက်(၆)နေ မဆိုက် ဆင်း(ဘ)ဦးဖာလင် ၁၃/ကခန(နိုင်) ၁၁၃၄၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ် (MB 792970)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၂၇၉၀၈၁၆

### ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ လွယ်မွေအုပ်စု၊ ဟိုပူ(ထက်) ကျေးရွာနေ မောင်အားရီ၏ဖခင်အမည်မှန်မှာ ဦးအိုက်သိန်းဖြစ်ပါကြောင်း။

**ဦးအိုက်သိန်း**

# အလိမ္မာစာမှာရှိ

### ပျောက်ဆုံးကြောင်း

ရွှေကျင်မြို့၊ ပန်းဘဲတန်းရပ်ကွက်နေ ဒေါ်လှငွေ(ဘ)ဦးညိမ်းမောင် ၇/ညလပ (နိုင်)၀၀၇၈၅၅ ကိုင်ဆောင်သူ၏ နိုင်ငံ ကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၀၆၇၉၇၁

### ပျောက်ဆုံးကြောင်း

မြဝတီမြို့၊ ရပ်ကွက်(၄)၊ မြန်မာနန်းနေ ဇင်မာဝင်း(ခ)ဟာစီနာ(ဘ)ဦးလှဝင်း ၃/ မဝတ(နိုင်)၀၂၅၈၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၄၂၄၂၈၇၁

### ပျောက်ဆုံးကြောင်း

လမ်းမတော်မြို့နယ်၊ (၁၃)လမ်း၊ (၆)ရပ်ကွက်၊ (၁၁၆)နေ အောင်စိုး (ဘ)ဦးချိန်ဟွန်း ၁၂/လမတ(နိုင်) ၀၁၈၈၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

ဖြူးမြို့နေ ကျန်ဒရာကူမာရ်(ဘ) ဦးဆာသ် နာရိုင်း ၇/ဖမန(ပြု) ၀၀၃၆၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ရောဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့၊ ဒေါင့်ကြီးအုပ်စု၊ လမ္ဘတော်နေ မသွယ်သွယ် လင်း(ဘ)ဦးအောင်ထူး ၁၄/ဇလန(နိုင်) ၂၀၃၅၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၈၇၁၉၂၇၁

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၉)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းအရှေ့ဘက်ခြမ်း(အလျား ၃၀'-၀"x အနံ ၄၀'-၀") ရှိ အရှေ့လားသော် ဒေါ်ဖြူဖြူစန်း ဝိုင်းမြေ၊ အနောက်လားသော် ဦးပြေကျော် ဝိုင်းမြေ၊ မြောက်လားသော် ဒေါ်အမာရီ ဝိုင်းမြေ၊ တောင်လားသော် လမ်း၊ ၎င်းလေးရပ်အတွင်းရှိ ဝိုင်းမြေ ပေါ်တွင် ဒေါ်ငွေနွယ်(၉/မခန(နိုင်)၀၇၆၉၇၀)ကိုင်ဆောင်သူမှ(အလျား ၂၇'-၀"x အနံ ၃၀'-၀") RC(၁)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက် အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင် လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၂၂)၊ ပူစနက်ကျင်း၊ ဦးပိုင်အမှတ်(၂၁၄)၊ (အလျား ၃၁'-၆"x အနံ ၂၅'-၀")ဦးလှပွား၊ ဦးမာ အမည်ပေါက် ဝိုင်းမြေပေါ်တွင် ဦးမာ(သမီး) ဒေါ်ဝေဝေမာ ၉/မခန(နိုင်)၂၄၂၈၀၈)ကိုင်ဆောင်သူမှ(အလျား ၃၁'-၆")အရှည် အုတ်ဝင်းခြံနှင့် (အလျား ၃၀'-၀"x အနံ ၁၀'-၀")Iron Frame (၁)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအုတ်ဝင်းခြံနှင့်အဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထား ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက် အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာ အပ်ပါသည်။ **မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

Smart P ®
GENTLEMEN FASHION





Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin

AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services




LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

Myanmar Mobile Money(MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။



ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ငွေလွှဲခြင်း၊
Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊
Internet Bill ပေးဆောင်ခြင်း၊ E-Top up Bill ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာများ ပေးဆောင်ခြင်း၊
ပြည်ပ ငွေလွှဲ (ထိုင်း)၊ ဈေးဝယ်ခြင်း၊ အောင်ဘာလေ အွန်လိုင်းထီထိုးခြင်း
အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

❖ သစ်ပင်စိုက်ပျိုးခြင်း၏အကျိုးကျေးဇူးများကို လက်ငင်းခံစား၍မရနိုင်သော်လည်း နောင် ၇ နှစ်၊ ၈ နှစ်ခန့်တွင် ခံစားရမည်ဖြစ် . . .

❖ မိမိတို့အနေဖြင့်လည်း ယခင်က စိုက်ပျိုးထိန်းသိမ်းခဲ့မှုများကြောင့် သစ်ကြီးဝါးကြီးများ၏ အရိပ်အာဝါသကို ခံစားရခြင်းဖြစ် . . .

❖ မိမိတို့၏ လာမည့်သားစဉ်မြေးဆက်ကိုလည်း ထိုသို့ခံစားရစေလိုသည့်စိတ်ဖြင့် ဆောင်ရွက်သွားကြရန်လို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် အပူပိုင်းဒေသ(၁၃)ခရိုင်အတွင်း ၂၀၂၅ ခုနှစ်၊ မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် မိတ္ထီလာခရိုင်၊ လိန်တောကြိုးပြင်ကာကွယ်တောနေရာ၌ ပြုလုပ်သော သစ်ပင်စိုက်ပျိုးပွဲတော်တွင် ပြောကြားသောအမှာစကားမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့်မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ မအူပင်မြို့နယ်၊ လေးအိမ်စုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်

စာ - ၁၁ သို့



## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဟိုင်းကြီးကျွန်းမြို့နှင့်အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

စာ - ၁၅ သို့



ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုလျက်ရှိသည့် ကွန်ပျူတာများအား သိမ်းဆည်းရမိမှုကိုတွေ့ရစဉ်။

## Online လိမ်လည်လောင်းကစားမှုများနှင့်ဒုစရိုက်မှုများကျူးလွန်နေသည့် KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့အတွင်း အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် ဆက်လက်ရှင်းလင်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ Online လိမ်လည်လောင်းကစားမှုများကို တိုက်ဖျက်လျက်ရှိရာတွင် မုလအိအလင်းကုမ္ပဏီနှင့် Tran-Asia

စာမျက်နှာ ၂၇ ကော်လံ ၁ ◆

## ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၉

၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၂၀ ရက် **(ယနေ့)** နံနက် ၉ နာရီ ၃၀ မိနစ်တွင်နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၁ (MICC - 1) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယင်းနေ့ နံနက် ၉ နာရီ ၂၀ မိနစ်မှ စတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV Entertainment Channel၊ MWD HD၊ MWD Variety HD Channel၊ Readers Channel၊ Channel 9 နှင့် Up to Date Channel၊ မြန်မာ့အသံရေဒီယို၊ သဇင် FM၊ ပတ္တမြား FM၊ ချယ်ရီ FM၊ FM ပုဂံ၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ Star FM၊ MOI Website၊ MOI Youtube၊ MRTV App အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက် (LIVE) ရိုက်ကူးထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ မြဝတီ

## "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ခြင်းမှအစတည် "ရွှေ၊ ဖွံ့၊ သာ စေမည် တို့တိုင်းပြည်"

စာ - ၁၃ သို့

## မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ၏ ပြည်သူများသို့စည်းရုံးဟောပြောချက်များပါရှိ

နေပြည်တော် နိုဝင်ဘာ ၁၉

မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ၏ ပြည်သူများသို့စည်းရုံးဟောပြောချက်များကို ယနေ့ထုတ်မြဝတီသတင်းစာ စာမျက်နှာ(၂၃)တွင် ဖော်ပြပါရှိပါသည်။ မြဝတီ

